မကွေးမြို့ ဇာတိ

ပဝတ္တိ မြောင်၊ မြမြို့နယ်

ကကြက်ရွာကျောင်း၊ တွင်သီတင်း၊ သုံးနေထိုင်ပါသော

ဆဋ္ဌသံဂါယနာတင် ပါဠိဝိသောဓကအဖွဲ့ အကျိုးတော်ဆောင်

သီဟိုဠ်ပြန် ဒေလီကိတ်

အသျှင် ဦးကုဏ္ဍလ-ဆရာတော်

စီစဉ်ရေးသားတုတ်ဝေ အပ်သော

လင်္ကာဒီပ-မဇ္ဈိမ

# နတ်လမ်းညွှန်ကျမ်း

•

“ဓေတိ” စာပုံနှိပ်လုပ်ငန်း

အမှတ်-၉၁၊ ကွမ်းခြံတန်း၊ ကြည့်မြင်တိုင်။

• •

၃၂၆-၃။ တန်ဆောင်မုန်းလ။

၁၀၄၃၉

မကွေးမြို့ ဇာတိ

ပဝတ္တိ မြောင်း၊ မြမြို့နယ်

ဏာဝက်ရွာကျောင်း၊ တွင်သီတင်း၊ သုံးနေထိုင်ပါသော

ဆဋ္ဌသံဂါယနာတင်ပါဠိပိဋကအဖွဲ့ အကျိုးတော်ဆောင်

သီဟိုဠ်ပြန် ဒေလီကိတ်

အသျှင် ဦးကုဏ္ဍလ-ဆရာတော်

စီစဉ်ရေးသားထုတ်ဝေ အပ်သော

လင်္ကာဒီပ-မဟိမ

# နတ်လမ်းညွှန်ကျမ်း

•

( အုပ်ရေ-၁၀၀၀ )

ဒုတိယနှိပ်ခြင်း

၁၃၂၆-ခု။ • တန်ဆောင်မုန်းလ။




သီဟိုဠ်ကျွန်း-ကိုလံဘိုမြို့တော်၊

ကမ္ဘာလုံးဆိုင်ရာ

၂၉-နိုင်ငံ ကမ္ဘာဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီး၏

ကိုယ်စားလှယ်တော်

**အသျှင် ဦးကုဏ္ဍလ ဆရာတော်ဘုရား**

# မာတိကာ

## ၁

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကျမ်း၏ နိဒါန်း | ၁ |
| ၂ | ဥယျောဇဉ် | ၄ |
| ၃ | ကျမ်း၏ပဏာမ ဗုဒ္ဓဝန္ဒနာ | ၇ |
| ၄ | လက်ာဒီပနှင့် မဇ္ဈိမအကြောင်း | ၁၁ |
| ၅ | သီဟိုဠ်-အိန္ဒိယ-မဇ္ဈိမသွားခြင်းအကြောင်း | ၁၃ |
| ၆ | ကလကတ္တားမှ မဒရပ်သွားခရီးစဉ် | ၂၁ |
| ၇ | မဒရပ်မှ သီဟိုဠ်-ကိုလံဘိုမြို့သွားခရီးစဉ် | ၂၇ |
| ၈ | ဗုဒ္ဓဘာသာကွန်ဖရင့်ကြီး စသည့်အကြောင်း | ၃၀ |
| ၉ | သီဟိုဠ်ကျွန်း အနုရာဓမြို့၏အကြောင်း | ၃၈ |
| ၁၀ | ရှင်မဟိန္ဒမထေရ် သာသနာပြုခြင်းအကြောင်း | ၄၀ |
| ၁၁ | ဒက္ခိဏာသာခါ မဟာမေဃာဝိပင်အကြောင်း | ၄၁ |
| ၁၂ | ရူဃဝရမနိစေတီအကြောင်း | ၄၃ |
| ၁၃ | မရိစ္စဝဋ္ဋိစေတီတော်အကြောင်း | ၄၄ |
| ၁၄ | ထူပါရုံစေတီတော်အကြောင်း | ၄၄ |
| ၁၅ | အဘယဂိရိစေတီအကြောင်း | ၄၆ |
| ၁၆ | ဇေတဝနစေတီအကြောင်း | ၄၈ |
| ၁၇ | မဟိန္ဒလှေခေါ် မိဿကာခတောင်အကြောင်း | ၄၉ |
| ၁၈ | ပုလတ္ထိနဂရမြို့အကြောင်း | ၅၃ |
| ၁၉ | ဆီးဂီးရီးခေါ် သီဟပဗ္ဗတတောင်အကြောင်း | ၅၅ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀ | ဒမ္မျုလလိုဏ်ဂူ အကြောင်း | ၅၆ |
| ၂၁ | မာတလေ့ခေါ် အာလောကလိုဏ်ဂူအကြောင်း | ၅၈ |
| ၂၂ | သီဟိုဠ်စွယ်တော်အကြောင်းကိုပြဆိုသော သံချိကဗျာ | ၆၄ |
| ၂၃ | ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီး အသက်ပြန်ဝင်လာခြင်း | ၆၈ |
| ၂၄ | အိန္ဒိယပြည် မဒရပ် ကလကတ္တားအကြောင်း | ၇၉ |
| ၂၅ | ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်ခြင်းအကြောင်း | ၈၃ |
| ၂၆ | မဂဓတိုင်းခေါ် ရာဇဂြိုဟ်ပြည်အကြောင်း | ၉၀ |
| ၂၇ | ဂိဇ္ဈကုဋ်တောင်အကြောင်း | ၉၃ |
| ၂၈ | ပဋနားခေါ် ပါဋလိပုတ်ပြည်အကြောင်း | ၉၈ |
| ၂၉ | ဗာရာဏသီနှင့် မိဂဒါဝုန်အကြောင်း | ၉၉ |
| ၃၀ | သက္ကတိုင်း ကပိလဝတ်ပြည်အကြောင်း | ၁၁၀ |
| ၃၁ | ကျမ်း၏ နိဂုံး | ၁၃၁ |

# နိဒါနကထာ

❁

## ဝီရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ

(မယုတ်-မလျော့၊ မပေါ့-မပျဉ်း၊ လွန်ထန်ပြင်းသား၊ မပျင်းမရိ၊တတိတိလျှင်၊လုလ္လဝီရိယ၊ဇွဲဥဿာဟနှင့်၊မထ-မသွား၊လွန်ဝင်စား၍၊ မမှားညာဏ်ဆောင်၊ အလင်းရောင်ကို၊ အမှောင်ပယ်ရှား၊ လွန်ကြိုးစားလျက်၊ ဖွေစုရှာဆောင်း၊ခြွန်ယ်လောင်းသား၊ ပျားကောင်အသွင်၊တောင်ပို့ပြင်သို့) ဟူသည့်အလား ပုံစကားသို့၊ ဦးကုဏ္ဍလသည် ၁၃၁၂-ခုနှစ် နယုန်လဆန်း (၁၀)ရက်နေ့၊(မေလ ၂၆-ရက်နေ့)ကစပြီး ကမ္ဘာလုံးဆိုင်ရာ နိုင်ငံပေါင်း ၂၉-နိုင်ငံမှ၊ လူမျိုးပေါင်းစုံ ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးကို ကမ္ဘာ့ရာဇဝင်မှာ မကြုံဘူးအောင် ထူးကဲ လှစွာသော အနှစ်တရာကျော်ကာလမှ တခါမျှသာပေါ်ပေါက်ဖြစ်ထွန်းလာသည့် သီဟိုဠ်ကျွန်း ကိုလံဘိုမြို့တော်ကြီးမှာ ဖွဲ့စည်း တည်ထောင်အပ်သော ဗုဒ္ဓဘာသာအဖွဲ့အစည်းကြီး၏ ဦးစီးခေါင်းဆောင်ဖြစ်ပါသော ဒေါက်တာ-မလဆေကရ၊ ဒေါက်တာ-ဖွန်ဆေက တို့၏ ပင့်ဘိတ်လျှောက်ထားချက်အရ၊မြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ မဟာသံဃအဖွဲ့ချုပ်ကြီး၏သံဃကိုယ်စားလည်တော်စေလွှတ်ရေးအတွက် ရွေးချယ်စီစစ်၍ ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးသို့ သံဃာငါးပါး ကိုယ်စားလည်တော်အဖြစ်ရွေးချယ်ပြီးစေလွှတ်လိုက်သည့်အနက်၊ ငါးပါးတို့တွင် မြောင်းမြမြို့နယ် ကဝက်ကျောင်း၌ သီတင်းသုံး မွေ့လျော် စံပျော်တော် မူ ပါသော အသျှင်-ဦးကုဏ္ဍလအား သီဟိုဠ်ကျွန်းနှင့် အိန္ဒိယပြည် ဘုရားပွင့်ရာ မဇ္ဈိမဒေသသွား ခရီးစဉ်မှတ်တမ်းကို ပြည်သူလူထုကြီး

အကျိုး၄ ရေးသားပါရန် မေတ္တာစေတနာရှေထား၍ သံဃာ ကိုယ်စားလည်တော်လေးပါးလုံးကပင်လျှင် တာဝန်ပေးကြပါ သဖြင့်၊ ထိုဆရာတော်များ၏ အမိန့်ဩဇာအာဏာကို မလွန် ဆန်ဝံ့ပါ၍၊ ကြီးလေးသောတာဝန် မပေါ့သောအလုပ်ကြီးတခု သာမန် ဦးဏျောက်မျိုးဖြင့် လုပ်ကိုင်နိုင်ရန် ခက်ခဲဝန်လေးပါ သော်လည်း၊ ကျရောက်သည့်တာဝန် ပေးအပ်သည့် အလုပ် ကိစ္စကြီး များကို မညည်းမညူ မပင်မပန်း မိမိဉာဏ်စွမ်း အ လျောက် နှလုံးရည်ကိုသုံးစွဲပြီး စာချွန် ဝင်စားလျက်၊ လုလ္လ- ဝိရိယ ဇွဲသတ္တိရှေ့ဆောင်၍ မြန်ပြည်ဘောင်တလွှားမှာ ရာဇဝင် ထင်ရှားအောင် တကယ်ပင်ရှာမှရှားလောက်သည့် (**လက်ာဒီပ နှင့် မဇ္ဈိမ နတ်လမ်းညွှန်ကျမ်း**) ကို ဘုရားဟော ကျမ်းဂန် အတန်တန်တို့မှငင်း၊ အဋ္ဌကထာ-ဋီကာကျမ်းများနှင့် မှတ်တမ်း၊ ရာဇဝင်၊ မဟာဝင်၊ ဗုဒ္ဓဝင်၊ သာသနာဝင် ကျမ်းဂန်တို့ကိုငင်း၊ ကျောက်စာမင်းကြီး (ကနိန်ဂဟမ်) နှင့်တကွ နှစ်ပေါင်း ၃၅-နှစ် တိုင်တိုင် ခရီး လှည့်တော် မူခဲ့သော တရုပ် ဘုန်းကြီး (ဖါဟီ ယန်) ယွံ့ချောင်း ဟီယန်ဆိုင်မှတ်တမ်း စာအုပ်စာတမ်း များကို ဟိန္ဒူစာပေ ဆင်ဟာလီခေါ် သီဟိုဠ်စာပေလောကကြီးတခုလုံးကို ဖွေရှာဆည်းပူး အထူးထူးသော ပညာ၊ အဖြာဖြာသော ဒေ သန္တရများ၊ အသွယ်သွယ်သောဘာသန္တရ၊ ဂန္ထန္တရကျမ်းဂန် တို့မှ မွှေနှောက်ဆည်းပူး လေ့လာကျင့်သုံးခဲ့ပြီးလျှင်၊ ဦးကုဏ္ဍာသ သည် မြောက်ကျွန်းမှပဒေသာပင်ကို တောင်ကျွန်းသို့ ယူဆောင် စိုက်ပျိုးထားသည့်အလား၊ သီဟိုဠ်ကျွန်းတခုလုံးနှင့် အိန္ဒိယပြည် မဇ္ဈိမဒေသဘုရားပွင့်ရာဌာနက ဗုဒ္ဓအမွေအနှစ် အစစ်ဖြစ်သော အကြောင်းအတ္ထုပ္ပတ္တိများကို ဆောင်ယူ ရေးသား ဖွင့်ပြကာ၊ မြန်မာပြည်သူ-ပြည်သား၊ လူ ရှင်အများအား ဗုဒ္ဓမျိုးစေ့ကို ကြဲ

ချစိုက်ပျိုး ရှာသွန်း ဖြိုးလိုက်သည့် ပမာ၊ ဗဟုသုတ ဟင်းလေး အိုးကြီးအလား ပြည်သူလူထု မျက်မှန်ကြီးသဘွယ် လည်ဝယ် ဆွဲသုံးသည့် ပုလဲကုံးအသွင် တန်ဆာ ဆင်ယင် ကြပါစေတော့ ဟူ၍ မနောပုဗ္ဗင်္ဂမဖြင့် ဇောအစဉ်ကြွလျက် ကရုဏာ မေတ္တာ စိတ်ဓာတ်ထား၍ ဤ **''လက်ဘဒိပန္နင့်မဇ္ဈိမဒေသနတ်လမ်းညွှန် ကျမ်း''** ကို ထုတ်ဝေရခြင်း၏ အဓိကရည်ရွယ်ချက်အကြောင်း စေတနာအပေါင်းတို့တွင် အပြင်းထန်ဆုံး၊ အလွန်ကဲဆုံး။ တကဲ့ စေတနာ၊ တကဲ့မေတ္တာစိတ်ဓာတ်တခုပင်လျှင်ဖြစ်ပေသတည်း။

ပြီး၏။

# ဥယျောဇဉ်

●

# ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလွှတ်ခြင်းအကြောင်း

**ဥယျောဇဉ်။** တတိယ သင်္ဂါယနာ တင်ကြပြီးလျှင် သာသနာအရေး စိတ်မအေးလှသော အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည်၊ အရပ်ရပ်သို့ သာသနာတော်မြတ် ထွန်းကား စည်ပင် ပြန့်ပွား အကျိုးများ စေခြင်းငှါ မထေရ်မြတ်တို့ကို ငါးပါးစီ-ငါးပါးစီဂိုဏ်းဖွဲ့၍ ကိုးတိုင်း-ကိုးဌာနကို သာသနာပြုစေလွှတ်တော်မူလေ၏။ မဇ္ဈန္တိက မထေရ်မြတ်နှင့်တကွ နောက်ပါသံဃာများသည် ကသ္မီရ ဂန္ဓာရတိုင်းသို့ကြွသွားတော်မူ၍ (အာသိဝိသောပမ) သုတ်ဖြင့် သာသနာတော်ကို အားထုတ်ပြုစုတော်မူ၏။ မဟာရေဝတ အမှူးရှိသော ငါးဦးသောမထေရ်တို့သည် မဟိံသက တိုင်းသို့ ကြွတော်မူ၍ (ဒေဝဒူတ) သုတ်တရားဖြင့် သာသနာတော်ကို ရှည်မျှောစွာ ကည့်တော်မူကြ လေသည်။ ရက္ခိတ မထေရ်သည် နောက်ပါ မထေရ်ငါးပါးနှင့်တကွကြွတော်မူ၍ နဝဝါသီတိုင်း၌ (အနမတဂ္ဂ) သုတ်တရားဒေသနာကို သတ္တဝါအပေါင်းတို့အား ဟောချတော်မူ၏။ ယောနကဓမ္မရက္ခိတမထေရ်သည် ငါးပါးသော သံဃာတော်နှင့်တကွ အပရန္တတိုင်းသို့ ကြွတော်မူ၍ (အဂ္ဂိက္ခန္ဓောပမ)သုတ်ဖြင့် သာသနာတော်ကို နေအသွင်-လအသွင်ဖြင့် ထင်ရှားစေသည်။ မဟာဓမ္မရက္ခိတမထေရ်ခေါင်းဆောင်၍ နောက်ပါ သံဃာတော်များနှင့် ငါးပါးစီကြွ၍ မဟာရဋ္ဌတိုင်း၌(မဟာနာရဒကဿပ)ဇာတ်တော်ဖြင့် သာသနာတော်ကို စည်ပင်ပြန့်ပွား အကျိုးများစေသည်။ မဟာရက္ခိတမထေရ်သည် နောက်ပါ သံဃာတော် ငါးပါးနှင့်တကွ ယောနကတိုင်းသို့ ကြွသွားပြီး

(ကာလကာရာမ)သုတ်ဒေသနာဖြင့် မြတ်စွာဘုရား သာသနာ တောင်ကိုကြီးပွားစေသည်။ မဇ္ဈိမမထေရ် အမှူးရှိသော သံဃာ ငါးပါးဖြင့်ဟိမဝန္တာသို့ကြွချီတော်မူကာ (ဓမ္မစကြာ)တရားကို ဟောတော်မူ၍ သာသနာတော်ကို အထွဋ်အထိပ်သို့ ရောက်စေ သည်။အရှင်မဟိန္ဒမထေရ်ခေါင်းဆောင်၍သံဃာတော် ၅-ပါး၊ သုမနသာမဏေ၊ ပဏ္ဍုကဥပါသကာ ၇-ဦးတို့သည် သီဟိုဠ်ကျွန်း မိဿကတောင်ယခုအခေါ် မဟိန္ဒလေ့တောင်သို့ကြွသွားတော် မူ၍ ဒေဝါနံပိယတိဿမင်းကြီးအား (စူဠဟတ္ထိပဒေါပမ) သုတ် ဒေသနာဖြင့် သာသနာတော်ကြီး ထွန်းလင်းတောက်ပစေသည်။ ကြီးသောတန်ခိုးရှိသော သောဏမထေရ်၊ဥတ္တရမထေရ်တို့သည် အဖော်ရဟန်းများနှင့်တကွကြွတော်မူရာတွင် သုဝဏ္ဏဘုမ္မိ မည် သော သထုံပြည်၌မင်းအိမ်မှာဖွားသောသားသူငယ်ကို သမုဒ္ဒရာ ၌နေသော ရေစောင့်ဘီလူးမသည် လူ၏အသွင်ဖြင့် ဘန်ဆင်း၍ တက်လာပြီးလျှင် မင်းအိမ်သို့ဝင်ပြီး ဖွားတိုင်း-ဖွားတိုင်းသော သူငယ်ကိုစား၍နေလေသည်။ ထိုအရှင်တို့ကြွရောက်သောအခါ မင်းအိမ်၌သူငယ်ဖွား၍ မင်းချင်းယောကျ်ားတို့သည် ဒါး, လှံ, လေး-မြား လက်နက်များ စွဲကိုင်လျက် မြို့ကိုလှည့်ပတ်နေစဉ် အရှင်သောဏမထေရ်၊ ဥတ္တရမထေရ်တို့ကို မြင်လျှင် ရေစောင့် ဘီလူးမထင်မှတ်၍ ထိုအရှင်တို့ကိုသတ်ခြင်းငှါ ဝန်းရံလာကုန် ၏။ အခြင်းအရာကိုမေး၍ သောဏထေရ်၊ ဥတ္တရထေရ်တို့က ငါတို့ကား ဘီလူးမ မဟုတ်ကုန်၊ သီလ-သမာဓိနှင့် ပြည့်စုံသော ရဟန်းသံဃာမြတ်တို့ပင်တည်း၊ငါတို့ကား သူတပါး၏ အသက် ကိုညှဉ်းဆဲခြင်း မကောင်းမှုကိုရှောင်ကြဉ်ကုန်သည်၊ဤသို့ ဟော ပြော၍နေစဉ် ဘီလူးမသည် အခြံအရံနှင့်တကွရေမှတက်လာပြီး လူကိုမြင်လေလျှင် အုတ်အုတ်ကျက်ကျက်ကြွေးကြော်၍ပြေးလာ

ကြကုန်၏။ ထိုအခါမထေရ်မြတ်တို့ကလည်း ဘီလူးမထက်နှစ်ဆကြီးသော ကိုယ်ကိုရင်း၊ ကြောက်မက်ဘွယ်ကိုရင်း ဖန်ဆင်း၍ ဘီလူးမ၏ ပရိသတ်ထက်များအောင် ပရိသတ်များကို ခြံရံလေသည်။ ဘီလူးတို့သည် ငါတို့ထက် တန်ခိုးကြီးသော ဘီလူးတို့သည် ဤအရပ်သို့ရောက်လေပြီဟူ၍ ထွက်ပြေးလေကုန်၏။ မြို့သူ-မြို့သား လူအများတို့သည် ဤအရှင်မြတ်တို့ တန်ခိုးကြီးသည်ကိုမြင်၍ ရွှင်လန်းဝမ်းမြောက်စွာ အပါးသို့ကပ်၍ ဝန်းရံပတ်ခါနေကုန်၏။ အရှင်မြတ်တို့သည် စည်းဝေး လာရောက်သမျှသော ပရိသတ်တို့အား (သုဝဏ္ဏဘူမိံ ဂန္တွာန သောဏုတ္တရာ မဟိဒ္ဓိကာ ပိသာစေ နိဒ္ဓမိတွာန ဗြဟ္မဇာလ-မဒေသယုံ) အစ ဖြာသော ဒေသနာတော်မြတ်ကိုရင်း၊ "သုတ္တေသု ဗြဟ္မဇာလံ ဗြဟ္မဇာလဿာပိ ဧဝံ မေသုတန္တိ အာဒိကံ အာယသ္မတာအာနန္ဒေန ပဌမ မဟာသင်္ဂီတိကာလေ ဝုတ္တံ နိဒါနမာဒိ" အစရှိသော သီလက္ခန် အဋ္ဌကထာပါဠိအလာရှိသည့်ဒေသနာတော်ကိုဟောတော်မူသည်အဆုံး၌ သရဏဂုံ သီလတည်၍ ခြောက်သောင်းသော သတ္တဝါတို့သည် မဂ္ဂါဘိသမယကို ရကြ လေကုန်၏။ လေးသောင်း ငါးထောင် ကုန်သော ယောကျ်ား၊ တသောင်း နှစ်ထောင်သောမိန်းမတို့သည် ရဟန်းပြုကြလေကုန်သည်။ ထိုအချိန်မှစ၍ မင်းအိမ်၌ဖွားမြင်သောသူငယ်တို့ကို သောဏုတ္တရ သတို့သားဟူသောအမည်ကိုမှည့်ကုန်၏။ သုဝဏ္ဏဘုမ္မိ သထုံပြည်ကြီးသည်လည်း ဘီလူးရန် အေးပြီး မြို့သူ-မြို့သား များမှာ ရောဂါဘေးဒဏ် အန္တရာယ်များ ကင်းရှင်း၍ ယခုထက်တိုင် မြန်မာပြည် သုဝဏ္ဏဘုမ္မိသထုံမြို့ဟု ထင်ပေါ်ကျော်စောလျက်ရှိလေသည်။ ဤကား ကိုးတိုင်း-ကိုးဌာနသို့ သာသနာအရေးကိစ္စအတွက် ခရီးထွက်ခြင်းအကြောင်းပင်တည်း။

# ပဏာမ

●

## ချမ်းဦးပဏာမ-ထောပနာ-အာသီသ
## သံကိလ္လာ-ဝိပုလာဂါထာ

**ဦး** ..........မာပိတံ-ပါရမီဟိ၊
**ကု** ..........လ္လုလံ·မဏိရတနံ။
**လ္လာ** ..........ဗိတ္ထာရိံ-ပိဋ္ဌန္ဒသ၊
**လ** ..........ဟုံ သိဋ္ဌာန္တ မင်္ဂလံ။ ။

ဦး၊ အောင်ရာအောင်ကြောင်း၊ အောင်ဆုကောင်းနှင့်၊ အောင်ပေါင်းမင်္ဂလာ၊ အဖြာဖြာကို၊ ကြည်သာရှင်ဖြိုး၊ တိုးကြီးတိုး၍၊ ကောင်းကျိုးကြီးမြင့်၊ အပြီးတင့်အောင်၊ ချီးမြှင့်တော်မူနိုင်ပေထသော မြတ်စွာဘုရား။ တံ၊ လူမနိုင်းအပ်၊ နတ်မယှဉ်သာ၊ ဗြဟ္မာတုမရှိ၊ ကေုဋ္ဌမှို၊ အတုလသခင်၊ ရှင်ပင်ထွန်းထား၊ မြတ်ဘုရားသည်။ ပါရမီဟိ၊ လေးသင်္ချေ ကိန်း၊ ကပ် တသိန်းက၊ စောင့်ထိန်းဖြည့်ကျင့်၊ ရင့်ထက်ရင့်သည်၊ သင့်အပ်ဖွယ်ရာ၊ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ငါးသွယ်နှင့်၊ သုံးသွယ်စရိယ၊ မုဒ္ဒဖြစ်ကြောင်း၊ အကျင့်ကောင်းတည်းဟူသော ပါရမီတော်တို့ဖြင့်။ ကုလ္လာလံ-မဏိရတနံ၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ သာသနာဟု၊ ဋ္ဌဂ္ဂါသယ၊ လိုတိုင်းရသည့်၊ ကမ္ဘာ့ တန်ဆာ၊ ပန်ဆင်ရာသား၊ ပတ္တမြားနားချောင်း၊ ရောင် မောင်း ဝေဖြာ၊ ရတနာသုံး၊ အမြတ်ဆုံးကို။ မာပိတံ၊ ဗိုလ်ခြေအများ၊ သောင်းတိုက်သားတို့၊ ကောင်းစားဘို့ရာ၊ ကရုဏာဖြင့်၊ ရှုကာကြည်ဖြိုး၊ အရှည်တိုးအောင်၊ သည်ပိုးကျင့်ဆောင်၊ ဘုန်းတော်ရောင်ဖြင့်၊

တည်ဆောင် ဘန်ဆင်းအပ်လေပြီ။ ကုဏ္ဍလံ-မဏိရတနံ၊ ကိုယ်တော်အမြတ်၊ ဘန်ဆင်းအပ်သည့်၊ ရောင်လျှပ်ဝေဖြာ၊ ပဒေသာသို့၊ တေဇာတိုးပွား၊ တန်ခိုးထွားတို့၊ ကိုးစားသိုက်စွာ၊ ဂုဏ်ပေါင်း သာသည့်၊ ရတနာ သုံးပါး၊ ပတ္တမြား နားဒေါင်း၊ အဆောင်ကောင်းကို။ ပိဋ္ဌန္တသာ၊ ပုံပေါ်အသွင်၊ ဂုဏ်တော်ထင်ရှားအောင်၊ မြော်မြင်ကြည်ညို၊ သဒ္ဒါပိုလျက်၊ ရိုသေကြည်နူး၊ စိတ်ရည်စူးကာ၊ အထူးပန်ဆင်၍နေသော၊ မေး သီဟဠ၊ မဇ္ဈိမနှင့်၊ ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်ပြည်၊ ဗာရာဏသီဟု၊ သညီတင့်ဆန်း၊ သာဝတ္ထိ ကျောင်းတော်နန်းသို့၊ ထူးဆန်းထွေရာ၊ ကုသိန္နာရုံ၊ အင်ကြွင်းစုံတော၊ ဓမ္မစက်ဟောသည့်၊ ရှင်တော်မြတ်စွာ၊ ပွင့်ထွန်းရာကို၊ လှည့်ကာရစ်ဖူး၊ ကြာင်ဦးနှင့်၊ တပ်ဒူးဝပ်ခါ၊ ရှိခိုးပါသော၊ ကုဏ္ဍလမှည့်ခေါ်၊ တပည့်တော်အား။ အရိ၊ ဘေးဒဏ်ရန်စွယ်၊ အန္တရာယ်ဆိုး၊ ဒုက္ခမျိုးဟု၊ အကျိုးပျက်စီး၊ အခက်ကြီးအောင်၊ ဖျက်ဆီးတတ်ငြား၊ ရန်ဆူး-ရန်ညှောင့် အများကို၊ ခုဗိတ္တွာ၊ ပြောင်ပြောင်စင်စင်၊ အရောင်လွှင်တို့၊ အောင်မြင်ကြီးမြင့်၊ အောင်လံဝင့်နိုင်သည်ဖြစ်၍၊ မင်္ဂလာ၊ ကုသိုလ်ပွားရာ၊ ချမ်းသာပွားကြောင်း၊ အောင်ပေါင်းမင်္ဂလာ အဖြာဖြာ တို့သည်။ လဟုံ၊ မငြိုမငြင်၊ မပင်မပန်း၊ အေးချမ်းကြည်သာ လျင်မြန်စွာ။ သိဇ္ဈန္တု၊ ဆုတ်ဆိုင်းမဖင့်၊ လုပ်တိုင်းသင့်၍၊ မြင့်မြတ်မှီထွေ၊ ကြီးအခြေနှင့်၊ ပြီးစေ-အောင်မြင်စေကုန်သတည်း။

ကျမ်းဦးပဏာမ ပြီး၏။

# သီဟဠ-ပုဗ္ဗက ဂန္ထာရမ္ဘ ပဏာမ

**တတော အာနိယ ဗုဒ္ဓဿ၊ ပရိဘောဂဥ္စ ပါဒုံမံ။**
**တံ ဥဒ္ဒိဿ မဟံဝန္ဒေ၊ ဝိပ္ပသန္နေန စေတသာ။ ။**

ဗုဒ္ဓဿ၊ သက်တော်ထင်ရှားမြတ်စွာဘုရား၏။ ပရိဘောဂဥ္စ ဗုဒ္ဓညွန့်ဖူး လက်ဦးခူး၍ ပျော်ကျူးစံရာ မဟာပရိဘောဂ စေတီမြတ်အစစ်သည်ဖြစ်တော်မူပေ၏။ တံတေန-ကာရဏေန၊ ထိုသို့ထူးထူး ဂုဏ်ကျေးဇူးတို့နှင့် လွန်ကျူးစွာ ပြည့်စုံတော်မူသော အကြောင်းကြောင့်။ တတော၊ ထိုလင်္ကာဒီပ နာမတင်ရှန်း သီဟိုဠ်ကျွန်းမှ။ အာနိယ၊ကိုးကွယ်ဆိုက်သူ အများလူတို့ ကြည်ဖြူညွတ်ခ ကိုးကွယ်ကြဘို့ ဘာက်ဂါမ မည်နာခဖြင့် ကုဏ္ဍလသမည့်ခေါ် မြတ်ဘုန်းအမော်သည့် ကျိုးမျှော်မြင်၍ ဆောင်ယူခဲ့၍။ ပါဒုံမံ၊ သက်တော်ထင်ရှား မြတ်ဘုရားနှင့် ကစိတ်တဒေသ အားဖြင့်တူအောင် ကိုယ်စားတော်အား ရုပ်ပွားဆင်းတု ကောင်းမွန်စွာ ယူလုပ်အပ်သည်ဖြစ်၍။ ဥဒ္ဒိဿဥ္စ၊ ဥဒ္ဒိဿစေတီတော်မြတ် အဖြစ်ဖြင့်လည်း တည်တော်မူရာပေ၏။ ဣမံကဏ္ဍံ၊ ဤသို့ဖုံဖုံ ကျေးဇူးဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဥက္ကဏသာခ ဘုရားကိုယ်တော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ (ဝါ)ဒေလိက်တ်ခေါ် တပည့်တော်သည့် ရှင်ပေါ်မြတ်ဘုရား-ဝါဒဘာအား ကမ္ဘာပြန့်ပွားရန် ကြိုးစားဖန်လျက် သီဟဠနှယ် မဇ္ဈိမယ်ဘွင် ကိုယ်စားလည့် တပါးစေလွှတ်ပြီး၍ ကြွသွားပြန်လာ သုံးလကြာမျှနေထိုင်လာရပါသော ကုဏ္ဍလမည်ဘွင် ထေရ်အရှင်သည်။ ဝိပ္ပသန္နေန၊ ကိလေသာမြူမှုန် ကင်းစင်ပေးသဖြင့် ချမ်းအေးကြည်လင်လှစွာသော။ စေတသာ၊စေတနာရောင်ဖိတ် သဒ္ဓါစိတ်ဖြင့်။ ဝန္ဒေ၊ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။

ဤဗုဒ္ဓဝန္ဒနာ ပဏာမ ဂါထာတော်သည် ဦးကုဏ္ဍလ သီဟိုဠ်ကျွန်းနှင့် အိန္ဒိယပြည် မဇ္ဈိမဒေသမှ တိုင်းသူပြည်သား-လူထုများ ကိုးကွယ်ပူဇော်ကြစေခြင်းအကျိုးငှါ၊ မေတ္တာအာသီသ-အာဒေသာဂနှလုံးသွင်းရှိသည်ဖြစ်၍၊ မဟာဗောဓိပင် သုံးပင်နှင့် အင်ကြင်းပင်များ၊ သီဟိုဠ်ဗောဓိသား၊ အာနန္ဒာဗောဓိသား၊ ဗုဒ္ဓဂယာဗောဓိသားများကိုလည်း ဥဒ္ဒိဿစေတီအဖြစ်ကိုးကွယ်ပူဇော်ကြစေရန် ပင့်ယူဆောင်၍ မြောင်းမြမြို့နယ် ကဝက်ရွာ လူထုအများ ကိုးကွယ်ကြရန် ဘုရားအလောင်း ဗောဓိသား သင်းဘနက်သား တရာကျော်တို့ကို ထုလုပ်ကိုးကွယ်စေသည်။

အကြောင်းကိုပြဆိုရာ မင်္ဂလာအာသီသ
မေတ္တာပဏာမဂါထာတော်ပြီး၏။

## လင်္ကာဒီပနှင့်မဇ္ဈိမအကြောင်း

တမ္ဗပဏ္ဏိ၊ ဝရဒီပ၊ ဩဇာဒီပ၊ မဏ္ဍာဒီပ၊ နဂ္ဂဒီပ၊ နာဂဒီပ၊ ရက္ခဒီပ၊ လင်္ကာဒီပ၊ သီဟဠဒီပ အမည်များဖြင့် ထင်ရှားခဲ့သည့် ရဟန္တာအရှင်မြတ်တို့စီရင်တော်မူခဲ့သော ဗုဒ္ဓဝင်၊ အနာဂတဝင်၊ ဓာတုဝင်ကျမ်းများ၌ ပြဆိုလေသည်။ လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း၌ ကကုသန် မြတ်စွာဘုရားသခင် လက်ထက်မှာ ဩဇာကျွန်းဟူသော အမည်ဖြင့် ထင်ရှားကျော်စောခဲ့ဘူးလေသည်။ လင်္ကာဒီပခေါ် ဤသီဟိုဠ်ကျွန်းသို့ ဂေါဏာဂုံ မြတ်စွာဘုရား လက်ထက်၌ ဝရဒီပကျွန်းဟူ၍ ထင်ပေါ်ကျော်စောခဲ့လေသည်။ လင်္ကာဒီပခေါ် ဤသီဟိုဠ်ကျွန်းသို့ပါတို့ဂေါတမမြတ်စွာဘုရား သခင် လက်ထက်တော်၌ကား သီဟဠဒီပ အမည်ဖြင့် ထင်ရှား ကျော်စောလာခဲ့လေသည်။ ဂေါတမ မြတ်စွာဘုရားသည် သုံး ကြိမ်တိုင်တိုင် လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်းသို့ကြွရောက်တော်မူ ဘူးလေသည်။ ကဿပ မြတ်စွာဘုရား သီတင်းသုံး ဘူးသော သောမနဿ တန်ဆောင်းနေရာ ဂင်္ဂါမြစ်၏ ယိုမှာဘက်ကမ်းမှ လင်္ကာဒီပကျွန်း၌ရှင်း နေတော်မူခလာ၏၊ မဟာဝင်ကျမ်းအလို တည်း၊ ဟိန္ဒူဘာသာကျမ်းအခေါ်အားဖြင့်လင်္ကာဟူ၍ထင်ပေါ် ကျော်စောလျက်ပင်၊ ယိုသကာခေါ် သီဟိုဠ်ကျွန်းသည် ကြာငုံ သဏ္ဌာန်ရှိ၏။ ယခု အင်္ဂလိပ်အခေါ် (ဆီလုံ)ဟူ၍၎င်း၊ (စီလုံ) ဟူ၍၎င်း အမျိုးမျိုးခေါ်တွင်ကြလေသည်၊

အိန္ဒိယပြည်မဇ္ဈိမဒေသဘုရားပွင့်ရာအကြောင်းနှာ၊ ဇမ္ဗူဒီပါ ကျွန်းတို့တွင် မဇ္ဈိမဒေသသည် ဒေသနံကိုးရာရှိ၏။ ဘိုမဇ္ဈိမဒေသ ၏ နယ်နိမိတ် အပိုင်းအခြားသည် ဝိနည်း မဟာဝါပါဠိတော် ဧကနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာ၌အရှေ့အရပ် ဇင်္ဂလ နိဂုံးရွာ၊ အရှေ့တောင်အရပ်မှာ သလ္လဝတီမြစ်။ တောင်အရပ်၌ သေတ

ကဏ္ဍိက နိဂုံးရွာရှိသည်။ အနောက်အရပ်၌ ထူဏ နိဂုံးရွာရှိသည်။ မြောက်အရပ်၌ ဥသီရဒ္ဓဇတောင်တန်းဖြင့် ပိုင်းခြားအပ်၏။ ယိုင်ပါးရပ်သောနယ်နိမိတ်အတွင်းရှိ မြို့ရွာသည် မဇ္ဈိမဒေသခေါ်တွင်၏။ ထိုမဇ္ဈိမဒေသသည် မုရိုးစည်သဏ္ဍာန်ကဲ့သို့ အလယ်ကြီး၍ အရင်း-အဖျားငယ်၏။ အဝန်းအားဖြင့် ယူဇနာ ကိုးရာရှိသည်။ အနံအားဖြင့် ဤမဇ္ဈိမဒေသသည် ယူဇနာ နှစ်ရာငါးဆယ်ရှိသည်ဟု သုတ်သီလက္ခန်အဋ္ဌကထာ၌ အလာရှိသည်။ ဤမျှလောက်ကျယ်ဝန်းသော မဇ္ဈိမဒေသ၏အတွင်းမှာသာ ဘုရားရဟန္တာ၊ စကြာမင်းစသည်တို့ ဖြစ်ထွန်း ပေါ်ပေါက်ကြောင်းကို ကျမ်းဂန်အသီးသီးတို့၌ဆိုကုန်၏၊ ဗုဒ္ဓကျရယ အမည်ရှိသော သဏ္ဍာ...မ်၊ ပိဋကကျမ်းတို့၌ ဤနည်းနှင့်မခြား အလားတူစွာ ပြဆိုလေသည်။

...က်ာဒီပနှင့် မဇ္ဈိမဒေသနာမ ဝိသေသ ဂုဏ်ထူးပြရာ အကြောင်းကားပြီး၏။

# လက်ဒါပမဂ္ဂဇိမ

# နှတ်သမိုးညွှန်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သီဟိုဠ် အိန္ဒိယ မဂ္ဂဇိမ သွားခြင်းအကြောင်း

၁၉၄၇-ခု၊ ဒီဇင်ဘာလတွင် သီဟိုဠ်ပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ကျင်းပသော ၂၉-ကြိမ်မြောက် အစည်းအဝေးတွင် ကမ္ဘာလုံးစည်းဝေးရန် အများသဘောတူ ဆုံးဖြတ်ချက်ချလေသည်။ တကမ္ဘာလုံးတွင်ရှိသော ဗုဒ္ဓဘာသာဝင်များနှင့် အသင်းအဖွဲ့များသည် တဦးနှင့်တဦး တွေ့ဆုံ၍ ချစ်ခင်ရင်းနှီးကြစေရန်၊ ဗုဒ္ဓဘာသာများသည် တယောက်ပေါ် တယောက် ရင်းနှီးချစ်ခင် မေတ္တာစိတ်ခိုင်ခံ့လာအောင် ရှိကြစေရန် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့ပျော်ရွှင်ရေး၊ ကမ္ဘာ့ သာယာချမ်းမြေ့မှုများကို ကမ္ဘာပြန့်နှံ့ပြီး တကမ္ဘာလုံး ဗုဒ္ဓဘာသာ ဖြစ်မြောက် လာစေရန်ကို အဓိကရည်ရွယ်ချက်ထား၍ ဤအစည်းအဝေး ပွဲ ကွန်ဖရင့်ကြီးကို ၁၉၅၀-ခုနှစ်၊ မေလ ၂၆-ရက်နေ့ အခါပြု၍ စည်းဝေးကြရန် အများသဘောတူ ဆုံးဖြတ်ချက်ချ အတည်ပြုခဲ့လေသည်။ ထို ကွန်ဖရင့်ကြီး ဖြစ်မြောက် လာအောင် ငွေကုန် လူပန်း လုလ္လ

ဝီရိယ ဇွဲဥဿာဟနှင့် ဦးစီးခေါင်းဆောင် လျက် ရှိပါ သော ဒေါက်တာ-မလလဆေကရ၊ ဒေါက်တာ ဖွန်ဆေကတို့၏ ဘိတ် ကြားပင့်လျှောက်ချက်အရ၊ ပြည်ထောင်စု မြန်မာပြည်ဂိုဏ်း ပေါင်းစုံ မဟာသံဃာအဖွဲ့ချုပ်ကြီး၏ သီဟိုဠ်ကျွန်း ကမ္ဘာ့ဗုဒ္ဓ ဘာသာကွန်ဖရင့်သို့ တက်ရောက်ရန်ရွေးချယ်လိုက်သော သံဃာ ကိုယ်စားလှယ်တော် ဆရာတော်ကြီးပါးသည်ကား....

၁။ အလယ်တောရ-ဆရာတော် ဦးရေဝတ။

၂။ ဗဟန်း ဓမ္မသုခတိုက်ဆရာတော် ဦးဓမ္မသာရ။

၃။ မိုးညှင်း မင်္ဂလာဂတိဝိသုဒ္ဓိ နေရင်း ဦးကောဝိဒ။

၄။ မဟာသံဃာအဖွဲ့ချုပ်ကြီး၏ အကျိုးတော်ဆောင်ချုပ် ရဟန်းပုံ ဦးဇာဂရ။

၅။ မြောင်းမြခရိုင် ဝိနိစ္ဆယဌာန (ခရိုင်ခုံဝိနည်းဓိုရ်)နှင့် မြို့နယ်ဝိနည်းဓိုရ် ဒေလီကိတ် ဦးကုဏ္ဍလဆရာတော် ကဝက်ကျောင်းတိုက်။

ဤကိုယ်စားလှယ်တို့သည် မြန်မာပြည်မှ ကမ္ဘာ့ဗုဒ္ဓဘာသာ သီဟိုဠ်ကျွန်းသို့ ရွေးချယ်စေလွှတ်ခြင်းကိုခံရသော သီဟိုဠ်မဏ္ဍိမ ဒေသသွား ဆရာတော်များပင်ဖြစ်လေသည်။ ထိုကိုယ်စားလှယ် တော်များသည် ဘာသာ-သာသနာရေးအတွက် အသက်တဖျား နှင့်စား၍သွားရသော လက်ဦးပထမဆုံး ကိုယ်စားလှယ်များပင် ဖြစ်လေသည်။ နိုင်ငံရေးပါတီ အဖွဲ့အသင်းအမျိုးမျိုးပင်ရှိကြပါ သော်လည်း၊ ဗုဒ္ဓဘာသာ အဖွဲ့အသင်း အစည်းအရုံး မရှိသော ကမ္ဘာနှင့် ဆက်သွယ်တည်ထောင်ထားသည်ကား မကြားဘူး သေး၊ ယခုအခါမှ အနှစ်တရာ. တခါသာ ပေါ်ပေါက်လာ သည်။ ကမ္ဘာ့ရာဇဝင်မှာ မကြုံဘူးအောင် ထူးကဲသော ကမ္ဘာ့

ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးပေါ်လာပေပြီ။ ကမ္ဘာဦးသူတို့ နေ-လို တနေတဲ့ သီဟိုဠ်ကျွန်း ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီးသည် ရာဇဝင်ကမ္ဘာ့သမိုင်းမှာ မှတ်တမ်း တင်ထား ရမည့် မေလ ၂၆-ရက်နေ့ပင်တည်း။ ဤနေ့ ဤအခါသည် နေ့ထူးနေ့မြတ် မင်္ဂလာ ရက်ရာဇာကြီးပင်ဖြစ်လေသည်။ ထိုသီဟိုဠ်ကျွန်း ကိုလံဘိုမြို့တော်သို့ အစဆုံး ပထမဆိုက်ရောက်ကြသည့် ဦးကုလ္လာလဘို ကိုယ်စားလှယ်တော်ငါးဦးတို့သည် ကမ္ဘာ့ရာဇဝင် မှတ်တမ်း တင်ထားရမည့် သူများပင်ဖြစ်၏။ ကမ္ဘာ မကြေ သော် လည်း ဥဒါန်းမကြေနိုင်တဲ့ ကိုယ်စားလှယ် တော်များ ဟူ၍ ရာဇဝင် သမိုင်းတွင် မကြေမပျောက်နိုင်တဲ့ အချက်ကြီးတရပ်ပင် ဖြစ်လေသည်။ (သူများနှင့်မတူသောသူသည် သူများထက်ထူးချွန်သော အလုပ်ကို လုပ်လေ့ရှိ၏)ဆိုသည့်စကားအရ။ သို့အတွက် သံဃ ကိုယ်စားလှယ်တော်များ သွားမည့်နေ့ရက် ရွေးချယ် တွက်စစ် လျက် ရေဒီယိုမှ အသံလွှင့်ခြင်း၊ သတင်းစာအသီးသီးမှ ကြေညာချက်ထည့်သွင်းခြင်း၊ လှူရိသတ်၊ ရဟန်းပရိသတ် မြောက်များစွာနှင့် သိက်မြိုက်ခံ့ညားစွာ ဂိုဏ်းပေါင်းစုံ မဟာသံဃ အဖွဲ့ချုပ်ကြီးမှ လေယာဉ်ပျံကွင်းသို့ နယုန်လဆန်း ၅-ရက်၊ စနေနေ့၊(မေလ ၂၀-ရက်နေ့)မှာ သီဟိုဠ်ကျွန်း ကမ္ဘာ့ဗုဒ္ဓဘာ သာကွန်ဖရင့်ကြီးသို့ တက်ရောက်ရန် ကိုယ် စား လှည် တော် ငါးပါးသည် အိုင်-အင်-အေ လေယာဉ်ပျံနှင့်မြန်မာပြည်ရန်ကုန် မှ ကလကတ္တားသို့ ထွက်ခွါသွားကြလေသည်။

ကျွန်ုပ်တို့ငါးပါး ကိုယ်စားလှယ်များသည် လေယာဉ်ပျံ ပေါ်တွင် စက်ခန်းရှေ့မျက်နှာဘည့်တည့်မှနေရပါသည်၊ မိနစ်ပြ လျက် ခါးပတ်ပတ်ရန် နားငွမ်းဆို့ရန် ဆေးလိပ်မသောက်ရန် သတိပေးထားလေသည်။ ပေဟင်ခရီးမှ လေယာဉ်စီးလျက်ရှိ

သော ကျွန်ုပ်တို့သည် သမ္ဗုဒ္ဓဂါထာတော်၊ ဘုရားဂုဏ်တော်၊
သိရသို့ ဂါထာတော်များကို ရွတ်ဘတ်သရဇ္ဈာယ်၍၊ မိမိတို့
ဆောင်ယူလာကြသော စိတ်ပုတီးများကို မျက်စိမှိတ်စိတ်လျက်
ကောင်းကင်ယံမှာ ရောက်လျက်ရှိလေသည်။ ဤအချိန်အခါမှ
တိမ်မိလ္လာမြူခိုးတွေကလည်း ကင်းစင်လျက် အာကာသခွင်တရိုး
မှာ လေယာဉ်ပျံတန်ခိုးနှင့် အနောက်တောင်ရိုးမကို ဖြတ်သန်း
လျက်နေလေ၏။ ကျွန်ုပ်တို့စီးနင်းလိုက်ပါသွားသောလေယာဉ်ပျံ
ကြီးသည် သူ၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက် တစီစီ
မြည်ဟီးပြီး ရန်ကုန် လေယာဉ်ပျံကွင်းမှ အနောက်မြောက်
ဒေါင့်ဆီသို့ ခပ်ရွှန်းရွှန်းသွားလျက်ရှိပါသည်။ ရိုးမတောင်တန်း
မှ ဘင်္ဂလားအော်ကို ဖြတ်နေသည်မှာ ၂-နာရီမျှကြာလေသည်။
၎င်းရေပြင်ကျယ်ကြီးကို စာရေးသူ လေယာဉ်ပျံအပေါ်မှနေ
ကြည့်ရာ မဲနက်မှောင်နေသည့်အရောင် မဲနယ်ခဲများကိုဖျော်၍
ထားသည့်အလား ကြည့်လို့အားမရနိုင်ပေ။ အချို့နေရာများမှာ
ဖြူဖွေးလျက် လှိုင်းဂယက်များ သူအရင်သွားမယ်-ငါအရင်သွား
မယ် တဦးကိုတဦး အသာမပေး အကျောမခံ တိုးဝှေ့လျက်တက်
နေသည့် ရေလှိုင်းများကို ရှုကြည့်လို့အားမရနိုင်အောင် ရှိလေ
သည်။ ဤကဲ့သို့ ရေပြင်ကျယ် ပင်လယ်ကမ်းခြေ တောင်တန်းဗွေ
မှာလဲ စိမ်းလဲ့ညိုမှောင် လွှမ်းဘို့ကောင်းလှတဲ့ တောင်တန်းမြေ
ပြင် ဝနေတခွင်မှာလဲ "သောတာပန်မဟာထေရ်တို့တောင်၊ မခြေ
နှင် မျက်ညော့ကျရှာတော့" ဆိုသော မြင်းမူမြို့ဇာတိ စာဆိုတော်
ဆရာ-မောင်ထွန်းသာ ရေးသည့် ခွန်းထောက်ကဲ့သို့ ရှိလေ၏။
ပင်လယ်ကြီးကို ဖြတ်ကျော်နေရသည့်ကား ၂-နာရီနှင့် ၁၀-မိနစ်
မျှကြာလေသည့် ပင်လယ်သုံးခုမျှဖြတ်ကျော်ပြီး လျှင် လေယာဉ်ပျံ
သည် အထက်သို့ တသောင်းတက်၍ ပျံသန်းနေလေသည်။

လေယာဉ်ပျံ စီးသောအခါ လေလှိုင်းများနှင့်တွေ့လျှင် လေယာဉ်ပျံခါလျက် တုန်လှုပ်သွားလေသည်။ တချက်တချက် လေလွတ်၍ အောက်သို့ နိမ့်ကနဲနိမ့်ကနဲကျသွားတတ်လေသည်။ ဤအခါမှာ အသဲများအေးခါ ဘုရား-ဘုရားနှင့် ပါးစပ်မှ ထွက်ပေါ်လာလေသည်။ တခါတရံ မိုဃ်းသားမိုဃ်းရိပ် တိမ်ခိုးများရှိနေခိုက် လေယာဉ်ပျံအပေါ်ကနေကြည့်လျှင် ဝါဂွမ်းပုံကြီးအပေါ်က သွားနေရသလို အလိပ်လိပ်တက်လျက် ဖြူဖွေးသောမိုဃ်းသားအတွင်းမှ အောက်ခြေကြီးသို့ မမြင်ရဘဲ တရှိရှိဘဝိဝိ စက်သံကြား၍ သွားနေသည်ကိုတွေ့ရ၏။ တိမ်နီ-တိမ်ဝါတိမ်ပြာတို့သည် အလုံးလိုက်အခဲလိုက် တိုးဝှေ့လာသည့်အခါ၊ လေယာဉ်ပျံသည် ဆတ်ဆတ်ခါနေအောင် တုန်လှုပ်လေသည်။ ဘေးဘက်ရှုမျှော်ခင်းများကိုကြည့်သည့်အခါ လွမ်းဆွတ်ဖွယ်ရာတောင်တန်း ရေလှိုင်း တိမ်ခိုးများသည် ပန်းချီဆရာများစိတ်ကူးယဉ်ယဉ်နှင့် လွမ်းရောင်မှင်ဖြင့်၊ လွမ်းချင်စရာ ချယ်လယ်ထားသည့်အလား ဆန်းပြားလှပေသည်။ ရေပြင်ကျယ်နှင့် ပင်လယ်ကိုဖြတ်ကျော် ပျံသန်းနေခိုက်မှာ လူခရီးသည်များအတွက်ကော်ဖီဘခွက်၊ ဘုန်းကြီးများအတွက် ဩရိမ်း(ခေါ်) လိမ္မော်ရည် တခွက်စီပေးသည်၊ အနောက်နိုင်ငံသွား နိုင်ငံခြား လေယာဉ်ပျံများသည် တယောက်ထိုင် ကုလားထိုင်၊ ၎င်းရှေ့မှာ ခုံဘခုစီဆွဲထုတ်လိုက်မှ အံဆွဲပမာ တင်စရာခုံဘခု ပေါ်လာ၏။ ၎င်းစားပွဲခုံပေါ်မှာ စားစရာမုန့်-ကော်ဖီများဘင်၍ သုံးစွဲကြသော ခုံဘခုဖြစ်၏၊ ကျွန်ုပ်အဘို့မှာ မိမိကျရောက်နေသည့်တာဝန်ကို သိဘိုဋ္ဌကျွန်းနှင့် အိန္ဒိယပြည် ခရီးစဉ်မှတ်တမ်းများ ရေးလိုအကောင်းဆုံး စာရေးဆရာအသုံးဝင်သော ပစ္စည်းတခုဖြစ်ပါသည်။ ၎င်းကုလားထိုင်အထက်မှ ပစ္စည်းများ ထားနိုင်ရန်နှင့်

တန်းလျားကြီးမိုက် ပြုလုပ်ထားပါသည်။ ၎င်းလေယာဉ်ပျံပေါ် မှာ ခရီးသည်များမှုး၍အော့အံခြင်း၊တံတွေးထွေးခြင်းပြုရန်စက္ကူ အိတ်တခုစီရှိသည်။ လူတို့ ထိုင်ခုံအပေါ်မှာ အဲယားခေါ်သော လေအိုးကလေးတခုစီရှိ၏။လည်ပင်းနှင့်အိုးပုတ်ကလေးသဏ္ဍာန် ဖြစ်သည်။ ကျွန်ုပ်တို့ စီးသော လေယာဉ်ပျံသည် အထက်သို့ ပေတသောင်းတက်၍ပျံသွားနေပါသည်။ အလွန်အေးမြ ချမ်း၍ လာပါ၏။ ၎င်းလေအိုးကို မိမိအအေးမခံလိုလျှင် ဘေးဘက် သို့လှဲ့ထားပါက ဖလမလာပါ။မိမိထိုင်ခုံမှာ နောက်သို့ခပ်လှဲလှဲ နေလိုလျှင် ဒစ်လေးခုရှိ၏။ ၎င်းဒစ်၏လက်ကိုင်နှစ်ခုကို စုံကိုင်၍ နှိပ်လိုက်လျှင် မိမိလိုချင်သလို အနေတော်ရနိုင်၏။ ကျွန်ုပ်တို့ စီး သွားသော လေယာဉ်ပျံသည် (၃၂)ယောက် စီးနိုင်၏။ လေ ယာဉ်ပျံပေါ်မှာ လူမတ်တတ်ရပ်သွားနိုင်၏။ အိမ်သာပါသည်။ သူနာပြုအင်္ဂလိပ်မတယောက်ပါသည်။ ခါးပတ်ပေးခြင်း၊ နား- ဝါဂွမ်းဆို့ရန်ပေးခြင်း၊ လိုရာခိုင်းစေရန် ဖြစ်သည်။ ၎င်းလေ ယာဉ်ပျံပေါ်မှာ သူတို့ နေအိမ်ကဲ့သို့ သွားလာနေကြသည်။ ဤ ချိန်ခါမှာ စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်လေသည်။ လေ ယာဉ်ပျံပေါ်ကနေကြည့်လျှင် ကမ္ဘာ့မြေပုံကြီးကို ဖြန့်ခင်းထား သည့်အလားရှိလေ၏။ သူ့အကွက်နှင့်သူနေသည်ကို မြင်နေရပါ သည်။ သင်္ဘော,လှေများသည် မြစ်အတွင်းသွားလာနေသည်ကို အပေါ်မှ နေကြည့်လျှင် ကလေးကစားသည့် သံဖြူ မော်တော် ကလေးပမာတွေ့ရ၏။ လေယာဉ်ပျံများ တက်သည့်အခါ-ဆင်း သည့်အခါ မိနစ်ပြ၍ ခါးပတ်ထားရလေသည်။အတက်မှာ ကိစ္စ မရှိပါ၊ အဆင်းမှာ နားကိုက် လာတတ် သည်။ လေထုကြီး တသောင်း အပေါ်က ဆင်းလာချိန်မှာ နားကပြစ်ပြစ်နှင့်ကိုက် လာလေသည်၊ တချက်တချက် မြိုးကနဲ ဆိုးကျလာတတ်သည်။

၎င်းအခါ ရင်ကိုခအေးကနဲ-အေးကနဲဖြစ်ကတ်သည်။လေယာဉ်ပျံ ပေါ်စားရသော အစာများသည် စက္ကူပုံးတခုလာပေး၏။ ၎င်း ပုံးကို ဖွင့်ကြည့်လျှင် ပေါင်မုန့် ၂-ခု၊ ကြက်ဥမုန့်တခု၊ ကြက်ဥ ကျော် တခု၊ ငှက်ပျောသီးတလုံး၊ သခွါးသီး ၂-စိပ်၊ ခရမ်း ချဉ်သီးတလုံး၊ ကုလားပဲလှော် တထုပ်၊ ဆား တထုပ်၊ ကော်ဖီ ခါးခါးဘခွက် ၎င်းအစာနှင့်ပင်တနေ့ကုန်ခဲ့ပါသည်။ ၎င်းအစာ မျိုး လေးခုလောက်ကုန်မှဖြစ်မည်။ကျွန်ုပ်တို့သည်ဆန်စားနေကြ တိုင်းပြည်ကဖြစ်၍ မုန့်ကိုဘယ်လောက်စားနေရပါသော်လည်း အားရတင်းတိမ်ခြင်း ,ရောင့်ရဲခြင်းမရှိပေ။ နောက် ၎င်းကဲ့သို့စား ရဘန်များလာ၍ နေသားထိုင်သား ကျလာလေသည်။ ထိုကဲ့သို့ လာခဲ့သည်ကား မြန်မာပြည်နှင့် ဝေးမှန်းမသိ ဝေးလာသဖြင့် ကျွန်ုပ်တို့မြန်မာပြည် နာရီအားဖြင့် ၅-နာရီအချိန် အနောက်နိုင်ငံ ကလကတ္တား နာရီအားဖြင့် ၄-နာရီ အချိန်မှာ ကလကတ္တား ဒန်ဒန်လေယာဉ်ပျံကွင်းသို့ရောက်လေသည်။မြန်မာသံရုံးမှ အရာ ရှိ ဦးစံထွန်းဦး လာရောက်ကြိုဆိုသည်။ မြန်မာပိုင်ဗုဒ္ဓဘာသာ ကျောင်း နံပါတ်-၁၀(အေ) အီဒင်ဆေးရုံလမ်းသို့ သွားရောက် တည်းခို နေလေသည်။ ကလကတ္တားမြို့သည် အဝန်း အားဖြင့် မိုင် ၅၀-ကျယ်ပြန့်လေသည်။အလွန် လူဦးရေ များပြားလှလေ သည်။ ကား ,ရထား ,မြင်းလှည်း , နွားလှည်း, ဓာတ်ရထား-လူ ကြိတ်ကြိတ်တိုးမျှစည်ကားပေ၏။ ကား ,နှစ်ထပ် များ၏။ ကား ရိုးရိုးဆိုလျှင် အလွန် ရှည်လျား လှပါသည်။ ဓာတ်ရထားမှာ နှစ်စင်းတွဲဖြစ်သည်။ မိန်းမများနေရာ သီးခြားရှိလေသည်။နိုင်ငံ ခြားသားများမှာ မိန်းမကို အထူး အရေးပေး ထားလေသည်။ ဓာတ်ရထားမှာ ပန်ကာ-မီးစုံခဲ့ညားလှ၏၊နိုင်ငံခြားနှင့် မြန်မာ ပြည်သည် ကွာခြားလှပါသည်၊ ကလကတ္တား၊ မဒရပ်၊ သီဟိုဠ်

နိုင်ငံများမှာ စည်းကမ်းသေဝပ်လှသည်။ လူကို ကားတိုက်သည် မရှိ။ ကားကို ကားချင်းတိုက်လေ့မရှိပေ။ အကယ်၍ လူကိုကား တိုက်လျှင် ၎င်းတိုက်သောကားနှင့် ကားမောင်းသမားပါ ပြင်ပ သို့တုတ်၍ ခေတ်ဆီလောင်းပြီး လူရောကားပါ မီးတိုက်လေ့ရှိ သည်ဟု ရှေးအခါက ထုံးစံရှိလေသည်၊ သို့အတွက် လူ-ကား တို့ကိုမတိုက်ရန် အလူးသတိပြုကြလေသည်။ (အတုယူဘွယ်-တို့ ပြယ်နယ်) ကားစီးသည့်အခါ၊ မီးရထား၊ ခေတ်ရထားစီးသည့် အခါ၊ ရုပ်ရှင်ကြည့်ရှုသောအခါ၊ ရှေ့ရောက်သူက ရှေ့မှ စီးရ၏။ မျက်နှာကြီး-မျက်နှာငယ် မလိုက် ကြပေ။ တိုးဝှေ့၍လည်း မသွားကြပေ။ ဥပမာ-ကားစီးရန် ဌာနမှာ ရှေ့ဆုံးမှာ အရင် ရောက်နေသူ သူတောင်းစားတဦး၊ နောက်ဆုံးမှ သူဌေးကြီး တဦးဖြစ်ပါသော်လည်း အရင်ရောက်၍ရှေ့ဆုံးကလူကို ပဌမစီး ပြီးမှ နောက်အစဉ်လိုက်တက်ရ၏၊ ကားမှာ ထိုင်ခုံအပြည့်စီရှိက ပိုလွန်၍မတင်ပေ။ သိမ်းကြုံး၍ မခေါ်ရ။ လက်မှတ်နှင့် ထိုင်ခုံ စေ့ရုံတင်ယူရ၏။ ကား၊ ရထားလက်မှတ်ရောင်းသူက စစ်ဆေး ကြည့်ရှုပြီးမှ ကားပေါ်-ရထားပေါ်ကိုအတက်ခံလေသည်၊ နိုင်ငံ ခြားသားများစည်းကမ်းရှိသေပုံမှာ လူမရှိ-ကားမရှိ၊ ၁၁-နာရီ၊ ၁၂-နာရီအချိန်မှာ လူမရှိဘဲ ခေတ်နှင့် မီးစိမ်း-မီးနီပြနေဒါကို တွေ့က မီးနီပြလျှင် မသွားဘဲ ရပ်နေ၏။ အစိမ်းပြမှ သွားလေ သည်။ ၎င်းကားသည် လူမရှိ-ကားမရှိသည့်အခါ သွားခြင်း ကြောင့် လူလည်းတိုးရန်မရှိ၊ ကားလည်းမရှိပါသော်လည်း မီး နီပြရင် ရပ်ရမည်။ ဥပဒေစည်းကမ်းကို ရှိသေသော အားဖြင့် ရပ်နေလေသည်၊ ဤနည်းများကို မြန်မာပြည်က ကားသမားများ အတုယူဘွယ်အလွန်ကောင်းလှပေသည်။ နိုင်ငံခြားကလကတ္တား၊ မဒရပ်၊ သီဟိုဠ်ကျွန်းများမှာ ဘယ်အခါမှ ကားက လူကိုတိုး

လိမ့်မည်ဟူ၍မကြောက်ရ၊ လူကသာ ကားကိုတိုးဒါကိုတွေ့ခဲ့ရ၏။ ဦးကုဏ္ဍလကိုယ်တွေ့မျက်မြင် ကလကတ္တားမြို့မှ တိရစ္ဆာန်ရုံ၊ ပြတိုက်၊ သဘော်ဆိပ်၊ ထူးဆန်းသောနေရာဌာနများကို လှည့်လည်ကြည့်ရှုရင်း မိုးအလွန်ရွာလာသဖြင့် ကုန်တိုက်ကြီးတခုတွင် ဝင်ပြီ မိုးခိုနေလေရာ၊ သူဘယောက်သည် မိုးကလဲအလွန်ရွာနေသဖြင့်၊ ထီးကိုကုပ်ပြီးဆောင်းအသွား ကားကလဲအလာ ဟွန်းတီးပေးသော်လည်း မိုးသံနှင့်မကြားဘဲ လူကိုမတိုးမိရန် ကားကိုရပ်ပြီး ဟွန်းတီးပေးနေရင်း ခရီးသည် ထီးဆောင်းလျှက်လာသောလူသည် ကားကိုဝင်၍တိုးလေသည်။ ၎င်းအခါမှ ကားမှန်းသိပြီး ရှောင်သွားလေ၏။ ကားသမားသည် အလွန်ဒေါသဖြစ်လွန်းအားကြီး ပြီးရင်းကားအားလာတိုးသောလူကိုစိတ်ဆိုးပြီး ဆဲရေးလေ၏။ သြော်–နိုင်ငံခြား ကားသမားဘော်လေစွ။ မြန်မာပြည် ဗုဒ္ဓဘာသာ လူယဉ်ကျေးအခေါ်ခံ-လူယဉ်ကျေးတိုင်းပြည်နှင့် ကွာလေစွ။

မြန်မာပြည်မှ ကလကတ္တားမြို့သွား ခရီးလမ်းစဉ် ပြီး၏။

---

## ကလကတ္တားမှ မဒရပ်သွား ခရီးစဉ်အကြောင်း

ကလကတ္တားမြို့ ဗုဒ္ဓဘာသာကျောင်း အိဒင် ဆော ရုံ လမ်းနံပါတ်-၁၀(အေ)မှာ တည်းအိပ်ပြီး နံနက် ကုမ္ပဏီကားကြီးနှင့် လေဆိပ်သို့ ၅-နာရီထွက်ခဲ့၏။ လေယာဉ်ပျံကွင်းသို့ ၇-နာရီရောက်သည်။ ၇-နာရီခွဲအချိန်တွင် မဒရပ်ထွက်လေယာဉ်ပျံကြီးအဆင်သင့်ပြင်ဆင်လျက်ရှိလေသည်။ ကျွန်ုပ်တို့ငါးဦးသည် လေယာဉ်ပျံကြီးပေါ်သို့ရောက်၍ ခါးပတ်ပတ်ခြင်း၊ နားကို ဝါဂွမ်းဆို့ခြင်းအသင့်ရှိသောအခါ ကလကတ္တားမှ တောင်ဘက်ဆီသို့

၁၀၄၃၉

ဖြတ်သန်းပြီး မောင်းနှင်၍နေလေ၏။ လေယာဉ်ပျံပေါ်က နေ ကြည့်လျှင် နံနက်ခင်းဖြစ်၍ မိုဃ်းရိပ်မိုဃ်းခဲတိမ်တိုက်အတွင်းမှာ သွားနေရသဖြင့် မိမိတို့အောက်မှာ ဖြူဖွေးနေသည့်တိမ်များသာ မြင်တွေ့ရပါသည်။ ဥပမာ-ဝါဂွမ်းပုံကြီး ကြည့်ရှုနေရဘိသကဲ့သို့ ရှိ၏။ ၈-နာရီအချိန်မှာ ဘုန်းကြီးများအတွက် ချိုချဉ်လုံးများကို လာပေးသည်။ ကုလား ဆရာမဘဦးသည် ၈-နာရီခွဲ အချိန်မှာ အင်္ဂလိပ်လို ရေးထားသော စာရွက်တခု ရှေ့တန်းက စာရေး သူကို လာ၍ပေးပါသည်။ ၎င်းမှတဆင့်ပေးသွားရာ အားလုံး လေယာဉ်ပျံစီး ခရီးသည်တိုင်းဘတ်ရပါ၏။ အကြောင်းမှာ ယခု ပျံသန်းနေသည်မှာ အထက်သို့ ပေတသောင်းကျော် ပျံဘက်နေ ပါသည်၊ ဘယ်စခမ်းမှာနိုးပါပြီ ဆိုသည့် အကြောင်းပင် ဖြစ်၏။ မကြာမီ ပင်လယ်ဘခုကိုဖြတ်ကျော်နေသည်၊ ၎င်းအခါ ခရီးသည် များမှာ အလွန်အေးလာသဖြင့် လေယာဉ်ပျံတွင်ခရီးသည်များ သုံးစွဲရန် အသင့်ပါလာသော ဝါဂွမ်းစောင်ကြီးများနှင့် ခြုံကြ- ထွေးကြပါသည်။ ကျွန်ုပ်တို့မှာ အသင့်ပါလာသော စိတ်ပုတီး များကိုစိတ်လျက် ဂုဏ်တော်များ၊ သမ္ဗုဒ္ဓေဂါထာများ၊ မေတ္တာ ပို့များကို ရွတ်ဘတ် သရဇ္ဈာယ်ကာ နေလေသည်။ အထူးမှာ လေယာဉ်ပျံပေါ်မှာ ဖေါင်တိန်များမှင်အလိုလိုယိုထွက်တတ်ပါ သည်။ ကျွန်ုပ် ခရီးစဉ်မှတ်တမ်းရေးဆဲဖေါင်တိန် ကလကတ္တား မှ ပယ်ခဲ့သောအသစ်သည် မှင်ကို ခဏ-ခဏ သုတ်ပေးနေရပါ သည်၊ ၉-နာရီခွဲအချိန် ကျွန်ုပ်တို့ ဆွမ်းစားကြပါသည်။ ဆွမ်း ဆိုသည်မှာ ပထမစားခဲ့ရသည့်အတိုင်း မုန့်ပင်ဖြစ်ပါသည်။ ထို ကဲ့သို့ ငှက်ပျောသီးတလုံး၊ပေါင်မုန့် ၂-ချပ်၊ခရမ်းချဉ်သီးတလုံး၊ လဘက်ရည်ခါးခါးတခွက်နှင့်ပင် တင်းတိမ်ရောင့်ရဲ၍ နေရပါ

၏။ လေကြောင်းခရီးသည်များ၏ စားဘွယ် သောက်ဘွယ်များ ပင်ဖြစ်၏။

ကျွန်ုပ်တို့စီးသာသော ဝေဟင်ယံခရီးက လေယာဉ်ပျံကြီး သည် ပင်လယ်ဖြတ်ကျော်၍ ကမ်းရိုးတန်းတလျှောက် ပျံသန်း၍ နေလေသည်။ ထိုအခါမှာ တဘက်က ပင်လယ်၊ တဘက်က ကမ်းရိုးတန်း တောတောင် မြေပြင်ကျယ်ကြီး ကြားမှာ ပျံသန်း သွားနေလေသည်။ မြေပြင်မှာ ကျယ်ဝန်းသလောက် သစ်ပင်မရှိ ပေ။ အချိန်မှာ ၁၀-နာရီ ၄၅-မိနစ်အချိန်တွင် (ဂီဇာဂရတ် ပတ္တံ) ခေါ် ပပဝတီတို့နေသည့်မြို့ကိုရောက်၏။ ၁၀-မိနစ်မျှရပ် နားပြီး ကျွန်ုပ်တို့သည် လေဆိပ်မှာလိမ္မော်ရည်များသောက်ကြ ၏။ ၎င်းမှဆက်လက်ပြီးထွက်ခွါလာခဲ့လေရာ၊ ကမ်းတလျှောက် လမ်းခရီးမှာ တောင်ကုန်းကလေးများ တွေ့ရပေသည်။ အိန္ဒိယ ဒေသမှာ ကုန်းမြင့်တောင်တန်း တောင်ပူဇော်များသည် အလွန် ကြည့်လို့ကောင်းပါ၏။ ဤနေရာများသည် မြန်မာပြည်မှာသာ ဆိုလျှင် ဘုရားတွေဖွေးဖွေးဖြူနေအောင် တည်ထားကိုးကွယ်ကြ မှာဘဲလို့ အောက်မေ့မိပါ၏။သို့သော် အိန္ဒိယဒေသမှာ တောင် ကုန်းပေါ်မှာ ဖြူဖွေးနေဒါတွေတိုင်း ရှိခိုးလိုက်နှင့်၊သတိထား မှားမယ်၊ ဗုဒ္ဓဘုရားမဟုတ်ဘူး။ သူတို့၏ဘာသာအလိုက် မဟာ ဒေဝတို့၊ ဂျိန်းဘုရားတို့ဖြစ်ပါသည်။ မဟာဒေဝဘုရား ဆိုသည် မှာ၊ ယောက်ျား,မိန်းမလိင်ကို ပြုလုပ်၍ ဟိန္ဒူများ အမြတ်တနိုး ကိုးကွယ်နေဒါကိုဆို၏၊ဂျိန်းဘုရားမှာ ကျွန်ုပ်တို့ ဂေါတမဘုရား ရှိစဉ်အခါက (ရေငုပ်-မီးလှုံ-တုံးခုန်-ဇယ်ခတ်-အဝတ်မဆည်း) အချီးနီး အစေလကတိတ္ထိတက္ကဒွန်းများ၏ အဆက်အနွယ်များ ပင်ဖြစ်၏။၎င်းလေဆိပ်မှအနည်းငယ်သွားမိလျှင် ပင်လယ်ကျယ် ကြီးတခုကို ဖြတ်သန်းနေပါသည်။ဤအခါတွင် နှစ်ထပ်ရေခဲမုန့်

သုံးချပ်နှင့် ရေအေးတခွက်စီလာပေး၏။ ကျွန်ုပ်တို့သည် ဆာဆာနှင့်လွေးလိုက်ရာ ခဏကလေး ကုန်သွားပါသည်။ ၁၂-နာရီ ကျော်လာလျှင် ပင်လယ်ကိုဖြတ်ကျော်မိပါသည်။ ထိုအချိန်မှာ မဲမှောင် ညှိုပြာ နက်လှစွာသော တိမ်ခိုး ကြားမှာ သွားနေရလေသည်။ ဤသို့တိမ်တိုက်ကြားမှာ လေယာဉ်ပျံသည် လှုပ်ရှားလျက် တခါတခါ ထိုးကျသွား၏။ လေလှိုင်း တိုးဝှေ့လိုက်လျှင် လေယာဉ်ပျံသည် ဒီးဒီးနှင့် တုန်လှုပ်ခါ သွက်သွက်ခါသွားတတ်သည်။ ထိုးတက်လိုက်-နိမ့်ဆင်းကျလိုက်နှင့် ခရီးသည်များသည် ထိတ်လန့်ကာ မျက်လုံးပြူးတတ်လေသည်။ ဤအခါမျိုးမှာ ကသိကအောက် ဖြစ်တတ်ပါသည်။ လေယာဉ်ပျံ စီးသော အခါ အတက်မှာ ကိစ္စမရှိလှပါသော်လည်း အဆင်းမှာ နားအူခြင်း-, နားကိုက်တတ်ခြင်းရှိ၏။ ထိုးကျလာလျှင် ခွေရင်ကို အေးသွားတတ်ပါသည်။ ဦးကုဏ္ဍသသည် မိမိအလုပ်ကို စိတ်ဝင်စားပြီး ဇွဲနှင့်အားခဲပြီး မှတ်တမ်းရေးနေသည့်အခါ၊ လေယာဉ်ပျံသည် တက်သည် - ကျသည်ကို လူကမသိသော်လည်း၊ နားက ပြစ်ပြစ်နှင့်ကိုက်လျက် ဆင်းနေပြီလို့ သတိပေးနေပါ၏။ ဆင်းနေပြီလို့ နားကပြောပြနေသဖြင့် သိရပါသည်။

လေယာဉ်ပျံစီး တိုင်း သတိပြုရန်မှာ၊ ထိုကဲ့သို့ နားကိုက်လာလျှင်၊မိမိနှာခေါင်းကိုပိတ်၍ လေကိုမှုတ်ထုတ်ပေးပါ၊ ခဏခဏ မှုတ်ပေးလျှင် နှာပိတ်နေဒါကိုပွင့်လာပြီး နားကိုက်ပျောက်သွားပါလိမ့်မည်။ ဤကဲ့သို့ တရွေရွေနှင့် ကောင်းကင်ယံ ခရီးက လေသာဉ်ပျံ စီးပြီးလာခဲ့ရာ နာရီပြန် တချက်တီးကို မဒရပ်သို့ ရောက်ရှိပါ၏။ မဒရပ်လေဆိပ်မှာ စစ်ဆေးပြီး ၂-ချက်တီး အချိန် ကိုးမိုင်ကွာသော မြန်မာပြည်မှဂျပန်အရေးတော်ပုံတုန်းက ပြေးသွားကြသော ဆရာတော်ဦးရေဝတ၏တပည့်·တကာမ

မကျောင်မြိုင်၊ မဒရပ်သား ချစ်ကီးကုလား၊ ဘဲဥတံဆိပ် ပဒလကပ် ကုမ္ပဏီ ကိုချစ်စိန်တို့နေအိမ်သို့ ရောက်ရှိကြလေ၏။ ၎င်းမြို့ကို ကိုချစ်စိန်၏ ချက်ပလက်ခေါ် သောင်းခြောက်ထောင် ပေးရတဲ့ ကားကြီးနှင့် ပင်လယ်လေညှင်းခံချန်ဌာနခေါ်းများအားစိခဲ့သည့် (မြူနီစရီ)ခေါ် ပြတိုက်၊ မဟာဓဇာဗိ သီဟိုဠ်ဆိုဘီကိုလိုက်ပြကြ၏။ အင်ဒိုပင်ဆင်းသြရန်ကာကဲ(စ်)စ၍ တည်ထောင်ထားသည့် ဗုဒ္ဓဘာသာအဆောက်အဦများ၊ ထူးဆန်းလှတဲ့ ညောင်ပင်ကြီး၊ ၎င်းညောင်ပင်ကြီးသည် အကိုင်းကြီး များစွာဖြာထွက်လျက် ထို အကိုင်းမှအမြစ်ထွက်ပြီး အပင်တခုပေါက်၍ ဤသို့ တဆင့်ထက် တဆင့်ပေါက်သွားလေရာ၊ အပင်တန်းကြီး ညောင်ပင်ဝိုင်းလျက် အလံလေးဆယ် တကွက်မျှ ပြန့်ကျယ်ပန်း၍ ကြီးမားလှသော ညောင်ပင်ကိုတွေ့ရပါသည်၊ အင်္ဂလိပ်ဂူများစီတန်းလျက် ကုလား ယောဂီများ သက်သတ်လွတ်စားပြီး တရားအားထုတ်နေကြ၏။ သီဟိုဠ်ဆိုဘီခေါ် အသင်းတိုက်ကြီးမှာ စာရေးခန်း၊ မန်နေဂျာ ခန်း၊ဘဏ္ဍာရေးအခန်း၊ စာတိုက်နှင့် စာအုပ်ထုတ်ဝေရေးအဖွဲ့၊ စာအုပ်ပေါ်ဒဖြန့်ချိရေးဌာန အသီးသီးရှိပါသည်။

အင်ဒိုပင်ဆင်၊သြရကောက်(စ်) ကျောက်ဖြူ အရုပ်ကြီးများ၊ ခေတ်ပုံကြီးများ၊ ကမ္ဘာ့အရုပ်ရုပ်က စာပေစာအုပ်ကြီးများကို ထူးခြားစွာ တွေ့ခဲ့ရပါသည်။ ထူးဆန်းလှပါ၏။ မြန်မာဘုရား တဆူရှိသည်၊ ကြာမျိုးစုံပေါက်၍ ရေကန်ကြီး၏အရှေ့ဘက်မှာ အုဋ္ဌတိုက် ဘုရားဂူကျောင်းနှင့်ဗုဒ္ဓရုပ်ပွားတော်တဆူထားရှိလေ သည်၊၎င်းတရားအားထုတ်ရာအင်္ဂလိပ်များ၊ကုလားများလူမျိုးစုံ နေထိုင်ပြီး ယောဂီအလုပ်ကို တရားအားထုတ်လုပ်ကိုင်နေကြ၍ ဗုဒ္ဓဘာသာတိုင်း အားရဝမ်းသာစရာ အသွင်ကောင်းတဲ့ သြရ ကောက်(စ်)နှင့် သီဟိုဠ်ဆိုဘီတိုက်ကြီးကိုမြင်ရတွေ့ရလေသည်၊

ကျွန်ုပ်တို့ဗမာပြည်မှာ ဤကဲ့သို့ကြီးကျယ်သော အဆောက်အဦးကြီးများမရှိကြသဖြင့် နိုင်ငံခြားအမြင် မျက်စိနှင့် ကြည့်က ဝမ်းနည်းဘွယ်ကောင်း၏၊ ဩရင်ကောက်(စ်) ပိဋကတ်တိုက်ကြီးတွင် နိုင်ငံခြား၏ထုံးစံ ဧည့်သည်တော်လက်မှတ်ထိုးရ၏။ အလှူငွေထည့်ရ၏။ ထိုသိမ်ဟိုဋ္ဌဆိုဘိမှတ်ပုံတင် ဧည့်သည်တော်စာအုပ်တွင် (မြောင်းမြ-ဦးကုဏ္ဍလ) ဟု မြန်မာလို လက်မှတ်ထိုးခဲ့၏။ ဤနေရာရောက်ရှိသူတိုင်း တွေ့ရှိပါလိမ့်မည်။ အထူး မှတ်စရာ မဒရပ်မြို့ကြီးမှာ ကျွန်ုပ်တို့ကား စီး၍တညနေလုံးရှောက်လည်ပြီး နံနက် ၆-နာရီက ဓာတ်ရထားကိုစီး၍ လူတဦးလျှင် ၃-မူး ပေးလျက် မြို့ပတ်ခါ စီးကြရ ဓာတ်ရထားသည် ၁၀-နာရီ ရှိသော်လည်း မြို့ကို တဝက်ရှိသေးသဖြင့် ဓာတ်ရထားမှဆင်း၍ တည်းခိုသောနေရာကိုပြန်လာခဲ့ကြပါသည်။

မဒရပ်မြို့မှာ တိုက်အိမ်နှစ်ထပ်ကလွဲ၍ ကြီးမားတဲ့တိုက် မရှိလှပေ၊ ငွေသက်သက်ကုန်စေသည့်အလုပ်ကို မလုပ်ကြ၊ ဓာတ်စက်-ရေဒီယိုသံမကြားခဲ့ရပါ၊ အလွန်ပူပြင်းလှသည့် ဒေသပင်ဖြစ်ပါသော်လည်း မြန်မာပြည်လို ရေခဲချောင်းခြင်း၊ အချော်ဆိုင်မရှိ၊ ရေဘာခွက်ကို တပဲပေးသောက်ရ၏။ ကွမ်းတပြားဘိုး ၄-ရွက်ရသည်၊ ကုလားကွမ်းသီးနှင့်စားရသည်၊ အုန်းတလုံး ၄-ပဲ ပေးရသည်။ ထိုမြို့နေရာများသည် အလွန်ပူပြင်းလှ၏။ အပူဒီဂရီမှာ ပခုက္ကူမြို့ကလေးထက် ၂-ဆပို၏၊ သီတင်းကျွတ်-တန်ဆောင်မုန်းမှ မိုးသည်းရွာလေ့ရှိသည်၊ အုန်းပင်,ထန်းပင်,စွန်ပလွံပင်, သရက်ပင်ကလွဲ၍ သစ်ပင်များ မရှိပေ၊ ထင်းရှားလှ၏။ နွားချေးခြောက်၊ အုန်းရွက်၊ ကျောက်မီးသွေး ရင်းပစ္စည်းများသာ မီးဆိုက်ရ၏။ ထင်းအလွန်ရှားသည် ထင်းမရှိ၍ အစိမ်း ရေစိမ်စားကြရသည်၊ ကျွန်ုပ်တို့ မြို့ကိုလှည့်ပတ်ကြည့်ရှုလာပြီး (မကျောင်မြိုင်-ကိုချစ်စိန်)

ဘဲဥတာံဆိပ် ပလေကပ်ကုမ္ပဏီအိမ်သို့ပြန်၍ သူတို့၏ကောင်းမှုဖြင့် ပြုတ်ဆန်ကိုထောပတ်နှင့်ချက်ပြီး ငါးဟင်း၊ ဒန့်ဒလွန်သီးဟင်း၊ ခရမ်းချဉ်သီးချက်၊ သရက်သီး၊ ငှက်ပျောသီးများနှင့် စားပြီး ကိုချစ်စိန်၏ ချက်ပလက်ကားကြီးနှင့် သီဟိုဠ်သို့သွားရန် လေယာဉ်ပျံကွင်းကို လိုက်ပို့ကြပါသည်။

ကလကတ္တားမှ မဒရပ်သွား ခရီးစဉ်ပြီး၏။

## မဒရပ်မှ သီဟိုဠ် ကိုလံဘိုမြို့သွား ခရီးစဉ် အကြောင်း

မဒရပ်မြို့မှ နေ့လည် ၁၂-နာရီထိုး အချိန်မှာ လေယာဉ်ပျံစီး၍ထွက်လာခဲ့ရာ၊ ၃-နာရီအချိန် နယ်ခြားဖြစ်သော(ကရာချိ) လေဆိပ်မှာ ခေတ္တနားပြီး အိန္ဒိယပြည်ကြား သီဟိုဠ်ကျွန်းအကူး နယ်စပ်မှာ အထူး စစ်ဆေး ကြည့်ရှုပြီး ခရီးသည် များကို စုံထောက်ဘက်၊ ဆေးဘက်၊ နယ်အရာရှိများတံကို လက်မှတ်ရေးထိုးပြီး ၃-နာရီခွဲအချိန် ပြန်၍ထွက်လာခဲ့ရာ၊ သီဟိုဠ်ကျွန်း ဥတုရာသီမှာ အလွန် စိုပြေ စိမ်းစို ရှုကြည့်လို့ ကောင်းလှပါ၏။ နွေ-မိုးသည်း-ဆောင်းပါ(၁၂-ရာသီ၊သီဟိုဠ်ပြည်မှာ)မိုးသည်းအမြဲရွာတတ်ပါ၏၊ ကျွန်ုပ်တို့ နယုန်လထဲမှာရောက်သွား၍ စပါးများ အနှံထွက်စပြု၏။ ဥတုရာသီကောင်းလှ၏။ အုန်းတောကြီး၊ရော်ဘာတောကြီး၊လဘက်ခြံကြီးများသည် မဲမှောင်စိမ်း စိုလန်းဆပ်နေသော သစ်ပင်တောတောင်များကိုမြင်တွေ့ရသဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်များသည် ရွှန်းရွှန်းစို၍ ထိုတိုမျက်နှာ ရွှင်လန်းကာဖြင့် သာယာရှင်အေးစိတ်ကြည်ကာရှိကြလေသည်။ ကျွန်ုပ်တို့ စီးလာခဲ့သောလေယာဉ်ပျံသည် သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ လေ

ယာဉ်ပျံကွင်းကြီးကို ဝဲပျံသန်းလျက်ရှိ၏။ မကြာခင်လေယာဉ်ပျံမှ ဆင်းသက်ခါ ဆိုင်ရာအရာရှိ စုံထောက်၊ ပုလိပ်၊ ကာစတန်များထံလက်မှတ်ရေးထိုးပြီးနေစဉ်၊မြန်မာပြည်သံအမတ် ဦးတင့်ဆွေ၊ မေဂျာဂျင်နရယ် ဦးထွန်းလှအောင်၊ဒေါ်မခကြီး၊ သီဟိုဠ်တက္ကသိုလ်ပါဠိ ပရိဖက်ဆာ ဒေါက်တာ-မလလသေကရ တို့ ကားများနှင့် လာရောက် ကြိုဆိုနေကြသဖြင့် ၎င်းကားများပေါ်သို့ အသီးသီးပစ္စည်းများတင်၍ ကိုလံဘိုမြို့တွင်းသို့လာကြရာ၊ မကုဋ္ဌရာမကျောင်းတိုက် မြန်မာဘုန်းကြီးကျောင်းဆရာတော် ဦးဝိနယလင်္ကာရထံသို့ ကောင်းမွန်စွာ ရောက်ရှိပါသည်။ ဤချိန်ခါမှာ မေလ ၂၃-ရက် နယုန်လဆန်း ၈-ရက်နေ့ဖြစ်ပါသည်။ သီဟိုဠ်ကျွန်းမှာ ဗုဒ္ဓဘာသာအယူရှိကြတဲ့ တိုင်းပြည်များမှာ အသွားအလာ မခဲယဉ်းပေ။ သီဟိုဠ်သားများသည် ဘင်္ဂလီခေါ်-သီဟိုဠ်စကား၊ အင်္ဂလိပ်စကား၊ ပါဠိစကားများနှင့် ပြောဆိုသွားလာနိုင်သည်။ ပါဠိစကားများကို ကျောင်းသားသူငယ် ကလေးများပင် ပြောဆို တတ်ကြ လေသည်။ ဦးကုဏ္ဍလတို့သည် သီဟိုဠ်ရောက်တဲ့ နောက်တနေ့ နယုန်လဆန်း ၉-ရက်နေ့ နံနက်မှာ ကျန်းမာရေးဌာနသို့ သွားကြ၏၊ ပုလိပ်ဘက်ဆိုင်ရာ စုံထောက်ရုံးသို့ ကားနှင့်သွားကြပြီး အစစ်အဆေးခံ၍ ဆိုင်ရာလူကြီးများကို တိုင်တန်းကာ ပြန်လာကြပါသည်။ (နိုင်ငံခြား သွားတဲ့လူတိုင်း အရေးအကြီးဆုံး ကျန်းမာရေးဌာန၊စုံထောက်ဘက်ဌာနများ ကိုတိုင်ပြီးမှ) မိမိသွားလိုတဲ့နေရာသို့ သွားနိုင်ပါသည်။ သို့မဟုတ်က ဆိုင်ရာမှ အရေးယူဘခံဆိုးနိုင်သည်။ ကျန်းမာရေး ဌာနကို ၇-ရက်တခါသွားရ၏။

ဦးကုဏ္ဍလတို့မှာ မြန်မာပြည် ကမ္ဘာ့ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော် များအတွက် သီဟိုဠ်သား အဖွဲ့ချုပ်ကြီး၏ ဦးစီး

ခေါင်းဆောင် ဒေါက်တာ-မလဆေကရ က တာဝန်ယူထား၍ ရောက်စတခါ၊ ပြန်မည့်ရက် ၂-ခါမျှသွားခဲ့ရပါသည်။ ညနေ ပိုင်းမှာ အာရှတိုက်မှာအကြီးဆုံးသတင်းစာတိုက်ကြီးသို့ရောက် ကြပါသည်၊ ၎င်းသတင်းစာတိုက်မှာ စာလုံးစီ၊ အရိုက်၊စာရွက် ခေါက်အထိ အကုန်စက်နှင့်ချည်းဖြစ်ပါသည်။ အာရှတိုက်တခု လုံးမှာ ဤသတင်းစာတိုက်မျိုး သုံးခုသာ ရှိသည်ဟု သိခဲ့ရ၏။ (ဒေလီနယူးသတင်းစာ)ဟုခေါ်ပါသည်။ အင်္ဂလိပ်လိုထုတ်ဝေ၏၊ သတင်းစာတိုက်သည် အထူးတဲခုံသားကြီးကျယ်ကောင်းမွန် လှပါ၏။ မန်နေဂျင်းဒါရိုက်တာ လူကြီးများကို တွေ့လိုပါလျှင် အောက်ထပ် အစောင့်တယောက်၏ ညွှန်ပြ မှုရာသို့ သွားရပါ သည်။ ၎င်း ဒေလီနယူးသတင်းစာတိုက်ကြီးက ဦးကုဏ္ဍလတို့ ကိုယ်စားလှယ်တော်များအား ဓာတ်ပုံရိုက်ခြင်း၊ သတင်းကျေ ညာခြင်း၊ မြန်မာပြည်၏အကြောင်းအရာများကို မေးကြ-စမ်းကြ ပါသည်။ ဦးကုဏ္ဍလကိုက မြန်မာပြည်မှာ အေးချမ်းသာယာပါ ဘယ်၊သာသနာတော်သည် နေဝါလဝန်း ထွန်းလင်း တောက်ပ ကာရှိနေပါသည်ဆိုတဲ့ အဖြေများကိုပေးကြရပါသည်။ နယုန် လဆန်း ၉-ရက် နေ့သည် သံအမတ်ကြီး ဦးတင့်ဆွေ အိမ်၌ ဦးကုဏ္ဍလနှင့်အဘူသွားကြသော သံဃကိုယ်စားလှယ်ငါးပါး၊ သီဟိုဠ်ကျွန်းရှိ မြန်မာကျောင်း ဦးဝိနယာလင်္ကာရဆရာတော်ကြီး ပါ သံဃာ(၁၀)ပါးကို ဆွမ်း,အချိုအချဉ်နှင့် ကပ်လှူကြ၍ သီ ဟိုဠ်ရောက်စ ပဌမဆုံးမြန်မာဆွမ်းများကို စားကြရခြင်းပင် ဖြစ် သည်။သံအမတ်ကြီး ဦးတင့်ဆွေတို့ ကပ်လှူအပ်သော ဆွမ်းများ အလှူခံပြီးလျှင် မေတ္တာသုတ်ပရိတ်တရားများဟောကြား၍ ပြန် ခဲ့ပါသည်။

နယုန်လဆန်း (၁၀)ရက်နေ့က စ၍ ကမ္ဘာ့လူမျိုးပေါင်းစုံ ဗုဒ္ဓဘာသာအဖွဲ့ကြီးကို စတင်စည်းဝေးကြရမည့်အတွက်၊ မြန်မာပြည် သံဃာကိုယ်စားလည်း၊ လူကိုယ်စားလည်း စုပေါင်း၍ ဆွေးနွေးပွဲတရပ် လုပ်ကြကြောင်း။ သံဃာဘက်ကို သံဃာများက တာဝန်ယူပြီး၊ လူများအတွက် အကြီးအမှူး ခေါင်းဆောင် ရွေးချယ်လိုက်ရာ၊ နိုင်ငံတော် ရှေ့နေချုပ်ကြီး ဦးချန်ထွန်းကို ဥက္ကဋ္ဌ ရွေးချယ်သည်။ ဒုတိယ အဘက်မြန်မာပြည် မန္တလေး ဒေါက်တာ-စိုးနိုးယားကို တင်မြှောက်ကြပါသည်။

ဤနေ့ အစီအစဉ်ကားပြီး၏။

---

## ကမ္ဘာ့ရာဇဝင်မှာ မကြုံဘူးအောင်ထူးတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီး

## စ ပြီ

ဦးကုလျာသတို့သည် နယုန်လဆန်း(၁၀)ရက်နေ့ ကန္ဒီမြို့သို့ ကိုလံဘိုမြို့မှ မိုင် ၇၁-မျှ ဝေးကွာသော ဗုဒ္ဓမြတ်စွာ ဘုရားစွယ်တော်ရှိရာ ကန္ဒီမြို့သို့ (၁၁) နာရီအချိန် ၂၉-နိုင်ငံမှ တက်ရောက်ကြသော ကိုယ်စားလည်တော်များသည် ဘတ်(စ်)ကားကြီး၊ တိုင်စီ-ကားလေးများ ကားပေါင်း(၁၀)စီးခန့်နှင့် သွားရောက်ကြ၍၊ ဤနေ့မှာ မြန်မာကျောင်း ဦးညာဏကျောင်းတိုက်မှာ ဆွမ်းကပ်လှူကြပါသည်၊ လူများကို ဟော်တယ်တွင် ကျွေးမွေး ဧည့်ခံကြပါသည်။ နယုန်လဆန်း (၁၀) ရက်နေ့သည် ဦးကုလျာသတို့မှာ သီဟိုဠ်သူ-သီဟိုဠ်သားများ၏ ဆွမ်းဟင်း-ချိုချဉ်များကို အစဆုံး စားသုံးကြသော နေ့ထူးဖြစ်သည်။ နေ့ခင်း

(၃)နာရီအချိန် စွယ်တော်တိုက်ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီး ဖွင့်၍ စွယ်တော်များကို ဖူးမျှော် ကန်တော့ကာ အောင်မြေ မင်္ဂလာနှင်း၍ ကန္ဒီမြို့မှ (၅)နာရီပြန်လာခဲ့ကြပါသည်။ကားနှင့် ပြန်လာခဲ့ရာ ကိုလံဘိုမြို့သို့ ည (၉) နာရီအချိန် ရောက်ရှိပါ၏။ မကုဋရာမတိုက် ဦးဝိနယာလင်္ကာရ ဆရာတော်ထံ ညအိပ်ကြပါ သည်။

နယုန်လဆန်း(၁၁)ရက်နေ့နံနက်ပိုင်းမှာ သံအမတ် ဦးတင့် ဆွေ-နေအိမ်မှာ မြန်မာကိုယ်စားလည်များ စုဝေး၍ ကွန်ဖရင့် ကြီးမှာ ပြောကြဆိုကြရန် တိုင်ပင်ဆွေးနွေးပြီး၊ ကိုယ်စားလည် ကားတံဆိပ်၊ကိုယ်စားလည်လက်မှတ်များယူ၍ ညနေ(၄)နာရီ အချိန် ကိုလံဘိုမြို့ အကောင်းဆုံး အကျယ်ဝန်းဆုံး နေရာဖြစ် သော မြင်းပြိုင်ကွင်းကြီးတွင် ကြီးမားလှသော အဆောက်အဦ ထဲတွင် အသီးသီးရောက်ရှိကြ၍ (၅)နာရီ အချိန်မှာ နှုတ်ခွန်း ဆက် အစည်းအဝေးပွဲကြီး စတင်ပြီး ဖွင့်လှစ်ကြပါသည်။

သီဟိုဠ်အတီးအမှုတ်များတီး၍ ခရုသင်းကို မှုတ်လျက် ဖွင့် လိုက်ပါသည်။ သီဟိုဠ်မှာ သံဃဂိုဏ်း သုံးဂိုဏ်းရှိ၏။ ရှမ်းဂိုဏ်း, အမရပူရဂိုဏ်း, ရာမညဂိုဏ်းအားဖြင့် သုံးမျိုးသုံးစားရှိပါ၏။ ရှမ်းဂိုဏ်းက တန်ခိုးအကြီးဆုံးဖြစ်သည်၊ ရှမ်းဂိုဏ်း ဆရာတော် ကြီးတပါးက သီလပေး၍ ပရိတ်များ ရွတ်ဘတ်ကြ ပါသည်၊ သီဟိုဠ်ကျွန်း နန်းရင်းဝန်ကြီး ဆေနာနာယက-က အစည်းအဝေး ပွဲ နာယကပြုပြီး၍၊ဒေါက်တာ-မလလဆေကရ က အကျိုးဆောင် လုပ်၍ ကမ္ဘာ့ဗုဒ္ဓဘာသာ လူမျိုးစုံအဖွဲ့ကြီးကို နိုင်ငံအသီးသီးက ကိုယ်စားလည်တဦးကျစီ နှုတ်ခွန်းဆက် မိန့်ခွန်း ပြောဆိုကြပါ သည်။ ထိုနှုတ်ခွန်းဆက်ရာတွင် မြန်မာပြည်မှ သံဃာတော်များ

အတွက် အကျိုးဆောင်ချုပ် ရတနာပုံ-ဦးဇာဂရ၊ ဒါယကာများ အတွက် တရားဌာနချုပ်-ဦးချန်ထွန်း၊ အစိုးရအတွက် သံအမတ်ကြီး-ဦးတင့်ဆွေတို့က နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားကြောင်း။ ထိုနှုတ်ဆက်ပွဲ တက်ရောက်ကြသော ပရိသတ်များသည် ရှင်,လူ, ရဟန်း တသိန်းနီးတက်ရောက်ကြကြောင်း။ ည(၇)နာရီအချိန် အစည်းအဝေးပွဲ ရုပ်သိမ်းလိုက်ကြပါသည်။

အထူးမှာ နိုင်ငံခြား စည်းကမ်းဝတ္တရား ရှိပုံနှင့် ပုလိပ်ဘက်ဆိုင်ရာများက စောင့်ရှောက်ကြပုံသည် မိမိကားကို နံပါတ်မှတ်ထားရ၏။ ၎င်းကိုယ်စားလှယ်များ စီးသောကားများသည် အလွန်အားကြီး၍ ၁-မိုင်ခန့်လောက်မှာ သွားထားရ၏။ ပုလိပ်ဘက်ဆိုင်ရာက တယ်လီဖုန်း ဆက်၍ ခေါ်ပေး၏။ ၎င်းကား ရောက်လာလျှင် နံပါတ်ခေါ်၍ အော်လံနှင့်ပြောသည်၊ ကားနံပါတ်ကိုကြည့်နားထောင်ပြီးလျှင် မိမိကားကို မိမိစီး၍ပြန်လာရ၏။ နယုန်လဆန်း (၁၂) ရက်နေ့၌ ကိုလံမြို့ရှိ ကြက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံခဲ့သွားလှသော ဝိုင်-အမ်-ဘီ-အေ-အသင်းတိုက်မှာ နံနက် ၈-နာရီကစ၍ ဦးကုလ္လာလတို့ငါးပါး အဖွဲ့ဝင်ထဲက ဆရာတော် ဦးရေဝတကို ကမ္ဘာ့ကွန်ဖရင့်ကြီး၏ နာယကတင်မြှောက်လျက် ကွန်ဖရင့်ကြီး စတင်းပြီး ဖွင့်ကြပါသည်။ ဤအခါမှာ ဦးကုလ္လာလတို့ အဖွဲ့ဝင် ငါးပါးတွင် ဆရာတော် ဦးရေဝတက သီလပေးပြီး အားလုံးပရိတ်မေတ္တာရွတ်ဆိုကြပါသည်။

ကျွန်ုပ်တို့မြန်မာဘုန်းတော်ကြီး ၅-ပါးက မြန်မာပြည် ထုံးစံအတိုင်း ပရိတ်တော်များ ညီညာစွာ ရွတ်ဘတ်ရာ၊ အထူးပင်နှစ်သက်ကြည်ညိုကြပါ၏။ ကျွန်ုပ်တို့ ပရိတ်ရွတ်ပြီးလျှင် နိုင်ငံပေါင်း ၂၉-နိုင်ငံက ကိုယ်စားလှယ်တို့သည် အသီးသီး မိမိနိုင်ငံ

ဒေသက ယခုလက်ရှိ သာသနာရေး၊ ဘာသာရေးတို့ကို အစီရင်ခံကြပြီး ပြောဆိုရှိ ပြီးဆုံးကြ၏။ သီဟိုဠ်ကျွန်း သီလပေးနည်းနှင့် သီလပေးပုံမှာ၊ လူများ(နမောတဿ-ကစဆို၍ ဘုန်းကြီးက ဆုမပေးရဘဲ) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-က စ၍ငါးပါးသီလ ဆုံးတဲ့အခါ လူများက သာဓုသုံးကြိမ်ခေါ်၍ ပြီးဆုံးပါ၏။ သီဟိုဠ်မှာ (သ)အသုံးအစွဲမရှိ။ (သ)အစား (စ-ဆ-ဇ-ည) ကိုသာ သုံးကြပါ၏။ဥပမာ(နမောဟာသိစ၊စမ္မာ၊စမ္ဗုဒ္ဓသိစ)ဆိုကြ၏၊(ဗုဒ္ဓံစရဏံ ဂပ်ချာမိ) ဟု ဆိုကြလေသည်။ ပရိတ်ရွတ်, သီလပေး, တရားဟောအလွန်ရှည်လျားစွာ ဆွဲ၍ရွတ်ကြသည်၊ သာဓုကို (ဆား)ခု-ဆိုတဲ့ အသံမှာ စဉ်းငယ်မျှ ရှိ၍ (ဆား) ဆိုတဲ့ အသံသာကြားရ၏။ ၂၉-နိုင်ငံက တက်ရောက်ကြသော ကိုယ်စားလှယ်များ လက်ရှိ ဘာသာ-သာသနာကိစ္စ အဝဝတို့ကို ပြောဆိုပြီးလျှင် မဟာယာနဂိုဏ်း၊ ဟိနယာနဂိုဏ်းကြီး ၂-ဂိုဏ်း ကမ္ဘာပေါ်တွင် ရှိပါ၏။ ၎င်းဟိနယာနဂိုဏ်းဟု ခေါ်သည့်မှာ မြန်မာပြည်၊ သီဟိုဠ်၊ ယိုဒယား၊ ဤသုံးပြည် သာသနာကို ဝိနည်းတော်အရ ဗုဒ္ဓအလိုတော်ကျ တပယ်ဘန်း လိုက်နာကျင့်ကြံ အားထုတ်ကြသော တိုင်းပြည်များကို (ဟိနယာနဂိုဏ်း) ဟု ခေါ်ဆိုကြ၏။ တိဘက်, ချိုင်းနား, ဂျပန်, ကမ္ဘောဇ, ဂျက်ကိုးစလိုးဘီးယား အစရှိတဲ့ အသင်အရောင်မျှ ဗုဒ္ဓဘာသာ-သာသနာရေးကို လုပ်ကိုင်ကျင့်ကြံနေကြသည့် ပုဂ္ဂိုလ်များကို (မဟာယာနဂိုဏ်း)ဟု ရှေးအခါကစ၍ ခေါ်ဆိုနေကြလေ၏။ ထိုကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီးမှာ ဦးကုဏ္ဍလတို့အဖွဲ့ မြန်မာပြည်က (ဟိနယာန) ဟု မခေါ်စေဘဲ၊ (ထေရဝါဒဂိုဏ်း) ဟု ခေါ်တွင် သုံးစွဲကြရန်၊ ၎င်း ကွန်ဖရင့်ကြီးမှာ ပြင်ဆင်၍ တင်သွင်းပြီး ဆုံးဖြတ်ခဲ့ကြကြောင်း။ကမ္ဘာ့နိုင်ငံပေါင်းစုံကြီးမှာ(၁)မြန်မာပြည်၊(၂)သီဟိုဠ်

(၃)ယိုဒယားဟူ၍ တကယ်တန်းသိ၊ တကယ်တန်း လုပ်ကိုင်တဲ့ သာသနာ-ဘာသာရေးမှာ မြန်မာပြည်ကို(၁)ပေး၍ နိုင်ငံတိုင်း ကိုယ်စားလှယ်များသည် မြန်မာပြည်ကိုအရေးပေးအသားထား ၍ ထိပ်တန်းထားလျက် ပြောဆိုသွားကြပါသည်။ ဦးကုဏ္ဍလတို့ မြန်မာပြည် ငါးပါးအဖွဲ့သည် နေ့ရော-ညဥ့်ရော အားလပ်ချိန် မရ ဆွေးနွေးပွဲ,စာရေးခြင်းကိစ္စ ပင်ပန်းစွာ သွားလာလုပ်ကိုင် လျက်ပင် သီဟိုဠ်ကျွန်းမှာ နေထိုင်ကြရပါသည်။ ဤနေ့သည် ညနေငါးနာရီထိုး၌မိနေရာ ဓမ္မဂိုဒါလမ်းရှိ မြန်မာကျောင်းသို့ ပြန်ခဲ့ပါ၏။ ၎င်းည ၉-နာရီအချိန် ကလျာဏီသိမ်၊ရှေးအခါက ရဟန္တာများသမုတ်ယားသော သိမ်သို့ ပရိတ်ရွတ်ပွဲ၊ မီးထွန်းပွဲ၊ ကလျာဏီသိမ်၊ (ကလျာဏီမြစ်ရှိလို့ ကလျာဏီသိမ်ခေါ်၏။) အကြောင်းများကိုလိုက်၍ ပြသကြပါသည်။ မိမိ တည်းခိုရာ ဌာနသို့ ည(၁၁)နာရီ ပြန်ရောက်၏။ (ဤနေရာမှာ သီဟိုဠ် ကျွန်း၏ အစားအသောက်များကို ပြဆိုပေအံ့။)ဆွမ်းကျွေးလျှင် လူတယောက် ပန် ကန်ပြားဘချပ်ကျနှင့် မုန့်,သစ်သီး,ဟင်းများ လိုက်၍ ထည့်ပေးကြ၏။ သံဃာတော်-နှစ်ရာကျွေးနိုင်၏။ဥပမာ- ကျောင်းကိုဆွမ်းကျွေးလျှင် ဘေးပယ်ပြီး ဆာလီခေါ် မင်္ဂလာ ဆောင်စဥ်က ဝတ်သည့် မိန်းမလုံချည်ကို အောက်ကခင်း၍ သံဃာများက ၎င်းအခင်း လုံချည်ပိတ်ဖြူပေါ်မှာ ထိုင်ပြီးနေရ သည်၊ ပဌမ သစ်သီးဆွမ်းခေါ် လိမ္မော်သီး, နာနတ်သီး,သရက် သီး,ငှက်ပျောသီးများကို ပန်းကန်ပြားတွင်ထည့်၍ ငှက်ပျောဖက် ဖုံးလျက် လာကပ်ပါသည်။

ပြုတ်ဆန်ကိုချက်၍၎င်း၊ သီဟိုဠ်ဆန်ကိုချက်ပြီး၎င်း၊ ပန်းကန် ပြားကြီးနှင့်လာ၍ ကပ်ပါ၏။ ဟင်းချက်လျှင် အုန်းဆီနှင့် ချက် သည်။ အုန်းသီးပေါသောဒေသဖြစ်၍ အုန်းသီးကို ဇာတ်လိုက်

လုပ်ပြီး သုံးစွဲလေ့ရှိ၏၊ ငါးဟင်းဟာ အကောင်းဆုံးထား၍ သုံး စွဲစားသောက်ကြပါ၏။ သက်သတ်လွတ် စားသည်၊ ပိန္နဲသီး, ငှက်ပျောသီး, ပေါင်သီးများကို ဟင်းချက်လေ့ရှိကြ၏၊ မုန့်အစား များသည်။ သီဟိုဠ်ပေါ်ခေါ် (ဆန်ဘောလယ်) ကို အစား များသည်၊ ၎င်းဆန်ဘောလယ်သည် အောင်ဗလကပ်တုငါးကြီး သားနှင့် အုန်းဆံ ဗြုတ်သီးစပ်စပ်နှင့် ညက်အောင်ထောင်းပြီး မုန့်နှင့်စား၊ ဆွမ်းနှင့်စားကြတာများ၏။ သည်ထက်ပိုပြီးစပ်သော (ရက္ခဆန်ဘောလယ်)ခေါ်တဲ့ သီဟိုဠ်ငပိက အလွန်စပ်ပူလှပါ ၏။ အုန်းနို့ကြဲကြဲ ဗြုတ်သီးစပ်စပ် ပြင်းတော်သိမ်ရွက်နှင့်ချက်၍ ပေါင်မုန့် မြန်မာပြည်အာပုံကို အာပွဲ၊ မြန်မာပြည် ကြာဇံပြုတ် လိုမုန့်ကို မုန့်တော်ဇံ၊ ပီပုခေါ် မြန်မာပြည် ကောက်ညှင်းကျီ ထောက်မုန့်ကိုခေါ်၏။ ရိုးတီးခေါ် မုန့်ချဉ်, မုန့်ချို အမျိုးမျိုးရှိ ပါသည်၊ သူတို့တိုင်းပြည်လုပ် မုန့်ကို စားဘူးသည်ရှိအောင် အကုန်စားကြည့်ပါသည်၊ သီဟိုဠ်မှာ အုန်းပေါ၏။ ရော်ဘာပင်၊ လဘက်ခြောက်၊ ဆင်ပေါ၏။

မြန်မာပြည် ဆန်စပါးဈေး ကောင်းမှ ချမ်းသာ ကြ သလို၊ သီဟိုဠ်မှာ အုန်းဈေးကောင်းမှ ချမ်းသာကြ၏။ ငှက်ပျောသီးမှာ မြန်မာပြည်စားတဲ့ အမည့်မျိုးဆိုလျှင် ပုတ်တယ်ဆိုပြီး လွှင့်ပစ်၏။ သီဟိုဠ်မှာ မနှည်ကမှည် ဝမ်းပြင်းမှစားသည်၊ ဆန်ကာတင်း ကရာ ပေးရ၏။ တနင်္ဂနွေတပါတ်လျှင် လူတယောက်မှာ ရာရှင်ဆန် နို့ဆီဘူးတလုံးမျှရ၏၊ ဆန် အစားနည်းသည် မုန့်ကိုစား၍နေကြ ပါသည်။ ဂျုံအသုံးများ၏၊ နယုန်လဆန်း(၈)ရက်နေ့ သီဟိုဠ် ကျွန်းမှာ စပါးများ တတောင်-တောင်ဆုပ်မျှ ရှိကြလေသည်။ ဦးကုဏ္ဍာလတို့ရောက်သည့် အချို့နေရာမှာ စပါးရိတ်ကြ၏။ အချို့ နေရာမှာ စပါးထွက်ခေါ်ကုန်သည်၊ အချို့နေရာမှာ ထွန်တုံး-

စိုက်ဝိုးပင်၊ သီဟိုဠ်စပါးစိုက်ပျိုးနေကြသည်မှာ လူဆယ်ယောက်-ဆယ့်ငါးယောက်တတွဲ ပေါက်တူးများနှင့်တူးဆွလျက် စိုက်ပျိုးကြသည်။ အချို့နေရာမှာ နွားများနှင့်လယ်လုပ်နေတာကိုမြင်တွေ့ခဲ့ရ၏။ သီဟိုဠ်ထွက် ဆန်စပါးများသည် အလွန်ကြမ်းတန်းလှ၏။ အညာမရင်းဆန်ခေါ်သည့် နီကြောင်လျက် အလွန်ကြမ်းလှတဲ့ စပါးမျိုးထွက်သည်။ သီဟိုဠ်သူများသည် သူတို့တိုင်းပြည်ထွက်ဆန်မှ ချက်တတ်၏။ မြန်မာပြည်ကဆန်ချက်လျှင် ပြော့စိစိနေတတ်သည်။ သီဟိုဠ်မှာ ထမင်းရေခန်းချက်သည်၊ အုန်းရွက်နှင့်ဖြစ်၍ တခါတလေ ပြော့နေတတ်သည်၊ တခါတလေမကျက်မနပ် ရှိတတ်ပါသည်။

နယုန်လဆန်း ၁၃-ရက်နေ့ နံနက် ၉-နာရီအချိန်တွင် ဗုဒ္ဓမြတ်စွာ သာသနာတော် အစွန့်ရှည်စွာ တည်ပါစေသားဆိုလို့ အောင်မြေအုဋ္ဌမြေချပွဲလုပ်ကြသည်။ ကိုယ်စားလည်တိုင်း အုဋ္ဌတချပ်စီ အုဋ္ဌမြေချကြရသည်၊ ဝိုင်-အမ်-ဘီ-ဧအ ဗုဒ္ဓဘာသာအဖွဲ့ကြီးက ကိုယ်စားလည်များ ဧည့်ခံကပ်လှူကြသည်၊ သက်နီးကပ်လှူကြ၏၊ နေ့ခင်း ၁၂-နာရီသိုးမှာ ကိုလံဘိုမြို့နှင့် မိုင် (၅၀) ဝေးကွာသော ဘာလပိတိရမြို့သို့ ဘတ်စ်ကားကြီး များနှင့်သွားကြ၏။ ကာလတိတ္တ-ကာရွဋ္ဌ-ရည်း မြန်မာပြည်ဆရာတော်ဦးရေဝတ-က ဤလက်ာဒီပမှာ ဘုရားသုံးကျိပ် ရောက်ကြောင်းသာသနာထွန်းလင်းကြောင်းများကို ပါဠိလိုဟောပြောပြီးလျှင် ဘာလပိတိရမှာ သီဟိုဠ်ဘုန်းကြီးသုံးပါး ရေဟန်းခံခြင်းပြီးမှ ည ၉-နာရီအချိန်မှာ ပြန်လာခဲ့ရာ၊ ကိုလံဘိုမြို့ မိမိတည်းခိုရာဌာနသို့ ၁၂-နာရီသိုးမှ ရောက်သည်၊ နယုန်လဆန်း ၁၄-ရက်နေ့ နံနက် ၉-နာရီအချိန်မှာ ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်ကြီးမှာ မြန်မာပြည် ဂိုဏ်းပေါင်းစုံ မဟာသံဃာအဖွဲ့ချုပ်ကြီး၏ လက်

ရှိ သာသနာရေး - ဘာသာရေးများကို ဟော ပြော ပွဲ လုပ်ပြီး ညနေပိုင်း ၂-နာရီခွဲအချိန်မှာ ကိုယ်စားလှယ်အသီးသီး တော်မီတီဖွဲ့၍ လုပ်ငန်းစဉ်တာဝန်များကို ဖွဲ့စည်းလုပ်ကိုင် ကြရပါသည်။ ၎င်းအဖွဲ့တွင် ဗြဟ္မစိုရအဖွဲ့မှ ဦးကုဏ္ဍလတို့ ပါဝင်၍ အလံကိုစုံ ဟံဆိပ်ကိစ္စ အဖွဲ့ကြီး၏ အရေးပါသော သော့ချက် လုပ်ငန်း တာဝန်များကို အသီးသီး လုပ်ကိုင် ကြရပါသည်။ နယုန်လဆန်း ၁၅-ရက်နေ့မှာ ကိုလံဘိုမြို့မှ မိုင်(၂၀)ဝေးကွာသော ကုရနာဂလမြို့သို့သွားကြပါသည်။ ၎င်းမြို့ ဟော်တယ်တွင် ဆွမ်းစားကြပြီး ဦးကုဏ္ဍလဘို့က မြန်မာပြည်ကအတိုင်း မေတ္တာ သုတ်တရားတော်များကို ချီးမြှင့်ခဲ့ပါသည်။ ၁၂-နာရီအချိန်တွင် ၎င်းဟော်တယ်က ထွက်ခွာခဲ့ရာ အနုရာဓမြို့ဟောင်းကြီး ပျက်စီး နေဘာကို မြို့သစ်ဖွင့်လှစ်ပွဲ ကိုယ်စားလှယ်ပေါင်းစုံနှင့် ပြုလုပ်ကြ ပါသည်။ နယုန်လပြည့်နေ့ကို ဦးကုဏ္ဍလတို့ မြန်မာနိုင်ငံ ကိုယ် စားလှယ်အဖွဲ့များ မြန်မာဘုန်းကြီးကျောင်း၌ ရောက်ရှိကြသည့် လူများအတွက် ဟော်တယ်တွင် နေထိုင်ချ သွားကြပါသည်။ သီဟိုဠ် တကျွန်းလုံး ၌ကျင်းပသည့် ရှင်မဟိန္ဒ ရောက်ရှိတဲ့နေ့မို့ နေ့ထူး- နေ့မြတ် အနုရာဓမြို့၌ မဟိန္ဒနေ့ ပွဲတော် အကြီးအကျယ် လုပ်၍ ရှင်မဟိန္ဒာလှည့်ပွဲကြီး ပြုလုပ်ကြလေသည်။ သီဟိုဠ်ကျွန်းမှာ နယုန် လပြည့်နေ့သည် ရှင်မဟိန္ဒနေ့ဟူ၍ အကြီးအကျယ်ပွဲတော်ကြီး တတိုင်းပြည်လုံး လုပ်ကြ ကျင်းပကြပါသည်၊ နယုန်လပြည့်နေ့ သည် ရှင်မဟိန္ဒနေ့ ခေါ်တွင်စေသည်၊ မြန်မာပြည်မှာလည်း သောဏာဆောင်နေ့ဟူ၍ တန်ဆောင်မုန်းလပြည့်နေ့ကို သတ်မှတ် ပြီး လုပ်သင့်-လုပ်ထိုက် လေသည်။ ဗြဟ္မစာလ သုတ်ကိုလည်း ၎င်းပွဲတော်အခါ ရွတ်သင့်လှပေသည်။

ပြီး၏။

## အနုရာဓမြို့၏အကြောင်း

ဦးကုလ္လာလသည် ဤနေရာ သိဟ်ဠ္ဌကျွန်း အနုရာဓမြို့၏ သိသင့် သိထိုက် သော အပ်ဓသာအကြောင်းအရာများကိုပြောရမည်ဆိုလျှင်၊ ကိုလံဘိုမြို့မှခရသော် မိုင်ပေါင်း ၁၂၇-မိုင်ခဝးကွာခသာ အနုရာဓမြို့ကြီးရှိ၏၊ ထိုမြို့ကြီး၏အကြောင်းမှာ သီဟိုဠ်ကျွန်း၌ ဝိဇယမင်းသည် ဘီလူးတိုက်ကိုနှိမ်နင်း၍ အောင်မြင်ပြီးသော်၊ တမ္ဗပဏ္ဏိမြို့ကိုဘည်ထောင်၍ ကုဝေဏ္ဏဘီလူးမနှင့် စိုးစံတော်မူလေ၏။ ထိုနောက် ဝိဇယမင်း၏ အနုရာဓအမတ်သည် ကဒမ္ဗမြစ်နား၌ ရွာတည်၍နေလေ၏။ ထိုရွာကို အနုရာဓဟု ခေါ်တွင်ကြ၏။ အမတ်ကြီး ငါးဦးတို့သည် အသီးသီးရွာကာည်၍ ၎င်းအမတ်ကြီးများနေတဲ့နေရာတွင် အမတ်၏အမည်များတွင်၍နေရစ်ခဲ့၏၊ ဇမ္ဗူဒိပ်ကျွန်း ဒက္ခိဏ မဓုရာပြည်ရှင် ဘုရင် ပဏ္ဍုခင်းကြီး၏ သမီးတော်ကို တောင်းခံ၍ ဝိဇယမင်းသားအား ဘိသိက် မြှောက်တင်ကြလေ ကုန်၏။ ဤမြို့ကို ဝိဇယမင်းသား တည်ထောင်သည်ကို အစွဲပြု၍ တမ္ဗပဏ္ဏိဟူ၍၎င်း၊ အနုရာဓအမတ်ကြီး တည်ထောင်သောရွာကို အစွဲပြု၍ အနုရာဓဟူ၍၎င်း ခေါ်တွင်ကြသည်။ ဤမြို့သည် မြတ်စွာ ဘုရား သာသနာတော် ပွင့်လင်းရာ - စည်ကားရာ သာသနာ မဂ်လာ အောင်ခမြေကြီး ဖြစ်ပေ၏၊ မြန်မာပြည် ပုဂံမြို့မှာ ဘုရားပေါ်များသလို ဤအနုရာဓမြို့မှာလည်း ရဟန္တာများ ကျောင်းပေါင်း မြောက်များစွာ ရှိကြလေ၏။ ရှေးရဟန္တာများ တရား အားထုတ်တဲ့နေရာ ကျောင်းများမှာ အလွန် စိတ်ဝင်စားစရာ ကောင်းလှပေ၏။ ယခုအခါ လူတို့ ဝေါဟာရဖြင့် အနုရာဓဟူ၍ ခေါ်ဆိုသည်ကို မှားကြ၏။ ထိုမြို့ဒေသမှာ ထင်ရှားကျော်စော လှသည့် ရှေးအခါက တည်ထား ကိုးကွယ်ကြသည့် သာသနာ့ အဆောက်အဉီများကိုပြောရလျှင် အရှင်မဟိန္ဒမထေရ်နှင့်ဒေဝါ

နှံ ပီယတိဿမင်းကြီးသည် အနုရာဓမြို့၏ တောင်မျက်နှာအဘို့ကို ဒေသစာရီ လှည့်လည်တော်မူကြရာ၊ အဘယဝါပီရေကန်ကြီး၏ အရှေ့ဘက် ရောက်ရှိသောအခါ၊ မင်းကြီးသည် မုလေးပန်း ရှစ်ဆုပ်ကို မထေရ်မြတ်အား ဆက်ကပ်လေ၏။ ရှင်မဟိန္ဒသည် မြတ်စွာဘုရားသခင် ရှစ်ဝါမြောက်၌ ကဆုန်လမှာ ထေရ်သံဃာ ငါးရာနှင့် တတိယမြောက် သီဟိုဠ်ကျွန်းသို့ ကြွလာတော်မူ၍ သမာပတ်ဝင်စားရာတွင် ထိုပန်းကိုကြဲဖြန့်၍ ပူဇော်လေ၏။ မဟာ ပသဝိမြေကြီး တုန်လှုပ်လေသည်။ မြေကြီး တုန်လှုပ်ကြောင်းကို မင်းကြီးမေးလာဖြင့် ရှင်မဟိန္ဒ ဖြေကြားတော်မူ၏။ ဤနေရာကား ငါတို့မြတ်စွာဘုရားသခင်သမာပတ်ဝင်စားရာတည်း။ မဟာစေတီ နေရာမှာလဲ ဤကဲ့သို့ ပန်းများ အဓိဋ္ဌာန်၍ ရှင်မဟိန္ဒကြဲဖြန့်လေ လျှင် မြေလျှင် တုန်လှုပ်လေ၏။ ဤအခါ ဒေဝါနံ ပီယတိဿ မင်းကြီးအရာ မှတ်သော နောက်မြေးတော် ဒုဋ္ဌဂါမဏိ အဘယမင်းကြီးတို့ တည်လတ့်။ ဒုဋ္ဌဂါမဏိမင်း-အဘယမင်းတို့ သည် ကျေးကုလား သုံးကျိပ်နှစ်ယောက်ကို နှိပ်ကွပ်၍ သီဟိုဠ် ကျွန်း၌ တဦးတည်း စိုးစံနေတော်မူ၍ သာသနာတော်ကို ပြုစု တည် ထောင် တော် မူ လေ သည်။ သီဟိုဠ်ကျွန်း အနုရာဓမြို့၏ အကြောင်းကို အကျယ်ကြည့်လိုမူ မဟာဗောဓိဒိမဂ္ဂဒီပနီကျမ်း ကိုကြည့်လေ။ ဦးကုဏ္ဍလတို့ရောက်ရှိခဲ့စဉ်အခါ မဟာစေတီသည် အောက်ဘိနပ်တော်မှ အထက်ငှက်မြတ်နားအထိ ပေပေါင်းသုံး ရာ၊ အောက်ဘိနပ် လုံးပတ်တော် ပေပေါင်းကိုးရာရှိ၏။ ၎င်းစေတီ ကြီး၏အရှေ့တောင်ထောင့်ကပ်၍ ကကုသံ, ကောဏဂုံ, ကဿပ, ဂေါတမ-ရုပ်တော်မူပုံ။ အရှေ့မျက်နှာမှာ ငရဲခန်း ရုပ်ပုံများ၊ စေတီတော်ကို ရှိခိုးလျက် ဒုဋ္ဌဂါမဏိကျောက်ရုပ်ပုံ ငါးတောင် ခန့်ရှိ၏။ တံတိုင်းသုံးထပ်ရှိ၏။ ၎င်းဘုရား၏ အရှေ့တောင် ၁-မိုင်

ခန့်မှာ သမာပတ်ဝင်စားရာ ဘောဇကျောင်းတိုက်၊ ကျောက်စည်ရေကန်၏။ ကျွန်ုပ်တို့မြန်မာကျမ်းဂန်များ၌ ယာဂုစားကျင်းလို့ပါရှိ၏။ ယခုအခါ ဦးကုလ္လာလတို့ရောက်သော အနုရာဓမြို့မှာ ဇေတဝန်ကျောင်းတိုက်ကြီးမှာ ကျောက်တိုင်, ကျောက်အခင်း, ကျောက်လှေခါး တွေ့ရ၏။ အတောင် ၄၀-မျှရှိသော ယာဂုစားတန်းကြီးရှိသည်။ အနံ ၂-တောင်၊ အစောက် ၂-တောင်ရှိသည်၊ ရှေးအခါက ၎င်းယာဂုစားကျင်းထဲသို့ လှူလိုတဲ့ တကာ-တကာမများက လှူပစ်ခဲ့၏။ ဘုဉ်းပေးလိုသော ရဟန်းများက သပိတ်နှင့် ခပ်ယူ၍ ဘုဉ်းပေးကြသည်။ ဤကား အနုရာဓမြို့၏ မှတ်သားလောက်စရာ သာသနာ့မှတ်တမ်း မဟာစေတီအကြောင်း ပြီး၏။

---

## ရှင်မဟိန္ဒမထေရ်၏ သာသနာပြုခြင်း အကြောင်း

ထင်ရှားသော လောဟပါသာဒကြီးပြာသာဒ် အကြောင်းမှာ၊ ငါတို့ မြတ်စွာဘုရား သမာပတ်ဝင်စားတော်မူသည့်နေရာ ကဿပ ဘုရားရှင် လက်ထက်တော်၌ မြတ်စွာဘုရားသခင်အား ပန်းလှူခဲ့ဘူးသောကြောင့် အာကာသဋ္ဌနတ်စည်းစိမ်ကိုရရှိသော ဘုရားဖူးနတ်သမီးသည်ရှိ၏။ ရဟန္တာမထေရ်တို့သည် ထိုနတ်သမီး၏ ဗိမာန်နှင့်ပုံပွား ရေးကူး၍ ဒုဋ္ဌဂါမဏိမင်းအားပြ၏။ ထိုမင်းကြီးသည် ၎င်းပုံအတိုင်း ကုဋေသုံးဆယ်အသပြာငွေကို အကုန်ခံ၍ ဘုံကိုးဆင့်ဖြင့် ဆောက်လုပ်လှူဒါန်းတော်မူ၏၊ လောဟပါသာဒပြာသာဒ်၏ ယခု ဦးကုလ္လာလတို့တွေ့ရှိခဲ့ပုံမှာ ပျက်စီးယိုယွင်းနေသည်၊ ကျောက်တိုင်များ အချို့လဲ၍ အချို့လဲလုနီးပါး ရှိကြလေသည်။ ၎င်းအဆောက်အဦကို ဆူးသံကြိုးများ ဝိုင်းကာလျက်ထားသည်။ သီဟိုဠ်ခေါ် ဒက္ခိဏာသာခါ မဟာဗောဓိပင် သည်

မိတ္တမင်းသွီးစိုက်သော မောဓိပင်နှင့်နီးသည်၊ လောဟပါသာဒ ကြေးပြာသာဒ်၏အရှေ့ဘက်အနီးမှာ မြတ်စွာဘုရား သမာပတ် ဝင်စားသောနေရာ၊ ဒေဝါနံ ပီယတိဿမင်းက ရှင်မဟိန္ဒကို သရက်သီးကပ်လှူ၍ ထိုသရက်သီးစေ့ကိုစိုက်၍ မြေကြီးတုန်လှုပ် ခြင်းကြောင့်၊ နောင်အခါ သံဃာတော်များ စုဝေးရာအရပ် ဖြစ်သတ္တံ့ဟု မှာဒိတ်ပေး၏။ ဤနေရာကို ယခု အမ္ဗင်္ဂဏဟု ခေါ်ဆိုလေ၏။

ပြီး၏။

---

## ဒက္ခိဏသာခါ မဟာဗောဓိပင်အကြောင်း

ဦးကုဏ္ဍလသည် မဟာဗောဓိ အင်ကြင်းပုဇော်ခြင်း သိုက် ညွှန်းကျမ်း၌ အကျယ်ရေးခဲ့ပြီးဖြစ်သော ဤဒက္ခိဏသာခါ မဟာ ဗောဓိအကြောင်းမှာ ကျွန်ုပ်တို့ရောက်ခဲ့-တွေ့ခဲ့ရသည့် အစီအစဉ် မှိသာ ပြဆိုရေးသားလိုက်ပါ၏။ မဇ္ဈိမသောက မင်းကြီးသည် သက္ကရာဇ် ၂၃၆-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅-ရက်နေ့ ဒက္ခိဏသာခါ မဟာဗောဓိပင်ကို ရွှေဖျည်း၌ တည်စေပြီးလျှင်၊ သီတင်းကျွတ် လပြည့်ကျော် ၁၄-ရက်နေ့ ပါဋလိပုတ်ပြည်သို့ ပင့်ဆောင်လျက် ပူဇော်ခြင်းတို့ဖြင့် ပူဇော်ပြီးလျှင်၊ သွီးတော် သင်္ဃမိတ္တာသည် သီဟိုဠ်ကျွန်းသို့ ကြွသွားသောအခါ၊ ခြံရံခြင်း အမျိုးမျိုးတို့ဖြင့် ရံခြံ၍ဘည်လိုက်လေ၏။ ဇမ္ဗုကောလဆိပ်ကမ်း မှ ကြိုဆို၍စောင့်ရှောက်နေစဉ်၊ မဟာဗောဓိပင်သည် တိမ်တိုက် အတွင်း၌ ခုနှစ်ရက်တို့ပတ်လုံးကြွသွား၍တည်နေလေ၏။ ခုနှစ် ရက်ဘလွန်၍ ပြန်ကြွလာသောအခါ၊ တန်ခိုးပြာဋိဟာကိုပြတော် မူ၏။ မင်းကြီးသည်သူ၍မဟာမေဃဝံဥယျာဉ်၌ စိုက်ပျိုးကိုးကွယ်

လေ၏။ မဟာမောဓိပင်မှာ သီဟိုဠ် ကျမ်းစာများ၌ အဋ္ဌဖလ ဆိုကြ၏။ မြန်မာကျမ်းဂန်များက အသီးငါးလုံးရှိ၏။ တလုံး-တလုံးလျှင် ရှစ်ပင်-ရှစ်ပင်စီဖြစ်၍ လေးဆယ်သော မဟာမောဓိပင်ကို ပေါက်လာသည်၊ ဇမ္ဗူကောလဆိပ်ကမ်း၌တပင်၊ မိဿကကောင် အမ္ဗတ္ထလကုန်း၌တပင် ဤသို့စသည်ဖြင့် တပင်စီ-တပင်စီ စိုက်ပျိုး၍ ကိုးကွယ်ဆည်းကပ်ကြလေသည်။ ယခု ဦးကုဏ္ဍလတို့ ရောက်ခဲ့စဉ် တွေ့ရတုန်း အခါက လောဟပါသာဒ ပြာသာဒ်၏ တောင်မျက်နှာ ၁-မိုင်ခန့်အရပ်မှာ ကျောက်တံတိုင်း၊ ကျောက်အုဋ္ဌ်ခုံလှေကားနှင့်တကွ ကျောက်အုဋ္ဌ်ပလ္လင်သုံးဆင့်၊ သံဝရံတာ ပိုးကာထားသည်၊ ယခုနေရာ၌ မြတ်စွာဘုရားသခင် သမာပတ် ဝင်စားခဲ့ဘူး၏၊ ရာဇဝင်ကျမ်းဂန်မှာ ကြည့်လေ၊ ဦးကုဏ္ဍလ တည်းခိုနေသော မြန်မာကျောင်း၏ နောက် ကျောဘက်တွင် ၁-မိုင်ခန့်ဝေးကွာသော နေရာမှာ အချို့က ဘုရားပျက်ကြီးဟု ပြောဆိုကြသည်၊ အချို့က သင်္ချိုင်းနေရာလို့ ပြောဆိုကြလေသည်၊ ဦးကုဏ္ဍလတို့ စုံစမ်းရခဲ့သည်မှာ မဟာမောဓိပင်၏ အနောက်ဘက်မှာ ပေတရာလမ်းအတိုင်း တောင်ဘက်သို့သွားလျှင် စေတီပုံသဏ္ဌာန်နှင့်ဘူး၏။ ဧဠာရကျေးမင်း၏ သင်္ချိုင်းရာကို နောက်လူ-နောက်သားများ မှတ်သားစေရန် ထိုနေရာကို ဒုဋ္ဌဂါမဏိမင်းကြီးနှင့် စစ်ထိုး၍ လုံချက်ဖြင့် သေဆုံးရရှာသော ဧဠာရကျေးမင်း၏ သင်္ချိုင်းပင်တည်း။

ပြီး၏။

## ဇူသရမုနိစေတီအကြောင်း

နယုန်လပြည့်ကျော် တရက်နေ့မှာ ဦးကုဏ္ဍလတို့ ခရီးထွက်၍ လှည့်လည်ဘုရားဖူးခဲ့ရာ၊ ဇူသရမုနိစေတီတော်မှာ အနုရာဓမြို့ မြန်မာကျောင်းမှ တောင်ဘက်သို့ ထွက်သွားလျှင် ဗွေါရကျေးမင်းသင်းချိင်းမှ လမ်းမကြီးအတိုင်းသွားလျှင် ရှင်မဟိန္ဒမထေရ် သီတင်းသုံးရာ ကျောက်ဂူရှိ၏။ ထိုကျောက်ဂူ၏အဆက်၌ကား ကျောက်လှေကား၊ သံလက်ရုံးဝန်းတာတို့ဖြင့် ဆင်ယင်၍ ဒေဝါနံပိယတိဿမင်း တည်ထားကိုးကွယ်သော ဓာတ်တော်စေတီတဆူ ရှိ၏။ ထိုစေတီတော်ကို ဇူသရမုနိ စေတီတော်ဟု ခေါ်တွင်၏။ ၎င်းအနီးမှာ ဗောဓိပင်ဘာပင်ရှိ၏၊ ဘုရားတံတိုင်းရှေ့မှာ ကန်နှစ်ကန်ရှိလေသည်။ လူအများ အသွားအလာ များပြားလှပေသည်၊

ဇူသရမုနိစေတီအကြောင်းပြီး၏။

---

ဦးကုဏ္ဍလတို့ ကားဖြင့် ရှေ့သို့ သွားကြရာမှာ၊ ဇူသရမုနိစေတီ၏ ဘောင်ဘက်သို့ ယမ်းမကြီးအတိုင်းသွားလျှင် လမ်း၏အရှေ့ဘက်မျက်နှာမှာ ဇူသိဂိရိခေါ် ကျောက်တောင်တခုရှိ၏။ ထိုနေရာမှာ ရှေးအခါက ရဟန္တာငါးရာတို့ သီတင်းသုံးတော်မူရာဖြစ်ပေ၏။ ကျောက်ဂူ၊ ကျောက်လိုဏ်၊ ကျောက်လှေ၊ ကျောက်ဆောင်ကြီးများ ကြီးမားလှပေ၏၊ လှေကားမှာ မပျက်စီးသေးပေ၊ ကျောင်းနေရာအချို့ရှိသေး၏။ ၎င်းအနောက်ဘက် တိဿပါဒိခေါ် ရေကန်ကြီးရှိ၏။ ၎င်းကန်ကြီးသည် အလွန်ကျယ်ဝန်းပြီး ရေကောင်းလှပါသည်။ လှိုင်းဂယက်များ တဖွေးဖွေးနှင့် ရှုခင်းသာယာ ပျော်ရွှင်စရာကြီးတခုပင်ဖြစ်ပါ၏။

## မရိစ္စဝဋ္ဋိစေတီတော်အကြောင်း

ဦးကုဏ္ဍလသတို့ ရှေ့သို့ဆက်၍ ခရီးထွက်လာခဲ့ရာ၊ မရိစ္စဝဋ္ဋိ စေတီတော်ကြီးကို တွေ့ရ၏။ ၎င်းစေတီတော်သည် ဒုဋ္ဌဂါမဏိ မင်းသည် ငြုတ်သီးပေါ်ဦးစွာ သံဃာတော်များအား လက် ဦးလက်ဖျားမလှူမိဘဲ စားမိသောကြောင့်၊ မိမိကိုယ်ကို ငွေဒဏ် သုံးကုဋေ ဒဏ်ပေး၏။ ထိုဒဏ်ငွေဖြင့် စေတီတည်၍ ကိုးကွယ် လေသည်။ မရိစ္စဝဋ္ဋိစေတီဟူ၍ပင် တွင်လေ၏။ ဒုဋ္ဌဂါမဏိမင်း သည် ခမည်းတော် ကာကဝဏ္ဏတိဿမင်းထံ၌ သံဃာတော်တို့အား ရှေးဦးစွာ မလှူဘဲ ထမင်းတခုမှမစားပါဟု ဝန်ခံဂတိပေးခဲ့ဘူး သော ဂတိပျက် သစ္စာဖောက်ဖြစ်၍ ငြုတ်သီးစားသောကြောင့် ဒဏ်ငွေဖြင့် ကျောင်းတော်ကြီး ဘုရားစေတီတည်၍ လှူဒါန်း ပူဇော်ခဲ့ဘူးလေသည်။ (ရှေးမင်းကောင်း မင်းမြတ်များ၏ လမ်း စဉ်လုပ်ငန်းများကို အတုယူဘွယ် အထူးပင်ကောင်းလှပေ၏။) ဦးကုဏ္ဍလတို့ တွေ့ခဲ့သည်မှာ၊ စေတီတော်ကြီးသာ ထင်ရှားစွာ ရှိလေသည်။ ကျောင်းနေရာမျှသာ ရှိပါတော့သည်။ ဦးကုဏ္ဍလ သည် ဘင်္ဂလီခေါ် သီဟိုဠ်စာပေ မဟာဗောဓိပင် (ကသ္မီရ) ခရီးစဉ်မှတ်တမ်းများကိုကြည့်ရှု၍ ရေးသားခဲ့လေသည်။ အကျယ် တဝင့်ကြည့်လိုပါလျှင် ၎င်းကျမ်းစာအုပ်များကို ကြည့်လေ။

ပြီး၏။

---

## ထူပါရုံစေတီအကြောင်း

ဦးကုဏ္ဍလသည် နယုန်လဆုတ် ၁-ရက်နေ့ ကားဖြင့် လှည့် လည်ဘုရားဖူး ကြည့်သင့်ကြည့်ထိုက်သော ရှေးဟောင်းပစ္စည်း

အဆောက်အဦများကို ကြည့်ရှုလာခဲ့ရင်း၊ ထူပါရုံစေတီတော်မှာ မဟာစေတီကြီး၏ အနောက်မြောက် ခပ်ယွန်းယွန်း စတုဗ္ဗသင်္ဂါယနာတင်ရာမှ မြောက်ဘက် ၁-မိုင်ခွဲခန့် ရှိသောနေရာ၌ ထူပါရာမခေါ်သော စေတီတော်ကြီးတဆူရှိသည်။ ထိုစေတီမှာ သက္ကရာဇ် ၂၆၃-ခု မြောက် တန် ဆောင် မုန်း လဆန်း ၁၅-ရက်နေ့ အရှင်မဟိန္ဒမထေရ်၏ တူတော် သုမနသာမဏေသည် တာဝတိံသာ စူဠာမဏိစေတီတော်မှ ညာပခုံးတော်ဓာတ်ကို ပင့်ဆောင်ယူလာ၍ ရှေးဘုရားသုံးဆူတို့၏ ရေစစ်, ခါးပန်း, ရေသနုတ်တော်တို့ကို ဌာပနာ၍ တည်ထားကိုးကွယ်ကြ၏။ ဒေဝါနံပိယတိဿမင်းသည် ဓာတ်တော်ကို ဌာပနာမည့် အခါ၊ ကောင်းကင်သို့တက်ကြွ၍ ဘုရားကိုယ်တော်တိုင် ပြအပ်သော တန်ခိုးပြာဋိဟာကဲ့သို့ ခုနစ်ရက်တို့ ပတ်လုံး တန်ခိုးတော်ကို ပြတော်မူလေသည်။ ဒေဝါနံပိယတိဿမင်းကြီးသည် ဌာပနာပြီး၍ စေတီတော်အပြီးတိုင် ရောက်လေ၏။ စေတီ၏လှေကားအနီးမှာ ဒက္ခိဏသာခါမျိုးစေ့ မဟာဗောဓိပင် ရှိလေသည်။ ၎င်းအပင်မှ ဦးကုဏ္ဍလသည် အရွက်,အကိုင်းများ ယူခဲ့သေးသည်။ စေတီတော်ယင်ပြင်အပေါ်၌ ၁၂-တောင်ခန့်စီရှိသော ကျောက်တိုင်တို့ရှိသည်။ ၎င်းတိုင်များသည် ရှေးအခါက စေတီတော်ကို တန်ဆောင်းပြုလုပ်၍ အပေါ်ကအမိုးဖြစ်သည်ဟုကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီး၏ ဥက္ကဋ္ဌ ဒေါက်တာ-မလလဆေကရ က ဤနေရာဌာနများကို ကိုယ်စားလည်အပေါင်းအား ရှင်းလင်းပြောပြ၏။

သီဟိုဠ်တခွင် ကျွန်ုပ်တို့ရောက်ခဲ့စဉ်က အရှေ့ဆောင်းတန်းအဆုံး၌ ကျောက်သမ္ဘာန်ငယ်တခုရှိ၏။ ဘုရား၏အနီး ကျောက်ရေတွင်း အဖုံးအပိတ်နှင့် အတောင် ၄၀-ကျော်ခန့်နက်မည်ထင်

ရသည့် ရေတွင်းရှိ၏။ ထုပါရုံစေတီ၏ အရှေ့တောင်ထောင့် (၁)မိုင်ခန့်တွင် စွယ်တော်တိုက်ရှိသည်။ ကျောက်တိုင်,ကျောက်လှေကား ပျက်စီး၍နေပေသည်။ ရှေးအခါက ကိတ္တိသီရိမေဃမင်းတို့သည် ကျောက်တိုင်ဖြင့် စီမံ၍ စွယ်တော်ကို ကိုးကွယ်လေသည်။ ထူပါရုံစေတီတော်၌ အရှေ့ဘက် (၁၅)သန် အကွာလောက်တွင် သာဃမိတ္တထေရ်မနေသော ကျောင်းတိုက်ဖြစ်သည်။ ၎င်းအနောက်တောင်ဘက် သွားလိုက်လျှင် အတောင်(၅၀)ခန့်မှာ မဟာပဒုမထေရ်၏ ကျောင်းတိုက်နေရာရှိ၏။ ထိုမထေရ်သည် ပိနည်းပိဋကတ်တော်ကို (၁၈) ခေါက်ပေါက် ရောက်တော်မူ၏၊ ယခုအခါမှာ ကျောက်တိုင်,ကျောက်တုံး,ကျောင်းနေရာမျှသာရှိသည်။ အကျိုးအပျက်သာ ကျန်ရှိနေတော့သည်။ အကျယ်သိလိုမူ သီဟိုဠ်ပြန် ဆရာဦးအုန်းဖေရေး ဗုဒ္ဓဒသနမဂ္ဂဒီပဏီကျမ်း ကျောက်စာသမိုင်းများမှာ ကြည့်ရှုပါလေ။

ထုပါရုံအကြောင်း ပြီး၏။

---

## အဘယဂီရိစေတီတော်အကြောင်း

ကျွန်ုပ်တို့သည် နံနက်သင်းအချိန်ကစပြီး ညနေ ၄-နာရီအချိန်အထိ လှည့်လည်ကြည့်ရှုဘုရားဖူးလာခဲ့ရာ၊ အဘယစေတီတော်ကို ဖူးမျှော်မိလေသည်။ ထိုစေတီသည် မဟာစေတီတော်ကြီး၏ အရှေ့အရပ် တမိုင်လောက်၌ အဘယဂီရိခေါ် စေတီတော်ဘဆူရှိ၏။ ၎င်းစေတီတော်ကို အဘယတိဿမင်းကြီးသည်၊ ရွှေသားပိဋကတ်သုံးပုံနှင့်တကွ ဓာတ်တော်တို့ကို ဌာပနာတော်မူ၍ တည်ထားခဲ့၏။ စေတီ၏ဉာဏ်တော်မှာ အတောင် တရာ့ရှစ်ဆယ်ရှိ၏။ အထက်ပိဋကတ်တိုက်နေရာမှာ စတုရန်း အတောင် လေးဆယ်

ကျယ်ဝန်း၏။ အထက်စေတီထိပ်ဝပတ်လည် (၁၅)တောင်ရှိ၏။ စေတီ၏အနောက်မြောက်တံတိုင်းအတွင်း အလျား ၁၂-တောင်၊ အနံ ၁-တောင်ခန့်ရှိသော ကျောက်ရေကန်ရှိသည်။ အဘယဂီရိ ဂိုဏ်းသား မထေရ်များနေသောကျောင်းတိုက်သည် ယခုအခါ ပျက်စီး ယိုယွင်းနေပေ၏။ အဘယဂီရိစေတီတော်၏ အနားတွင် ၎င်းကျောင်းတိုက်ရှိသည်။ ထိုဒါကား- သာသနာဝင်ကျမ်းဂန်များ၌ဆို၏။ ကျွန်ုပ်တို့ တွေ့မြင်ခဲ့သောနေရာသည် ကျောင်း၏ နေရာ,လှေခါး,ကျောက်တိုင်, လေးပတ်သည်ပုံစံ, ကျောက်သား အစစ်များရှိသည်။ နှစ်ပရိစ္ဆေဒကြာမြင့်လှသဖြင့် ဘိဇ္ဇနသဘော၊ နသနသဘော နတ္ထိဖြစ်၍ နေကြပေ၏။ ကျောက်စာဝန်နှင့် ရာဇဝင်ဆရာများအဆိုက ၎င်းစေတီနေရာမှာ အဘယမင်းကြီး က ဘုရားတည်ရန် ရာထားသောအခါ၊ ဤဌာန၌ ဂိရိ အမည်ရှိ သော ရဟန်းတပါး နေသိုင်ရာကျောင်းရှိ၏။ ဂိရိ ရဟန်းကို မင်းကြီးအကြောင်းစုံ မေးလျှောက်ထားပြီး ဖယ်စေ၍၊ယခုဘုရား ကို တည်ထားကိုးကွယ်ရလေသည်။ ၎င်းအဘယ မင်းကြီးနှင့် ဂိရိ ရဟန်း ပေါင်းစပ်၍ ထိုစေတီ၏ ဘွဲ့တော်သည် အဘယ ဂိရိစေတီဟူ၍ ယခုတိုင် ခေါ်လေ့ ရှိကြသည်။ သီဟိုဠ်ကျွန်း ကိုလံဘိုမြို့နေ ဘက္ကသိုလ်ကျောင်း၌ ပါဠိပရိဖက်ဆာဒေါက်တာ- မလလဆေကရ ကိုယ်တိုင်ကလည်း ဤအတိုင်းပင် ကမ္ဘာ့ မုဒ္ဒဘာ သာ ကိုယ်စားလည်တော်ပေါင်း ၂၉-နိုင်ငံရှိ လူ,ရှင်,ရဟန်းတို့ အား ပြောပြသေသည်။ အဘယဂီရိစေတီတော်သည် ယခုနေ အခါ ဦးကုဏ္ဍလတို့ တွေ့မြင် ဖူးရသည့်အခါ၊ အင်္ဂတေများ မရှိ အုဌ်ရိုးကြီးပင်ရှိ၍ ပျက်စပြုလာသည်ကို တွေ့ခဲ့ရလေသည်။

အဘယဂီရိအကြောင်း ပြီး၏။

## ဇေတဝန စေတီအကြောင်း

ဦးကုဏ္ဍလတို့သည် နေ့ရော ညပါ မအားမလပ် နေ့စဉ်ရက်
ဆက် ဘုရားတန်ခိုးကြီး ဌာနများသို့ လှည့်လည်ဖူးမျှော်နေသော
ခရီးစဉ်မှတ်တမ်းကလည်းတဖက်၊ ရှေးရာဇဝင် သိုက်သမိုင်းများ
လည်း စုံစမ်းမေးမြန်းရသည်က တာဝန်ကြီးတရပ်၊ အထပ်ထပ်
သော ဗဟုကိစ္စ အဝဝတို့ဖြင့် ယခုရောက်သွားသော ဇေတဝန
စေတီတော်ကြီးသည် ငါတို့မြတ်စွာဘုရားသခင်၏ သရီရဓာတ်
နှင့်တကွ ဆံတော်,ခါးပန်းတော်တို့ကို ကောင်းစွာ ဌာပနာသွင်း
၍ ကိုးကွယ်ကြလေသည်။ သက္ကရာဇ် ၉၁၈-ခုနှစ်တွင် သီဟိုဠ်
ကျွန်း အနုရာဓမြို့ နန္ဒဝန် ဉယျာဉ်တော်၌ စစ်သည်ဗိုလ်ပါလူများ
စွာတို့နှင့် မဟာသေနမင်းကြီးသည် တည်ထား ကိုးကွယ်တော်
မူ၏။ အမြင့်အတောင်ပေါင်း ၁၆၀-ရှိ၏။ မဟာရာမ်တံတိုင်း
အတွင်းမှာ ကျောက်များ ခင်းထား၏။ ဇေတဝနဝါသီဂိုဏ်း
သား မထေရ်များတို့၏ သိတင်းသုံးရာကျောင်းတိုက်ဖြစ်၏။ ၎င်း
ကျောင်းတိုက် အတွင်းမှာ ကျောက်စာကျင်းခေါ် ယာဂုစာကျင်း
ရေစာကျင်းများရှိကြ၏၊ ရှေးရဟန္တာခေတ်ကြီး အလွန်ကောင်း
စားခဲ့စဉ်အခါက ဝိနည်းအရေ·ရဟန်း အသုံးအဆောင်များ ထူး
ဆန်းစွာ တွေ့မြင်ခဲ့ရသည်၊ ဝိနည်းအဆုံးအဖြတ် တိပိဋကတ်
ဒိနိဿယကျမ်း၌ အဘယဂိရိဝါသီဂိုဏ်းသား၊ ဇေတဝနဝါသီ
ဂိုဏ်းသား အချင်းများခြင်း၊ ဝိဝါဒအဓိကရုဏ်းဖြစ်ခဲ့သော သီဟိုဠ်
ကျွန်း အနုရာဓမြို့ ရှေးဟောင်း ကျောင်း,ကန်,ဘုရား စေတီများ
အကြောင်းတည်း။

---

# မဟိန္ဒလှေခေါ် မိဿကတောင်အကြောင်း

နယုန်လဆုတ် ၁-ရက်နေ့၌ ဦးကုဏ္ဍလတို့သည် ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီး၏ ဥက္ကဋ္ဌအဖွဲ့က ၂၉-နိုင်ငံမှ ကိုယ်စားလည် အပေါင်းနှင့် ဒေသစာရီ လှည့်လည်တော်မူခဲ့ရာ၊ မဟာစေတီ လောဟပါသာဒ ပြာသာဒ်မှ အရှေ့မြောက် တာလမ်းအတိုင်း သွားခဲ့သော် ၈-မိုင်လောက်တွင် မဟိန္ဒရာဇာခေါ်သောရွာရှိသည်။ ၎င်းရွာမှအရှေ့တောင်သို့မိုင်ဝက်လောက်မှာ မိဿကတောင်ရှိ၏၊ ထိုတောင်၌ ဒေဝါနံပိယတိဿမင်းကြီးနှင့် ရှင်မဟိန္ဒမထေရ်မြတ်တို့သည် ရှေးဦးစွာ တွေ့ဆုံကြသော နေရာဖြစ်၏။ မိဿကတောင်ထိပ်၌ အမ္ဗတ္ထလစေတီတော်တဆူရှိ၏၊ ၎င်းစေတီတော်နေရာမှာ ရှင်မဟိန္ဒနှင့် ဒေဝါနံပိယတိဿ မင်းကြီးအား ရှေးဦးစွာတွေ့၍ တရားဟောသော နေရာဖြစ်၏။

အမ္ဗတ္ထလစေတီတော် ယင်ပြင်၌ ကျောက်ဖျာကြီးတခုရှိ၏။ ၎င်း ကျောက်ဖျာကြီးသည် မြောက်ကျွန်းမှ သုမနသာမဏေယူလာသည့် ကျောက်ဖျာဖြစ်သည်။ ၎င်းအပေါ်မှာ ဇမ္ဗူဒိပ်ကျွန်းမှပါလာသော သုမနသာမဏေ၏ တဝမ်းကွဲညီ အနာဂါမ်ရှင်လောင်းကို ရှင်သာမဏေပြုလုပ်၏၊ အမ္ဗတ္ထလစေတီ၏အနီးကျောက်ဂူတဂူရှိ၏။ အရှေ့မြောက်အောက်သို့ ဆင်းသွားလျှင် ရှင်မဟိန္ဒမထေရ်ကျိန်းစက်တော်မူရာကျောက်ဂူရှိ၏။ ထိုကျောက်ဂူ၌ပင် ရှင်မဟိန္ဒ ကျိန်းစက်တော်မူ၏။ ကျောက်ညောင်စောင်းသည် အလျား ၅-တောင်၊ အနံ ၂-တောင့်ထွာခန့်ရှိသည်။ အပေါ်က ကျောက်လုံး-ကျောက်တောင်ကြီး ကာမိုး၍နေသည်။ ရှေးအခါက ရဟန္တာများဖြစ်၍သာ သွားလာနေထိုင်နိုင်၏။ ယခုအခါ ဦးကုဏ္ဍလတို့ တက်ရသော အခါမှာ သံလှေခါး-

သံဝရုံတာရှိသည်။ ၎င်းနေရာသည် သံလှေခါးသာမရှိက ရောက်ဘို့ရန်-တက်ဘို့ရန် အလွန် ခဲယဉ်းလှ၏။ ဤနေရာမှာ အိန္ဒိယကြေးမုံကျမ်း၊ ဗုဒ္ဓဒသနမဂ္ဂဒီပနီကျမ်း၊ သာသနာ့ဝင်ကျမ်းများမှာဆို၏။ အချို့ သမိုင်းကျောက်စာ သီဟိုဠ် မှတ်တမ်းတို့မှာ အမ္ဗတ္ထလစေတီ၏ အရှေ့တောင်အနီးမှာ အတောင် ၆၀-ကျော်လောက်မြင့်သော ကျောက်တောင်ကြီးရှိသည်၊ ၎င်းကျောက်လုံးထက်မှာ အရှင်မဟိန္ဒမထေရ်သည် ဇမ္ဗူဒိပ်ကျွန်းမှ ရွှေဟင်္သာငှက်မင်းကဲ့သို့ ကောင်းကင်ယံ ဈာန်ယာဉ်စီး၍ သက်ဆင်းရာတောင်ဟုဆို၏။ တက်လမ်းမရှိ၊ ယခုမှ သံလက်ရမ်းလုပ်၍ ကျောက်ကိုထွင်းပြီး လှေခါး ပြုလုပ်ထားသည်။ ထိုနေရာကို ရှင်မဟိန္ဒတရားဟောမည့် အကြောင်းကို သုမနသာမဏေ ကြွေးကြော်သော ကျောက်တောင်ဟု သမုတ်ကြ၏။

ဦးကုလ္လာ ပတို့တွေ့ရသည်မှာ၊ ထိုရှင်မဟိန္ဒ တရားဟောမည်ဟု သုမနသာမဏေကြွေးကြော်သောတောင်သည် မြန်မာပြည် ပုပ္ပါးတောင်ကလပ်နှင့်အလားတူ၏၊ မြင့်မားလှသည်၊ တက်လမ်းမရှိ၊ လေက တဟူးဟူးဖြစ်၍ တက်နိုင်သူနည်း၏။ ဤတောင်တက်တုန်းပင် မိုးသည်းရွာချသဖြင့် ရွဲသူရွဲ-စိုသူစိုကြလေသည်။ အမ္ဗတ္ထလစေတီတော်၏အနောက်မျက်နှာ၌ ကျောက်ရေကန်ရှိသည်။ တောင်ထိပ်၌ မြတ်စွာဘုရားသခင်၏ ဥဏ္ဏာလုံးမွေးရှင်တော်ကို ဌာပနာရာသောစေတီတော်တဆူ ရှိသည်။ ၎င်းအနောက်ဘက်၌ ကာလရက္ခိတရဟန္တာသည် လကွယ်နေ့ည၌အခါမှာ (ကာလ-ကာရာမသုတ်)ကို တညလုံး ဟောတော်မူ၏၊ ထိုအခါ သဒ္ဓါတိဿမင်းသည် ရပ်လျက်ပင် တရားတော်ကို နာ၏။ နေအရုဏ် တက်၍ပြီးဆုံးသောအခါ၊ သီဟိုဠ်တကျွန်းလုံးထွက်သော အခွန်ဘဏ္ဍာတို့ဖြင့်ပူဇော်လှူဒါန်းလေသည်။

ဤ အကြောင်းအရာများသည် ရာဇဝင်၊ ကျောက်စာဝင်၊ သမိုင်းစာများနှင့် ကျမ်းဂန်များအဆိုဖြစ်၏။ ဦးကုဏ္ဍလတို့ ယခု တွေ့မြင်ခဲ့ရသည်မှာ ၎င်းနေရာကို မဟိန္ဒလှေတောင်ဟု ခေါ်ကြ၏၊ ရှင်မဟိန္ဒတို့ပဌမဆုံးရောက်ရှိသောတောင်၊ ရှင်မဟိန္ဒနေသော ကျောက်တောင်ပေါ်မှာ ရဟန္တာများဖြစ်၍သာ နေနိုင်၏။ လူ သာမန် ပုထုဇဉ် ပုဂ္ဂိုလ်များဆိုလျှင် တက်နိုင်ရန် မဆိုထားနှင့် လှမ်းကြည့်ရန်ပင် သေချာ၏။ ဤနေရာကို ရှေးပညာရှိများ လက်ာ သဘော ရေးစပ်ထားသည်မှာ ( ရှင်မဟိန္ဒ၊ ကျိန်းစက်မွေ့ရာ၊ ကမ္ဘာလာတမျှ၊ မချောလှနေရာ ) ဟု ဆိုကြသည်။ ဦးကုဏ္ဍလတို့ သွားရောက်သောအခါ တွေ့ခဲ့ရသော အကြောင်းများမှာ ပဌမ လှေခါးကြီးမှာ အလွန် ကျယ်ပြန့်လျက် ကောင်းလှပါသည်။ ကျောက်များဖြင့်ပြုလုပ်ထားသည်၊ တောင်မှာအလွန်မြင့်လှသဖြင့် နာရီဝက်သာသာကြီးတက်မှ မဟိန္ဒလှေတောင်ပေါ်သို့ ရောက်ရှိ ပါသည်။ မဟိန္ဒလှေတောင်ပေါ်မှ ဦးကုဏ္ဍလတို့သည် ၉-နာရီ၊ ၁၀-နာရီခန့်လောက်ပြန်ဆင်း၍ တောင်အောက်ရှိ မဟိန္ဒလှေရွာ တွင်ပင် ဆွမ်းစားကြ၍ ကိစ္စပြီးကြသည်။ ဤဆွမ်းစားသော အဆောက်အဦအတွင်းမှာ ဦးကုဏ္ဍလ၊ မိုးညှင်းဇေနရင်း ဦးကော ဝိဒ၊ နပိုလယံ သုံးဦးကို အင်္ဂလန် ကိုယ်စားလှည့် တဦးက ဓာတ်ပုံရိုက်ရန် တောင်းပန်၍ ဓာတ်ပုံအရိုက် ခံခဲ့ရပါသည်။ အင်္ဂလန် ကိုယ်စားသည်သည့် ဓာတ်ပုံရိုက်အပြီး (သိုင်းကြူး) ကျေးဇူးတင်ပါ၏။

သီဟိုဠ်ကျွန်း၏ ဆွမ်းကျွေးခြင်း အကြောင်းမှာ၊ ပဌမဆုံး ရေ-ပန်းကန်လုံးနှင့်ထည့်၍သာချသည်၊ သီဟိုဠ်ကျွန်းမှာ ရေခွက် မသုံးကြပါ၊ မြန်မာနိုင်ငံကဲ့သို့ရေခွက်မရှိ၊ နောက် သစ်သီးပန်းကန်ပြား နှင့် နာနတ်သီး၊ သရက်သီး၊ လိမ္မော်သီး၊ ခရမ်းချဉ်သီး အစရှိ

သော သစ်သီးမျိုးစားပါသည်။ ၎က်ပျောသီးမှာ မြန်မာပြည်ကဲ့သို့ အမှည့်ကိုမစားကြပါ။ မမှည့်-တမှည့် ရှန်းပြွန်းကို စားသုံးကြ၏၊ ၎င်းနောက် ဆွမ်း ပန်းကန်ပြားနှင့် လာကပ်သည်။ ၎င်းနောက် တဦးတမျိုး ဟင်းအမျိုးစုံ ဇွန်းနှင့် လိုက်လေသည်။ အုန်းသီးကို ဇာတ်လိုက်လုပ်၍ စားလေ့ရှိကြသည်၊ ဦးကုဏ္ဍလတို့သည် သီဟိုဠ်ဆွမ်းစားပြီးလျှင် ဝမ်းတွင်းမှာ ပူလောင်နေပါသည်။ ရေကို ခဏ ခဏ သောက်ရ၏၊ သီဟိုဠ်မှာ သင်ဖြူးဖျာ ရှားသည်၊ ဆေးပေါလိပ်၊ ဆေးပြင်းလိပ်ရှား၏၊ ဆန်ရှားသည်၊ ဆန်တတင်းကို ငွေ ၁၀ဝိ-ပေးရ၏၊ လူဟားယောက်လျှင် တနဂ်နွေ တပါတ် ဆန် နို့ဆီဘူးတလုံးစီ အစိုးရ ရာရှင် ထုတ် ပေးသည်၊ ရွှေရောင်အဆင်းရှိသောအုန်းသီးကို အုန်းရေအသောက်များကြသည်။ အရေသောက်ပြီးလျှင် အသားများကိုထွင်ပြီး မစား မသုံးဘဲ ပစ်လိုက်ကြသည်။ သီဟိုဠ်ကျွန်းမှာ အုန်းပေါသည်၊ မြန်မာပြည် ဆန်စပါးဈေးကောင်းမှ ချမ်းသာကြွယ်ဝကြသလို၊ သူတို့သီဟိုဠ်ကျွန်းမှာလည်းအုန်းဈေးကောင်းမှကြွယ်ဝချမ်းသာကြမလေ၏။

သီဟိုဠ်ကျွန်း အုန်းတောများမှာ မြန်မာပြည် အထက်ပိုင်း ကျောက်ပန်းတောင်းဒေသ၌ ပေါက်ရောက်သော ထန်းပင်များ ပေါများသလို အုန်းပင်များလည်း ထိုကဲ့သို့ သီဟိုဠ်ကျွန်းတခွင်မှာ အန္တိအပြား ပေါများလှပေ၏။ လဘက်ခြောက်ပေါသည်၊ ဆွမ်းကျွေးပွဲများမှာ ဒိန်ခဲပါမှ ဆွမ်းကျွေးအဘိုးတန် ဖြစ်ပါသည်။ ဒိန်ခဲသည် အချို၊ အချဉ်အမျိုးမျိုး ကပ်ကြ၏။ ဆွမ်းကျွေး ဆွမ်းကပ်ခြင်းသည် မြန်မာပြည်ကဲ့သို့မဟုတ်ပေ။ ကိုယ့် ပန်းကန်ပြား ကိုယ်ကိုင်၍ စီတန်းပြီး ဘုန်းကြီးများကနေလျက်၊ မင်္ဂလာဆောင်စဉ်အခါကဝတ်သော ဆာလီခေါ် -မိန်းမဝတ်လုံချည်ကို

ခင်းပြီး ဆွမ်းကပ်ခဲ့လေ့ရှိသည်။ ဦးကုလ္လာလတ်တို့ မပတိန္နခဲ့လေ့ရွာ ကလေးမှ ဆွမ်းစားသောက်ပြီး ထွက်ခွါလာခဲ့ရာ၊ ၂-နာရီအချိန်တွင် လမ်းခရီးတွင် ပရက္ကမဗာဟု မင်းကြီး တူးဖေါ်ထားသော ရေကန်ကြီးကို ကြည့်ရှုရသည်။ ပင်လယ်ကြီးတမျှ ကြီးကျယ်လှသော ရေကန်ကြီးဖြစ်၏။ ရေများသည် အလွန်ကြည်လင်လှပေ၏။ ၎င်းမှ အကြီးအကျယ် ရေမြောင်းသွယ်လျက် လယ်ယာကိုင်းကျွန်းများ လုပ်ရန် စီစဉ်လျက်ရှိသည်။ ပရက္ကမဗာဟုမင်းကြီး တူးဖေါ်ထားသည်မှာ နှစ်ပေါင်း (၂၅၀) ကျော်မျှ ရှိသည် ဟု ဒေါက်တာ-မလလဆေ ကာရ ၏ မှတ်သားထားသော မှတ်တမ်းများ ကဆိုသည်။ ဦး ကုလ္လာ လတ်တို့ကို လမ်းခရီးမှ အကြိုအဆိုများနှင့် ပျောက်အိုးများဖေါက်ခြင်း၊ အတီး အမှုတ်များတီး၍ ကြိုဆိုခါ အုန်းရည်၊ ဘီးလပ်ရည်များတိုက်၍ ဆီးကြို နှုတ်ခွန်း ဆက်ကြပါသည်။

## ပုလတ္တိနဂရမြို့အကြောင်း

ရှေးအခါက ပုလတ္တိမြို့၌ ပရက္ကမဗာဟုမင်းသည် ထီးနန်းအုပ်ချုပ် မင်းလုပ်နေခဲ့ဘူး၏။ ၎င်းမင်းကြီးသည် သာသနာတော်ကို အလွန်ကြည်ညိုလှသဖြင့် ကျောင်းတော်, ဘုရားစွယ်တော် တိုက်များကို ကြီးကျယ် ခံ့ညားစွာ ပြုစုခဲ့လေသည်။ ယခုအခါ ဦးကုလ္လာလတ်တို့ တွေ့မြင်ဖူးတွေ့ခဲ့ရသည်မှာ ပျက်စီး ချို့ယွင်းလျက်နေလေသည်။ ရှေးကျမ်းဝင် ရာဇဝင် ကျောက်စာအရ ပုလတ္တိနဂရဟုခေါ်ဆိုကြသည်။ ယခု သီဟိုဠ်ဘာသာ အခေါ် - ပေါလနရုဝခေါ်၏။ ထို ပေါလနရုဝ မြို့သည် အနုရာဓမြို့မှ အရှေ့မြောက်ထောင့် မိုင် (၇၃)မိုင်ရှိ၏။ မြို့ဟောင်းနေရာ၌ စတုရန်း (၈)မိုင်သာ ရှိသည်။ ပေါလနရုဝမြို့မှာ ဘုရားဖူးများ တည်းခို

ရန် အဆောက်အဦများရှိသည်။ သံဟိုဠ် ဘုန်းကြီးကျောင်းများ ရှိ၏။ ဦး ကုဏ္ဍလတို့သည် ဓမ္မဆာလာမှာ ညအိပ်ခဲ့ရ၏။

ဓမ္မဆာလာ အနောက်ဘက်မှာ မဟာရေကန်ကြီး ရှိသည်။ ၎င်းရေကန်မှာ ရေမြောင်းများမှ ရေတသွင်သွင် တဝေါဝေါ စီးဆင်းလျက်ရှိသည်။ ၎င်းရေကို ချိုးသုံးကြ၏။ ဦးကုဏ္ဍလတို့ တည်းခိုတဲ့နေရာမှ နံနက် အတီး၊ အမှုတ ကြာပန်းအက၊ အခုန် များစွာနှင့်တမိုင်ခန့်သွား၍ ပေါ်တရဝိဟာရခေါ်သော ကျောင်း တိုက်ရှိသည်။ ၎င်းကျောင်းတိုက်တွင် အရပ် ခုနစ်တောင်ခန့်ရှိ သော ပရက္ကမဗာဟုမင်းကြီး၏ ၎င်းရုပ်ပုံကြီးမှာ ပေစာကိုကိုင် ပြီး မတ်တပ်ရပ်လျက် ရှိ၏။ နွယ်တော် တိုက်ကြီး သည် အလွန် တူးဆန်းလှပါသည်။ အဝိုင်းခွကြီး အတွင်းမှ နွယ်တော်ခွာပနာ ထားသည်။ ထောမှ ဂန္ဓကုဋီတိုက် ရှိသည်။ ၎င်းထောမှ တံတိုင်း ကာရံ၍ လူအများလှည့်သည့်ဘုရား ဖူးနိုင်ရန် ပြုလုပ်ထားသည်။ အလွန် ရှည်လျားသော ကျောက်စာ ၁၀-တောင်မျှရှိသည်။ သီဟိုဠ်စာများနှင့် ရေးထားသည်။ မင်းဆက် ၂၀-မျှရှိဘူးသည်။ ပရက္ကမမင်းကြီး၏ မိဖုယား-ရူပဝတီ တည်သောဘုရားရှိ၏။ ဤ အချိန်မှာ ဦးကုဏ္ဍလတို့သည် နယုန်လဆုတ် ၃-ရက်နေ့ပင် ဖြစ်သည်။ ထူပါရုံကျောက်စာ၊ ပလပေါထကျောက်စာများ၌ ပုလတ္ထိမြို့၏ အကြောင်းအရာ ပရက္ကမဗာဟုမင်းကြီး အကြောင်း များကို ကြည့်လေ။

ပြီး၏။

## ဆီးဂီးရီးယားတောင်အကြောင်း

ထိုပရက္ကမမြို့မှ ဆွမ်းစားပြီး တနာရီအချိန် ကားများနှင့် ထွက်လာခဲ့ရာ၊ (၃) နာရီအချိန်တွင် သီဟဂီရိတောင်ခေါ် ဆီးဂီးရီးယားတောင်သို့ ရောက်ကြသည်။ ဦးကုဏ္ဍလတို့သည် တောင်အောက်စခန်းဟော်တယ်တခုတွင် ခေတ္တအနားယူကြ၍ ဩရိမ်းခေါ် လိမ္မော်ရည်ကို သောက်ကြ၏။ အားလုံးကိုယ်စားလည်တော် ၂၉-နိုင်ငံမှ တက်ရောက်ကြသည်။ လူမျိုးပေါင်းစုံတို့သည် သီဟဂီရိတောင်ခေါ် ဆီးဂီးရီ ယား တောင်ပေါ်သို့ တက်ကြလေသည်။ ဆီးဂီးရီးယားတောင်သည် အလွန်မြင့်မားကြီးကျယ်သော ကျောက်တောင်ကြီးဖြစ်သည်။ အထက်ပိုင်း မြန်မာပြည် ပုပ္ပါးတောင်ကြီးနှင့် အလားတူသည်။ ပုပ္ပါးတောင်ထက် နှစ်ဆလောက်မြင့်လိမ့်မည်ထင်သည်။ ၎င်းတောင်ကိုပတ်၍ သံလှေခါး ဝရံတာများ ပြုလုပ်ထားသည်။ တောင်ပေါ်သို့ ၃-နာရီခွဲက တက်ရာ ၄-နာရီခွဲမှ တောင်ထိပ်သို့ရောက်ကြ၏။ ဆီးဂီးရီးယားတောင်ပေါ်မှာ အလွန် လေပြင်းထန်လှသည်။ အလွန်တာရာမှ ချမ်းအေးလှ၏။ လေကောင်း-လေသန့်များကို ရှူရှိုက်ကြရသည်။ တောင်ပေါ်သို့ တက်သော လူအပေါင်းသည် အလွန်မော-အလွန်ပင်ပန်းကြပါသော်လည်း တောင်ပေါ်ရောက်က တခဏမျှနှင့်ပင် အမောအပန်း ပြေသွားကြပါတော့သည်။ အမော-အပန်းခပ်မြန်မြန်ပြေခြင်း၊ ပင်ပန်းမရှိခြင်းအကြောင်းရင်းမှာ အလွန်မြင့်တဲ့တောင်ထိပ်မှာ ပင်လယ်မှတိုက်ခတ်လာသောလေကောင်းလေသန့်များကို ရှူရှိုက်ရခြင်းကြောင့်ပင် ဖြစ်လေသည်။ သီဟိုဠ်သားများ အပြောမှာ အဆုတ်နာ-နှလုံးနာ ရှိသူများသည် ၎င်းတောင်ပေါ်လေကို ရှူရှိုက်ပေးခြင်း-ရင်ဘတ်,ပါးစပ်မှ လေကို ခံယူခြင်းပြုလျှင် ပျောက်ကင်းနိုင်သည်ဆို၏။

၎င်းတောင်ပေါ်မှာ အလွန်ကျယ်ပြန့်လှသည့် ရေကန် စတုရန်း ၂၅-တောင်ခန့်ရှိ ရေကန်တခု-ကျောက်ဇရပ်တလုံး ရှိလေသည်။ ဆီးဂီးရီးယား တောင်ပေါ်မှာ ရှေးအခါက ဘခင်ဖြစ်သော ကဿပ-ဘုရင်မင်းမြတ်ကို သတ်၍ ပုန်းရှောင်ပြီး၊ ၎င်းတောင်ပေါ်သို့ ထီးနန်းအသစ် စိုက်ထူ၍ ဘုရင်တဆူလုပ်ပြီး နေလေသည်။ ဤတောင်အလယ်လောက်မှာ သစ်ပင်များ အလွန်လှပဆန်းကြယ်စွာ စိုက်ပျိုးထားလေသည်။ ၎င်းတောင်အလယ်မှာ ကျောက်ဇရပ်တခုရှိသည်။ ၎င်းဇရပ်သည် ကျောက်ကို ချောမွေ့အောင် ပြုလုပ်လျက် အဆင့်ခုံတန်းလျားများဖြင့် စီမံချယ်လယ်ထားသည်။ ၎င်းအနောက်ဘက် အနိမ့်ထဲမှာ ကျောက်တုံးအပေါ်က ကားပိုးလျက် အတွင်းမှ အဆင့်ခုံနှင့် ပလ္လင်တခုမှာ ရှေးထီးသုံး-နန်းသုံး ပလ္လင်အလား ရှုကြည့်လို့ကောင်းအောင် ကျောက်သားပကတိကို ထုလုပ်စီမံ ဖန်တီး ထားလေသည်။ ဆီးဂီးရီးယားတောင်ကို ပတ်လှည့်ရန် လမ်းများ ပြုလုပ်ထားလေသည်။ အလွန်ရှုကြည့်လို့ကောင်းလှပေသည်။ ဆန်းကြယ်ထူးထွေလှပေ၏။ ထိုတောင်မှ လူအားလုံးကုန် ဆင်းသက်၍ တောင်အောက် ကားဆိပ်ကို ညနေ ၆-နာရီရောက်ကြသည်။

## ဒမ္ဗူလလိုဏ်ဂူ အကြောင်း

နယုန်လဆုတ် ၃-ရက်နေ့ညမှာ ဒမ္ဗူလဆေးရုံမှာ ဦးကုဏ္ဍလတို့ ကိုယ်စားလည်တစု ညအိပ်နေကြသည်။ ဒမ္ဗူလဆေးရုံ ဆရာဝန်များ ဆရာမ လုပ်သားတစုတို့သည် လိမ္မော်ရည်ကပ်ခြင်း၊ ဝတ်ကြီး-ဝယ်ငယ် အသွယ်သွယ် အဝဝ အာဝါသိကဝတ်ကျေပွန်စွာ ထမ်းဆောင်သော အထက်ပါ လူတစုတို့အား

ဦးကုဏ္ဍလတို့ ကမ္ဘာ့ ကိုယ်စားလှယ်များအတွက် ကျေးဇူးများသော ဆရာဝန်-သူနာပြု၊ ဒါယကာ-ဒါယိကာမတို့အား တသက်တာ ကျေးဇူးတွေ အဖန်ဖန် စဉ်းစားသုံးသပ်မိတိုင်း အံ့သြမဆုံး-ချီးမွမ်းမဆုံး ကျေးဇူးဥပကာရ တင်မဆုံးအောင် ရှိခဲ့တော့ပေ၏။

သီဟိုဠ် ဗုဒ္ဓဘာသာများသည် သံဃာတော် အရှင်မြတ်တို့အပေါ် အလွန်တရာမှ လေးစားရိုသေကြလေသည်။ ဒမ္ဗုလသို့ ဦးကုဏ္ဍလတို့ ရောက်ရှိတွေ့ခဲ့ရသည်မှာ ကန္ဒီမြို့မှ (၄၃) မိုင်ဝေးကွာသည့် အီးဂီးရီးယားခေါ်သော မြို့ဘမြို့ရှိသည်၊ ၎င်းမြို့၏အနီးမှာ ဒမ္ဗုလ လိုဏ်ဂူကြီးတခုရှိသည်။ ကျောင်းတော်ပုံ ရုပ်ပွား အကြီး-အငယ် (၆၀) ကျော်ခန့်မျှရှိသည်၊ အင်္ဂဖလာ-ဗောဓိပင် တပင်ရှိ၏။ ကျောက်လိုဏ်ဂူကြီး အလယ်အခေါင်မှ တစက်-တစက်ကျဆင်းနေသော ကျောက်စက်ရေရှိသည်။ ၎င်းကျောက်စက်ရေကို အိုးတလုံးချင်းခံထားသည်။ ၎င်းရေသောက်လျှင် အမောပြေ၏၊ ဘေးရန်ကင်းသည်၊ ဖျား-နာ-ပါးရောဂါများ မရှိလို့ အစောင့်ဘုန်းကြီး သီဟိုဠ်သားက ပြောသည်။ ဦးကုဏ္ဍလတို့ မြန်မာပြည်မှာ လှေလှော်သံတိုင်-အိုးစည်သံတိုင်ကြသော "ဖလ်ပြာခွက်နှင့်၊ ကျောက်စက်ရေမျှ မောဟော်ပြေအောင်၊ တိုက်ပ,မမ" ဆိုသည့်အတိုင်း အနည်းငယ်စီတောင်း၍ သောက်ကြသည့်အခါမှာ အလွန်အေးမြလျက် အရသာ ထူးလှပါသည်။

ထို ဒမ္ဗုလတောင်၏ ခြေရင်းဇာဝင် သာသနာဝင် ကျမ်းကျောက်စာ သမိုင်းများ အဆိုက ဒုဋ္ဌဂါမဏိ မင်းကြီးသည် လေးလပတ်သုံးစစ်ထိုး၍ မြို့အများ သိမ်းယူပြီးသောအခါ၊ နန္ဒမိတ္တ - သူရနိမ္မိလစသော သူရဲကောင်း စစ်သူကြီးများသည် ထန်းပင်-အုန်းပင်တို့ကို လက်ဖြင့်ကိုင်နှုတ်၍ ရိုက်နှက်သတ်ဖြတ်

ကြသဖြင့် အောင်မြင်သော ဝိဇ္ဇာတမ္ဘိတော်ဖြစ်သဖြင့်၊ ဤဗမ္မျုလ လိုဏ်ဂူသည် သယံဇာတဖြစ်သော လိုဏ်ဂူကြီးဖြစ်သည်။ ထို ဒမ္မျုလလိုဏ်ဂူသည် နောက်ထပ်မံ၍ ဝဋ္ဋဂါမဏိမင်းကြီး ပြုပြင် ပြီးလျှင် ဘုရားကျောင်း စိမံ၍ ဝဋ္ဋဂါမဏိမင်းကြီး၏ ရုပ်ပုံ စာရေးသားထားသည်ကို ဦးကုဏ္ဍလတို့ မျက်မြင်ကိုယ်တွေ့ ကြည့်ရှုခဲ့ရ၏။ မြန်မာပြည်က ဘုရားဖူးလိုသူတို့သည် ထိုဒမ္မျုလ လိုဏ်ဂူမှာ သီဟိုဠ်ဘုန်းကြီးကျောင်း၌ တည်းခိုနေနိုင်ပါသည်။ အစားအသောက်များလည်း ဝယ်ယူနိုင်ပါသည်။ မြန်မာ ဘုန်းတော်ကြီးများနှင့် မြန်မာလူမျိုးများကို အထူးဂရုစိုက်၍ ပြုစုကြပါသည်။ ရှေးအခါက ဒမ္မျုလလိုဏ်ဂူမှ တနေ့လျှင် ရဟန္တာ တသိန်း-တသိန်း ကျွတ်တန်းဝင်သော အာသဝေါ ကုန်ခမ်းရာမြေ နိဗ္ဗာန်မျိုးစေ့ချရာ အရပ်ပင်ဖြစ်သည်။ ဦးကုဏ္ဍလ တို့ မြန်မာပြည် မန္တလေးတောင် ရသေ့ကြီး ဦးခန္တီ ဆောက်လုပ် ထားသော မန္တလေးတောင်ပေါ် ကုသိနာရုံ အင်ကြင်းမြိုင် တန်ဆောင်း၊ဘုရား၊ဂန္ဓကုဋိတိုက်ကြီးနှင့် အလားတူလှပါသည်။ အိဂိရိယား နှင့် ဗမ္မျုလသည်(၁၅)မိုင်ဝေးသည်။

ပြီး၏။

---

## မာတလေ့ခေါ် အာလောကလိုဏ်ဂူအကြောင်း

ဤမှဆက်၍ ခရီးထွက်ခဲ့ကြလာခဲ့ရာ၊ ဂပ္ပဘာရာမှနိ အရပ်သို့ ရောက်ကြရပြီး နားနေစဉ် အုန်းရည်များသောက်ကြ၊ ဓာတ်ပုံ များ-ကိုယ်စားလည်တော်များကို ရိုက်ယူကြလေသည်။ ၎င်းနေ ရာမှ ၁၀-နာရီအုးကထွက်ခဲ့ရာ မာတလေ့သို့ရောက်ရှိသည်။ ဤ နေ့သည် နယုန်လဆုတ် ၄-ရက်နေ့ဖြစ်၏။ မာတလေ့အကြောင်း မှာ အာလောကလိုဏ်ဂူကြီးရှိသည်။ ကန္ဒီမြို့မှ အရှေ့မြောက်

(၁၇)မိုင်ခလောက်အကွာအဝေးရှိသည်။ထိုအာလောကလိုဏ်ဂူသည် အဋ္ဌကထာ ရေးသားစီရင်တော်မူသော အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ပိဋကတ်သုံးပုံကိုရေးကူးခဲ့၏။၎င်းလိုဏ်ဂူသည့် ရှေးအခါက မလယဇနပုဒ်ဟု တွင်ခဲ့ဘူး၏။ ယခုအခါ သီဟိုဠ်ဘာသာဖြင့် မာတလေ့ဟူ၍ ခေါ်ဆိုကြသည်။

ထိုမာတလေ့မြို့၏ အနောက်ဘက်၌ရှိသောဂူသည် အာလောက လိုဏ်ဂူဖြစ်၏။ အရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ပြုစု ရေး သားတော်မူသောကြောင့် ကျော်စောကိတ္တိအလွန်ရှိလှသော မထေရ်တပါး ဖြစ်သည်။ ထိုအရှင်မဟာဗုဒ္ဓဃောသနေထိုင်ရာ ကျောင်း ဂူလိုဏ်ရှိသည်။ သီဟိုဠ်ဘုန်းကြီးများက ၎င်းလိုဏ်ဂူအတွင်းမှာ ပိဋကတ်သုံးပုံကို ထည့်သွင်းပြီး အတန်တန် သော့ ခတ်ပြီး ပိတ်ထားလေသည်။ ရှင်မဟာဗုဒ္ဓဃောသ ဤလိုဏ်ဂူမှ ပိဋကတ်သုံးပုံကို ကူးယူခဲ့ရလေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အလိုတော်ကျ အဋ္ဌကထာဟူသမျှ ရေးသားခဲ့သည်။ ရှင်မဟာဗုဒ္ဓဃောသမထေရ် ပိဋကတ်သုံးပုံ ရေးကူးခဲ့သည်။ သီဟိုဠ်ကျွန်း မာတလေ့ခေါ် အာလောကလိုဏ်ဂူအကြောင်းမှာ မဟာဝင်၊ ရာဇဝင် သမိုင်း ကျောက်စာ ရှေးဟောင်းစာပေတို့၌ ပြဆိုကုန်၏။

ဤ လမ်းအတိုင်း ကားသွားလာနိုင်သည်။ မြန်မာကျမ်းစာအခေါ် အာလောကလိုဏ်ဂူ သီဟိုဠ်ဘာသာအခေါ် အာလုဝိဟာရဟူ၍ခေါ်ဆိုကြကုန်၏။မာတလေ့မှာအဆောက်အဦအကြီးတခုတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ကိုယ်စားလည်တော်များကို ညှော်ခံကျွေးမွေးကြသည်။ လူပုဂ္ဂိုလ် များအား ဟော်တယ် တခုတွင် ထမင်းကျွေး ညှော်ခံကြသည်။ ဦးကုလ္လာလတို့သည် မာတလေ့မှာ ဆွမ်းစားပြီးသီဟိုဠ်လက်ကိုင်ပုဝါတထည်စီရဟန်းတော်များအား

သီဟိုဠ် ဒါယကာ-ဒါယိကာမများက လှူဒါန်း ဆက်ကပ်ကြပါသည်၊ အတိး-အမှုတ်ဒွာရိယာပိုင်းများနှင့် အလွန်ကြီးကျယ်သော လူထုပရိသတ်ကြီးမှာ ၅-ထောင်ခန့်မျှရှိမည်ဟုထင်ရပါသည်။ ထိုနေရာမှာ မြန်မာကိုယ်စားလည် ဒေါ်လှရွှေ(ဘီ·အေ)တို့ မြန်မာ အဆိုနှင့် လူထုပရိသတ်ကိုဧည့်ခံ၍ နှုတ်ခွန်းဆက်ကြရသည်။

ရှင်မဟာဗုဒ္ဓဃောသအကြောင်းမှာ အိန္ဒိယပြည် မဇ္ဈိမဒေသ မဟာဗောဓိပင်၏တောင်ဘက်၌ ဏာသိ၊ ၀ါ၊ ကောသိအမည်ရှိသော ပုဏ္ဏားမ၏သား ရှင်မဟာဗုဒ္ဓဃောသမထေရ်သည် မြန်မာပြည်မှ သီဟိုဠ်ကျွန်းသို့သွား၍ သာသနာတော်စည်ပင်ပြန့်ပွားကျေးဇူးများစေခြင်း အကျိုးငှါ သွားရောက်သည်ဖြစ်၍၊ နတ်သိကြားများက မနေသာသောကြောင့် စောင့်ရှောက်မစကြည့်ရှုခါ စကြာကညှစ်တခုကို သိကြားမင်းက ဆက်သလှူဒါန်းသည်ဖြစ်၍၊ သီဟိုဠ်ကျွန်းသို့ ရောက်သည့်အခါ ကျောင်းတိုက်တခုတွင် သီဟိုဠ်ဘုန်းကြီးတပါး သံဃာတော်များအား စာပေပို့ချနေသည်ကိုတွေ့ရ၍၊ ၎င်းစာပို့ချနေသည့် ကျမ်းဂန်မှာ ဂဏ္ဌိ ခက်ဆစ်တခုကိုမသိနိုင်ဘဲ အဖြေခက်နေ၍ ထိုစာချဘုန်းကြီးမှာ ခွေးဒီးဒီးယိုစီးလျက် ပင့်သက်ရှူခါဖြစ်နေသည်။ စာချဆရာတော်မှာ ကျောင်းခန်းတွင်းသို့ဝင်၍ စာကြံနေသည့်အခါ၊ မြန်မာပြည်မှ ရှင်ဗုဒ္ဓဃောသမထေရ် မနေသာသဖြင့် ပေရွက်တခုတွင် သိကြားဆက်သည့်ကညှစ်နှင့် သီဟိုဠ်ဘုန်းကြီး စိတ်မှ ချမ်းသာပါစေတော့ဆို၍ ခက်ဆစ်စာကိုရေးသားပြီး ထိုဆရာတော်ထိုင်သည့် ကုလားထိုင်အောက်မှာ ထိုးထားပစ်ခဲ့ပြီး ကြွသွားလေသည်။

ထိုအခါ သီဟိုဠ်ဘုန်းကြီး အခန်းတွင်းမှ ထွက်အလာ ၎င်းစာတိုခက်ဆစ်ကိုတွေ့ရ၍ ငါကြံနေတဲ့စာဘဲ မည်သူရေးသနည်းမေးလေလျှင်၊ ယခုန အာဂန္တုဘုန်းကြီး ရေးထားခဲ့ကြောင်း

သီလလျှောင် လိုက်အပင့်ခိုင်းလေ၏။ ပြန်ကြွလာသည့်အခါ၊ ငါ့ရှင်ရေးသည့်စာဘဲမဟုတ်ပါလားမေးလေလျှင်၊ အရှင်ဘုရားမှာ အလွန်ဒုက္ခတွေ့ကြုံနေရတာကို သနားကြင်နာသောအားဖြင့် တာည့်တော်ရေး၍ထားခဲ့ခြင်းဖြစ်ပါသည်။ သီဟိုဠ်ဘုန်းကြီးက သာဓုခေါ်၍ မြန်မာပြည်က ဤသီဟိုဠ်ကျွန်းသို့ ကြွလာခြင်း အကြောင်းရင်းများကိုမေးမြန်း၍အလိုရှိသောကိစ္စများကို အကူအညီပေးလျက် ၎င်းကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်စေလျက်၊ ရှင်ဗုဒ္ဓဃောသသည် ရည်ရွယ်ရင်းကိစ္စ ပြည့်ဝသဖြင့် ပိဋကတ်သုံးပုံကိုမရေးကူးမီ ပိဋကတ်သုံးပုံနှင့် မထိုက်တန်၊ ထိုက်တန်ကိုသိလို၍ ရှေးဦးစွာ ကျမ်းတကျမ်းကို ရေးသားပြုစေရန် ပြောကြားသဖြင့် အရှင်မဟာဗုဒ္ဓဃောသ မထေရ်သည် (သီလေ ပတိဋ္ဌာယ နရော၊ သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ) အစဖြာ သော သီလ နိဒ္ဒေသအခဖော်းကိုစ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ရေးသားတော်မူလေသည်၊ ဝိသုဒ္ဓိမဂ်ကျမ်း ရေးသားပြီးလျှင် အိပ်လိုက်ရာ၊ ပဌမရေးသည့်ကျမ်းစာအုပ် ပျောက်သွားလေ၏။ ဒုတိယ ထပ်မံရေးသားပြန်ရာ၊ ၎င်းကျမ်းအပြီး အိပ်ပျော်သွားပြန်ရာ ပျောက်သွားပြန်၏။ တတိယ တကြိမ် ရေးသား၍လည်း ပြီးပါရော မိုးလည်းလင်းအလာ ဝိသုဒ္ဓိမဂ် ကျမ်းသုံးခုသည် ထပ်လျက်တွေ့ရသည်။ ၎င်းကျမ်းကိုကြည့်ရှုသည့်အခါ တကျမ်းနှင့်တကျမ်း တသွေမတိမ်းဘဲ အသတ်၊ တချောင်းငင်၊ အောက်မြစ်မကျန် အကုန်မှန်ကန်ကြောင်းကိုတွေ့ရလေသည်။ ဤအခါမှ သီဟိုဠ်ကျွန်းဘုန်းကြီးများက တော်ပါပေသည်ဟု သုံးကြိမ်ချီးကျူး၍ သုတ်၊ ဝိနည်း၊ အဘိဓမ္မာစွယ်စုံကျင့်စဉ်ကျမ်းကြီးကို ရေးသားပြုစုနိုင်ခြင်းကြောင့် ပင့်ယူရန် ကူးရေးခွင့်ပြုလေ၏။

သို့သော် သော့အတန်တန် မင်းတုံးအတန်တန်ပိတ်ဆို့ထား ပါသဖြင့် ရှင်မဟာဗုဒ္ဓဃောသမထေရ်သည် အဓိဋ္ဌာန်သစ္စာပြု၍ ပိဋကတ်သုံးပုံထားသည့် အာလောကလိုဏ်ဂူကို နမက္ကာရပါဠိတော်ဖြင့် (သုဂတံ သုဂတံ၊ သေဋ္ဌံ၊ ကုသလံ ကုသလံ၊ ဇဟာံ၊) ဂါထာတော်ဖြင့် (တဟိံ တဟိံ ပါရမီသဠ္ဌယံစယံ) ကျရောက်သည်အခါ၊ ပိဋကတ်ထားသော အာလောကလိုဏ်ဂူကြီးသည် အလိုလိုပွင့်ခြင်းသို့ရောက်လာလေသည်။ မြန်မာပြည်သို့ပင့်ယူရန် ရှင်ဗုဒ္ဓဃောသသည် ရေးကူး၍ ပင့်ဆောင်လာခဲ့ရလေ၏။ ဤအချိန်ကစပြီးလျှင် မြန်မာပြည်မှာ ယခုထက်တိုင် သာသနာတော်ရောင် ထွန်းလင်းတောက်ပြောင်လျက်ရှိလေသည်။ မြန်မာနိုင်ငံတော် လူထုတရပ်လုံး ဤကျေးဇူးရှင် ရှင်မဟာဗုဒ္ဓဃောသကို မမေ့အပ် မမေ့သင့်ကြပေ။ ဗုဒ္ဓဘာသာတိုင်းပင် အားရဝမ်းသာစရာကြီးတရပ် ဖြစ်ပေတော့သတည်း။

မာတာလှူအကြောင်း ပြီး၏။

---

ဤနေ့သည် ဦးကုလ္လာလတို့နှင့်ကကွ ကမ္ဘာ့ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်ပေါင်းများသည် ကန္ဒီမြို့ ဗွယ်တော်ဖွင့်ပွဲအမှီ အစီအစဉ်လုပ်ထားပါသဖြင့် အရေးတကြီးအမြန်ပင် (၃)နာရီအမှီ ကားထွက်လာခဲ့ရပါ၏၊ ကန္ဒီမြို့သည် ဒုတိယကမ္ဘာစစ်ကြီးအပြီး ဗိုလ်ချုပ်အောင်ဆန်းတို့နှင့် ဗြိတိသျှစစ်ဗိုလ်ချုပ် မောင့်ဘက်တန်နှင့် စာချုပ်တဲ့မြို့ပင်ဖြစ်သည်။ ကန္ဒီမြို့သည် မြန်မာပြည်မှ မေမြို့နှင့်တူ၏။ မေမြို့ကဲ့သို့ ဥတုရာသီကောင်းပြီး အလွန်အေးချမ်းသာယာလှသော တောင်ထိပ်ပေါ်၌တည်ထားသော မြို့တမြို့ပင်ဖြစ်ပေ၏။ ကန္ဒီမြို့၏အလယ်တွင် ကြက်သရေမင်္ဂလာ အလွန်တရာမှရှိသော ရေကန်ကြီးတကန်ရှိသည်၊ ၎င်းကန်ကြီးကို မိး

ပန်းပင်များ အလှပြုပြင် ခံ့ညားစွာ စီမံ၍ထား လေ သည်၊ ဦးကုလ္လာလတို့ မြတ်စွာဘုရားသခင်၏ စွယ်တော် ဓာတ်မြတ် ကိန်းဝပ်ရာ စွယ်တော်တိုက်ကြီးသည်လည်း ရေကန်ကြီး ခံ့ညား စွာ စီစဉ်ပုံနှင့် စွယ်တော်တိုက်ကြီးကလည်း ခံ့ညားပုံနှင့် အလွန် ကြည်နူးဝမ်းမြောက်ဘွယ်ရာရှိလှပေ၏။ ဦးကုလ္လာသတို့သည် နယုန် လဆုတ် ၄-ရက်နေ့ ၃-နာရီ အချိန် ကန္ဒီမြို့ စွယ်တော် ဖွင့်ပွဲ သို့ ရောက်ရှိလေသည်။ စွယ်တော်တိုက်သို့ ကားများဝင်ဆိုက်လိုက် လျှင် အစောင့်များ၊ ပုလိပ်အရာရှိများ လာရောက်၍ စောင့် ရှောက်နေကြလေသည်၊ စွယ်တော်တိုက်အပေါ်သို့တက်ရောက် ကြည့်ကြလျှင် ၂-ယောက်တတွဲ လက်တွဲ၍ စီတန်းလျက် အတွင်း အခန်း စွယ်တော်ထားရာ အပေါက်သို့ သွားကြလေသည်။ ဦးကုလ္လာလတို့၏ ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီးရဲ့ ဥက္ကဋ္ဌ ခေါင်းဆောင် ဒေါက်တာ-မလလဆေကရ က တဦးစီ စွယ်တော် အမတ်ကြီး (စီ-ပီ-နဂဝေလဘ)နှင့် မိတ်ဆက်ပေးကြလေသည်။ ဦးကုလ္လာလတို့ စွယ်တော်ဖူးတွေ့ရခြင်းမှာ နိုင်ငံပေါင်း (၂၉) နိုင်ငံမှ ကမ္ဘာ့ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော်ကြီးများအတွက် သီးသန့်စွယ်တော်ဖွင့်ပွဲကြီးများ ပြုလုပ်ပေးသောပွဲတော်ဖြစ်သည် အတွက် ဦးကုလ္လာသတို့ ကိုယ်စားလှယ်တော်များကို အားရ အောင်ဖူးပြီးမှ အခြားဧည့်သည်တော်များနှင့် သီဟိုဠ်ကျွန်းသူ- ကျွန်းသားတို့အား ဖူးခွင့်ပြုလေ၏၊ ထိုစွယ်တော်အကြောင်းကို ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာတို့၌ ပြဆိုသည်မှာ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ၊ ၇-ရက် မြောက်နေ့၌ တေဇောဓာတ်လောင်လေသည်။ ကြွင်းကျန်သော ဓာတ်တော်တို့တွင် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ချောင်း၊ သင်္ကျစ်တော်တဆူ၊ ဤ ၇-ဆူတို့သည် အသမ္ဘိန္နဓာတ်တော်မည်

ဘုန်၏။ ထိုမှ ကြွင်းသော ဓာတ်တော်တို့ကို ရှစ်ပြည်ထောင် အခင်မင်းတို့အား (တစိတ်)သားစီ ဝေဘန်ပေးလေ၏။ မိမိမူ ကား၊ လက်ျာစွယ်တော်ကို ဦးရစ်ကြားး၌ ဝှက်ထားလေ၏။ သိကြားမင်းသည် ပင့်ယူသွားး၍ တာဝတိံသာမှာ စူဠာမဏိ စေတီ တည်ထားကိုးကွယ်တော်မူလေ၏။ ဒေါဏပုဏ္ဏားသည် လက်ျာအောက်စွယ်တော်တဆူကို ခြေဖျားနှင့်နင်း၍ ဝှက်ထား လေ၏။ ထိုစွယ်တော်ကို နဂါးမင်းလာယူ၍ နဂါးပြည်၌တည် ထားကိုးကွယ်လေ၏။ ဓာတုဝင် ဒါဌာဓာတုဝင် ကျမ်းများ၌ ပြဆိုလေသည်။ ကာလိင်္ဂတိုင်းမှ သီဟိုဠ်ကျွန်းသို့ စွယ်တော်တော် ရောက်လာလေသည်။ သာသနာတော်သက္ကရာဇ် ၆၃ဝ၊ သီဟိုဠ် မင်းဆက် ၆၂-ဆက်မှာ အနုရာဓမြို့မှ အရှေ့မြောက် ၇၃-မိုင် လောက်တွင် ပုလတ္တိနဂရခေါ် ပေါလာနရုာမြို့သို့ရောက်၍ ၎င်း မင်း ၎င်းမြို့မှပြောင်းရွှေ့ကြသောအခါ စွယ်တော်ကိုပင့်ဆောင် ၍ ကိုးကွယ်ဆည်းကပ်ကြလေသည်။ ကျမ်းဂန်အရ သမ္ဗန္ဓမြို့ ခေါ်သော ယခု ဦးကုဏ္ဍာလတို့ ရောက်ခဲ့, ဖူးခဲ့, တွေ့ခဲ့ရသော စွယ်တော်ရှိရာ ကန္ဒီမြို့သို့ ပြောင်းရွှေ့၍ နန်းစံမင်းများသည် ထို စွယ်တော်ကိုပင့်ယူ၍ ကိုးကွယ်ကြလေ၏။ ယခုတွေ့ရှိခဲ့ရသော စွယ်တော်သည် ကာလိင်္ဂတိုင်းမှ ဒန္တကုမာရမင်းသားနှင့် ဟေမ မာလာမင်းသမီးတို့ ပင့်ဆောင်တော်မူ၍ ယူလာသော စွယ်တော် ပင်ဖြစ်လေသည်။

## သီဟိုဠ်စွယ်တော်အကြောင်းကို ပြဆိုသော သံချိုကဗျာ

အသမ္ဘိန်-သမ္ဘန္ဓနှင့်၊ လှုံထိန်ဝေ-စိန္တေမြတ်၏၊ မွေ့ခေတ်စုံ အဆူဆူတို့၊ပုဏ္ဏားဖြူ-ဝေကာလကာ၊ဇေယျာသေနာကဲ့-နဂါးရွာ

ကိုးကွယ် ရက်ပ၊ စွယ်လက်ျာ-တဆူရှိသည်ဟု၊ မဟာဝေါ- စာပါငွေငယ်နှင့်၊ နိုင်းညှိလျက်ဌကထာ၊ ဝတိသာ-ဗုန္ဒာသက်ကယ်က၊ ညာလက်ျာ-စိန်ပြောင်ညွှန်းတဲ့၊ ဆောင်ကွန်းယူ- ပူဇာန်နှင့်၊ ရှင္ဒာ ဆံစေတီတွင်း-မြှုပ်သွင်းကာ-ဌာပနာပ၊ ရဟန္တာသယ်ယူလို့၊ ဘယ်တဆူ-စွယ်တော်ထက်ကို၊ရွှေလက်တော်-ကိုင်ခါအပ်ခဲ့၊ ဘိုင်းရပ်ဂန္ဓာ၊ပညာဉာဏ်-ဧတဒဂ်ကယ်နှင့်၊ညာလက်ရံ-မထေရ်ကျော်၏၊တပည့်တော်-ရှင်ခေမာတဲ့၊ ငွေနံ့သာ-ချေကာမံ၍၊သေလာယံ-တောင်လောက်နီးတဲ့၊လောင်မီးလျှံ-ထင်းပုံထဲက၊ပုဂ္ဂလာနှုတ်ကာဆွဲခဲ့၊ လက်ဝဲဘယ်- အောက်စွယ်မြတ်ကိုဖြင့်၊ ဗြဟ္မဒတ်ရာဇိန္ဒ၏-ကာလိင်္ဂမြို့ပူရာ၊ ပို့ယူကာဆောင်ကြဉ်း၊ ဂုဟာသီဝ ါတဲ့၊ ထိုရာဇာဖြစ်လာဆိုက်တော့-စစ်တိုက်ဉာဏ်-ရန်သူပေါ်လို့၊ စွယ်တော်ကို-ဖျက်ခါဆီးမည့်ကြောင့်၊သွီးတော်ချစ်ခင်လှသည့်-ဟေမမာလာနှင့်၊စေတနာ-ဂေဟာဆက်ကြတဲ့၊သမက်တော်ဒန္တမင်းတို့-ကြုပ်တွင်းမှာလျှောင်ကာသိုလို့၊ အမှီအခို-သီဟိုဠ်သို့ ရောက်လာကြ၊ မင်းခြောက်ဆက် – နှစ်သွယ်ဆက်တွင်မှ၊ နန်းသက်ဝယ်အဋ္ဌကီနှင့်၊ ကိတ္တိတေဇော်ဟု-သီရိကျော်မေဃမင်းတို့နှင့်၊ အပ်နှင်းကာ-ဘူပူဇော်ကြ၊ ဤစွယ်တော်ခေတ်တပါး၏-ရပ်နားရန်-သင့်ခံသတဲ့၊ ကာလရှည်-ကြာညောင်းတော့၊ ပြည်ပေါင်းရန်-နောင်အရေးကိုလ၊ ရှင်ခေမာ-ရွှေပြာကျွေးပါလို့၊ ဗြဟ္မာဒတ်ထိ-အပ်နှံပေးခဲ့။ ရှေးမူလရင်း ၎င်းသံချိုကဗျာတပုဒ်ကို သီဟိုဠ်စွယ်တော်အကြောင်းနှင့် သက်ဆိုင်နေ၍ ဤနေရာမှာ သိသင့်-သိအပ်သောကြောင့် ရေးသားလိုက်ရပါသတည်း။

နယုန်လဆုတ် ၄-ရက်နေ့ စွယ်တော်များဖူးခြင်း၊ ၎င်းညအကြီးအကျယ် စွယ်တော်လှည့်ပွဲ အထူးလုပ်ပေသည်၊ နိုင်ငံပေါင်းစုံ-လူမျိုးပေါင်းစုံ ကမ္ဘာ့ဗုဒ္ဓဘာသာ ၂၉-နိုင်ငံက ကိုယ်

စားလည်များအား ထူးဆန်းစွာ ည ၅-နာရီအချိန်တွင် သီဟိုဠ်သိမ်သမုတ်ပွဲ-ရဟန်းခံပွဲပြုလုပ်၍ ပြပြီးလျှင်၊ ၉-နာရီအချိန် စွယ်တော်လှည့်ပွဲမှာ ဆင် ၄၂-ကောင်နှင့် အခမ်းအနား အဆောင်အယောင် သိုက်မြိုက်ခံ့ညားစွာနှင့် စွယ်တော်အမတ် ၅-ယောက်၊ စွယ်တော်ဘက်ဆိုင်ရာ နာကက သံဃာတော် သုံးပါးရှိသည်။ ၎င်းစွယ်တော်ပွဲအတွက် အတီးအမှုတ်အဖွဲ့ လေးဖွဲ့ရှိသည်။ မီးရှူး မီးတိုင်များနှင့် အလွန် ခမ်းနားလှစွာလှည့်၍ ကိုယ်စားလည်တော်များကို ပြလေသည်။ ဦးကုဏ္ဍလတို့သည် အထူးနေရာကောင်းများကိုရှာကာ၊ကောင်းမြတ်သပ်ယပ် စည်းကာလှသော နေရာ အကွက်ကောင်းတခုကနေ၍ ဖူးမျှော်ကြည့်ရှုကြလေသည်၊ ကန္ဒီမြို့ မြန်မာကျောင်း ဦးဥတ္တမတို့ကျောင်း-၌ ညအိပ်ကြသည်။ မြန်မာပြည်ရှိ ရဟန်း, ရှင်, လူအများလည်း ကန္ဒီမြို့ ဗုဒ္ဓစွယ်တော်ဖူးမျှော်လာကြရင်း၊ ၎င်းမြန်မာဘုန်းတော်ကြီးများ ကျောင်းမှာပင် တည်းခိုရန်၊အသင့်ရှိပါ၏။ရေ, မီးနေရာအဆင်သင့်ပင် ရှိပါသည်။ ဘုရားဖူးသွားရန်ခရီးစဉ်မှာ သီဟိုဠ်ကိုလံဘိုမြို့မှ အနုရာဓမြို့သွား ကား-ရထားနှင့် ရောက်နိုင်သည်။ ၎င်းမှ မဟိန္ဒလေ့တောင်တက် ဘုရားဖူး၊ ၎င်းနောက် ပုလတ္တိမြို့ရောက်လျှင် ရှေးအဆောက်အဦ များကြည့်ရှုပြီးလျှင် ဆီးဂီးရီးယားသို့သွားကြည့်၊ ဆီးဂီးရီးယား မှနေ၍ ကားနှင့် ဝဋ္ဋဂါမဏိမင်းကြီး ကုသိုလ်တော်-ဒမ္ဗူလလိုဏ်ဂူသွား၊မာတလေ့မှာ ရှင်ဗုဒ္ဓဃောသပိဋကတ်သုံးပုံရေးကူးတဲ့ နေရာကြည့်၍ ရှေ့သို့ဆက်သွားလျှင် စွယ်တော်ရှိသော ကန္ဒီမြို့သို့ရောက်၏။ ၎င်းမှ ကိုလံဘိုသို့ပြန်နိုင်၏။ ဦးကုဏ္ဍလတို့သည် ကန္ဒီမြို့ ကောလိပ်ကျောင်းကြီးမှာ နံနက် အလွန်ကောင်းမွန်လှတဲ့ ဆွမ်းများကပ်လှူကြ၍ စားသောက်ပြီးလျှင်၊ နယုန်လဆုတ် ၆-ရက်နေ့ ၇-နာရီအချိန် ကိုလံဘိုမြို့သို့ ကားများဖြင့် ကမ္ဘာ

ဗုဒ္ဓ ကိုယ်စားလည်ပေါင်း ၂၀၀-ကျော်နှင့် နိုင်ငံပေါင်း ၂၉-နိုင်ငံက လူမျိုးပေါင်းစုံတို့သည် ပျော်ရွှင်အားရ ဝမ်းသာစွာဖြင့် ကန္ဒီမြို့နှင့်ခွဲခွါလာခဲ့ကြလေသည်။ ဤနေ့သည်ကား နယုန်လဆုတ် ၆-ရက်နေ့ကြီးပင်တည်း။ ပါဠိဘာသာအားဖြင့် သီဟဠဒီပ-သဒ္ဒါကိုထောက်၍ သီဟိုဠ်ကျွန်းဟူ၍ခေါ်ဆိုကြသည်။ သက္ကဋဘာသာအားဖြင့် ဆိံဟဋဒွိပခေါ်၏၊ အင်္ဂလိပ်ဘာသာအားဖြင့် ဆီလုံ(စီလုံ) ဟူ၍ခေါ်သည်၊ ဟိန္ဒူဘာသာအားဖြင့် လက်ာဟူ၍ ခေါ်ကြ၏၊ သီဟိုဠ်ကျွန်းသည် ပင်လယ်ဝိုင်းရံနေ၍ နွေ-ဆောင်း-မိုးဟူ၍ မရှိ။ ဥတုတိုင်း-ရာသီတိုင်းပင် မိုးရွာလေ့ရှိသည်။ ဆောင်း ဥတုမှာ ချမ်းအေးခြင်းမရှိပေ။ အမြဲမိုးရွာနေ၏၊ အသီးအနှံများသည် အလွန်စိုပြေ ကောင်းမွန်လန်းဆတ်နေကြလေသည်၊ အုန်းပင်၊ လဘက်ခြောက်ပင်၊ ကိုကိုး၊ ကာဖီ၊ ဇာဒိပ္ဖိုလ်ပင်၊ ငြုတ်ကောင်းပင်အပြင်၊ ပုလဲ,ကျောက်, သတ္တု,လိပ်ခွံ,ဆင်စွယ်, လူအသုံးအဆောင်ပေါများ၏။ သီဟိုဠ်သူ-သီဟိုဠ်သားများသည် မိမိတို့၏ဘာသာစကား အပြောနည်း၍ အင်္ဂလိပ်ဘာသာစကား အပြောများကြလေသည်။အယူဘာသာမှာ ဗုဒ္ဓဘာသာအယူရှိသူများလေသည်။ အစားအသောက်မှာ သက်သတ်လွတ်စားလေ့ရှိသည်။ သူတို့သည် အကောင်းစားလေ့ရှိသည်မှာ ငါး,သားများပင်ဖြစ်သည်။ သီဟိုဠ်ကျွန်းမှာ လူများအသားမဲသလောက် ဗိုလ်ဆန်ဆန် ဝတ်လေ့ရှိသည်။ (ဝါ) သုံးစွဲလေ့ရှိသည်။ နေအိမ်များကို ကောင်းမွန်စွာ ပြုပြင်လေ့ရှိသည်။ ကားများကို သူထက်ငါ ကား-ကောင်းကောင်းများကို စီးလေ့ရှိသည်၊ ဦးကုဏ္ဍလတို့သည် ကန္ဒီမြို့မှ ထွက်လာခဲ့ရာ၊ ကိုလံဘိုမြို့သို့ နယုန်လဆုတ် ၆-ရက်နေ့ ကောင်းမွန်စွာရောက်ရှိလေ၏။

သီဟိုဠ်ပြန် ဒေလီကိတ် ဦးကုဏ္ဍလ ဆရာတော်ရေးသား ထုတ်ဝေထားသည့် (ဓာတ်တော်အမျိုးမျိုး-ဘုရားရှိခိုး) စာအုပ်တွင် စွယ်တော်အကြောင်းအရာ အစုံပါရှိသည်၊ ၎င်းစာအုပ်ကို ကြည့်ရှုလေ။

ကန္ဒီမြို့အကြောင်းပြီး၏။

---

## ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီး အသက်ပြန်ဝင်လာခြင်း

နယုန်လဆုတ် ၇-ရက်နေ့မှာ ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီးသည် အသက်ဝင်၍ လှုပ်ရှားစ ပြုလာပြန်ပေသည်။ နိုင်ငံခြားသာသနာ - ဘာသာ အရပ်ရပ်တို့ကို ဆွေးနွေးတိုင်ပင်ပြောဆိုကြသည်၊ စည်းဝေးပွဲနံနက်ခင်းမှာ ပြီးလေသည်။ ဦးကုဏ္ဍလတို့သည် နယုန်လဆုတ် ၈-ရက်နေ့မှာ ဝိုင်-အမ်-ဘီ-ဧအ-အသင်းတိုက်ကြီးမှာ သာသနာရေးဆိုင်ရာ ငွေရားအသီးသီး တာဝန်ယူ၍ ထမ်းဆောင်ကြလေသည်။ ( ၁ ) ဗဟိုရ်ကော်မီတီအဖွဲ့။ (၂) ညီညွတ်ရေး ကော်မီတီအဖွဲ့။ (၃) သာသနာပြုရေးအဖွဲ့။ ( ၄ ) ပြဟ္မစိုရ်အဖွဲ့။ ( ၅ ) ကျမ်းစာအုပ်ထုတ်ရေးအဖွဲ့။ အဖွဲ့အစည်းပေါင်း ၅-ခု ဖွဲ့စည်းလိုက်ပြီးလျှင် မိမိပါဝင်လုပ်ကိုင်သောအဖွဲ့တွင် အဆိုတင်သွင်းခြင်း၊ ကန့်ကွက်ခြင်း၊ ထောက်ခံခြင်းပြု၍ အလုပ်ကို သဲသဲမဲမဲဇွဲနှင့် လုပ်ကိုင်နေကြလေသည်။ ဦးကုဏ္ဍလသည် သီဟိုဠ်ကျွန်း ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီး၌ ဖွဲ့စည်းထားသော ကော်မတီများတွင် ပြဟ္မစိုရ်အဖွဲ့၌ မမြော်လင့်ဘဲနှင့် ဝင်ရောက်၍ လုပ်ကိုင်နေရလေသည်။ ၎င်းအဖွဲ့တွင် မြန်မာပြည်မှ မေဂျာ-ဂျင်နရယ် ဦးထွန်းလှအောင်၊ ဦးဝင်းဖေ၊

ဦးကုလ္လာလတို့ ၃-ဦး။ ကမ္ဘောဇ-သံဃရာဇာဘုန်းကြီး၊ ဂျပန်နှင့် အင်္ဂလိပ်တဦးပါဝင်၍၊ ကမ္ဘာ့ဗုဒ္ဓဘာသာ အသင်းတိုင်း သုံးစွဲရန် အလံကိစ္စ၊တံဆိပ်ကိစ္စ၊ သာသနာသက္ကရာဇ် ၂၄၉၄-ခုကိစ္စ၊ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့ဟူ၍ ခေါ်ဆိုရန် အစရှိသော ကမ္ဘာလုံးဆိုင်ရာ သာသနာရေးကိစ္စများကို အရေးတကြီး တပူတပြင်း ကိုယ့်တာဝန်နှင့် ကိုယ်ယူ၍ နေ့မအား-ညမအား သာသနာရေး ကိစ္စများကို ဦးကုလ္လာလတို့သည် ကမ္ဘာ့လူထုကြီးနှင့် ရင်ဘောင်တန်း လက်တွဲ၍ လုပ်ကိုင်နေကြလေသည်။ သီဟိုဠ်ကျွန်း ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ကြီးမှာ ဦးကုလ္လာလတို့ ပါဝင်လုပ်ကိုင်ခဲ့ရသော ပြဟ္မာစိရ်အဖွဲ့ကြီးတွင် ကမ္ဘာလုံးသုံးစွဲရန် အဓိကအရေးအကြီးဆုံး အချက်များဖြစ်သည်၊ အလံကိစ္စမှာ ယခု ဦးကုလ္လာသယူလာသော ရောင်ခြည်တော်ခြောက်ပါး အလံကို သုံးစွဲစေရန် တံဆိပ်မှာ ယခု သုံးစွဲနေသော သံဃာယနာတင်မှာ ဓမ္မစကြာတံဆိပ်၊ ၉-နိုင်ငံမှာ အင်္ဂလိပ်လို ထုတ်ဝေနေတဲ့ သတင်းစာ, ဂျာနယ်, စာအုပ်,စာတမ်းတွင်ပါနေသည့်အတိုင်းပင်။ ယခု ဦးကုလ္လာလထံမှာ သီဟိုဠ်နိုင်ငံခြားမှပေးပို့နေသည့် အင်္ဂလိပ်သတင်းစာများ၌ ပါတဲ့အတိုင်းပင် ယခုပင် သုံးစွဲနေလေသည်။

ဤနေ့သည် နယုန်လဆုတ် ၈-ရက်နေ့ပင်တည်း၊ ဦးကုလ္လာလတို့ကိုယ်စားလည် ငါးပါးသည် ဤကဲ့သို့ နေ့ရော-ညပါ အားလပ်ချိန်မရနိုင်အောင် အစည်းအဝေးပွဲသို့ ခေါင်းမကိုက်-ဝမ်းမနာ-ကျန်းမာစွာနှင့်ပင်တက်နိုင်လေသည်၊ ကျွန်ုပ်တို့အဘို့ဝမ်းသာအားရစွာနှင့် ဆောင်ရွက်ခါနေလေ၏။ နိုင်ငံပေါင်း ၂၉-နိုင်ငံက ကိုယ်စားလည်တော်များသည် ကျန်းမာပကတိ ရှိစွာနှင့် ရွက်ဆောင်အားထုတ်လုပ်ကိုင်နေနိုင်ကြသည်ပင်လျှင် အံ့သြစရာ-ဝမ်းမြောက်စရာပင်ဖြစ်ပေတော့၏။ နယုန်လဆုတ် ၅-ရက်နေ့က

စ၍ ရပ်ခြင်း၊ထိုင်ခြင်း၊လျောင်းအိပ်ခြင်း၊သွားခြင်းဆိုတဲ့ဣရိယာပုထ် လေးပါးတွင် ထိုင်ခြင်း နှင့် သွားခြင်း ၂-ပါးသာများ၍ အပြင်းအထန် အလုပ်များနေလျက်၊ နယုန်လဆုတ် ၈-ရက်နေ့ အထိ ခရောက်အောင် ကျန်းမာစွာနှင့် သာသနာရေးကိုလုပ်ကိုင်ဆောင်ရွက်နေကြရ၏။ဦးကုဏ္ဍလတို့သည် နယုန်လဆုတ် ၉-ရက်နေ့ နံနက် မြန်မာပြည်မှ ကိုယ်စားလည်တော်ကြီး သံအမတ်အဖြစ်ဖြင့် စေလွှတ်ထားသော ဦးတင့်ဆွေတို့ နေအိမ်မှာ ဆွမ်းစား၍၊ ( ဝိုင်-အမ်-ဘီ-အေ ) အသင်း တိုက်ကြီးတွင် ကမ္ဘာ့ကိုယ်စားလည်တော် အပေါင်းတို့အား စုရုံးပြီးလျှင် ခေတ်ပုံကြီး ရိုက်ကူးကြလေသည်၊ ယခု ဦးကုဏ္ဍလ ယူဆောင်လာသော ခေတ်ပုံကားကြီးပင်ဖြစ်ပေသည်။

နေ့ဆွမ်းကပ်လှူရန် သီဟိုဠ်နန်းရင်းဝန်ကြီး (ဒီအက် (စ်) ဆေနာနာယ-က) ကိုယ်တိုင် ဆွမ်းများကပ်လှူသဖြင့် အလွန်မွန်မြတ်ကောင်းလှပေသော ခဲဘွယ်ဘောဇဉ်များကိုအလှူခံပြီးလျှင် မေတ္တာသုတ်ပရိတ်တရားများကို ရွတ်ဆိုဟောကြား၍ ပြုခဲ့ပါသည်။ သီဟိုဠ်ကျွန်းမှာ ဗုဒ္ဓဘာသာကိုးကွယ်သူများသည်(၇၅) ရာခိုင်နှုန်းလောက်ရှိပေသည်။ ဇာတ်အမျိုးမျိုးရှိ၏။ သီဟိုဠ်မှာ ပျော်ပွဲ,ရွှင်ပွဲနည်းပါး၏။ ခေတ်ရှင်၊ ဝါ၊ ရပ်ရှင်ကားများအား အသင့်အတင့်ကြည့်လေ့ကြည့်ထရှိ၏။ တရားပွဲ,ဘုရားပွဲ,ရေချိုးသဘင်ပွဲများကို အိမ်လုံးကျွတ် သွားလေ့ရှိ၏။ သီဟိုဠ်ကျွန်းသူအမျိုးသမီးကလေးများသည် အလှူအတန်း၌ အလွန်ဝါသနာထုံကြလေသည်။ သံဃာတော်များ မိမိအိမ်ရှေ့မှာ လာရပ်လျှင် ကန်တော့ဆွမ်းဟုဆိုရန် ကန်တော့ရန် အလွန်ပင်ဝန်ခလေးလှပေ၏။ မရှိသောအရာဝတ္ထု၊ ရှားသော အရာဝတ္ထုများကို ကြံဖန်ရှာဖွေလှူလေ့ရှိသည်။ သူတို့နိုင်ငံများမှာ ဆန်စပါး အလွန်ရှား

လှ၏။ အစိုးရဆပ်ပလိုင်းမှ ၇-ရက်တပတ်မှ ဆန်နို့ဆီဘူးတလုံးသာ ထုတ်ပေးနိုင်၏။ ၎င်းဆန်ကိုသူတို့မစားဘဲ သံဃာတော်များအားလှူလေ့ရှိသည်။ အလွန်အံ့ဩဖွယ်မိခဲ့ပေသည်။ သူတို့ပြည်ဓလေ့မှာ၊ လမ်းလျှောက်သွားလျှင် လမ်းပေါ် တံတွေးမထွေးရ၊ ထွေးလေ့မရှိ။ မိန်းမများ လမ်းလျှောက်၍ ဆေးသောက်ခြင်းမရှိ၊ ကွမ်းစား၍ မထွေးကြပါ။ ကား,ရထား,ခတ်ရထားစီးသူများမှာ တရားသဖြင့် ရှိလှပေ၏။ အရင်ရောက်သူ အရင်စီး၊ နောက်ရောက်သူ နောက်စီးနှင့် စည်းကမ်းရှိလှသော တိုင်းပြည်တပြည်ဘဲ၊ ချီးမွမ်းမိပါ၏။ မျက်နှာကြီးငယ်မလိုက်၊ မြန်မာပြည်သူ-ပြည်သားများသည် ယခုလို စည်းကမ်းသေဝပ် ပိပြားသော တိုင်းပြည်ကို အတုယူသင့်လှပေ၏၊ သီဟိုဠ်တွင် ဗုဒ္ဓဘာသာဂိုဏ်းသုံးခုရှိ၏၊ ရာမညဂိုဏ်း၊ အမရပူရဂိုဏ်း၊ ရှမ်းဂိုဏ်းဟူ၍ သုံးမျိုးရှိသည်။ ရှမ်းဂိုဏ်းသည် ယိုဒယားပြည်မှ သာသနာမျိုးစေ့ ယူလာသည်၊ အမရပူရဂိုဏ်းနှင့် ရာမညဂိုဏ်းသည် မြန်မာပြည်မှ သာသနာမျိုးစေ့ယူလာသည်။ ယိုးဒယားဂိုဏ်း သံဃာတော်များသည် မျက်ခုံးမွေးရိတ်ခြင်း၊ သင်္ကန်းမရုံခြင်း၊ ဖဲထီးဆောင်းခြင်းရှိသည်။ အမရပူရဂိုဏ်းနှင့် ရာမညဂိုဏ်း သံဃာတော်များသည် စလူဖက်များကို ကောင်းမွန်သေသပ်စွာ မြန်မာပြည် လွတ်လေ့ရှက်များကဲ့သို့ သဏ္ဌာန်လုပ်၍ဆောင်း၏။ ဘိနပ်မစီး၊ သင်္ကန်းရုံပြီး မြို့တွင်း,ရွာတွင်း၌ သွားလေ့ရှိသည်။ ဦးကုဏ္ဍလသည် သာသနာ-ဘာသာရေးများကို သီဟိုဠ်ကျွန်းမှာ သေချာစွာ လေ့လာခဲ့ပါတယ်။ သို့သော်လည်း စာအုပ်အလွန်ကြီး၍ ငွေကုန်ကျမည်စိုးပါ၍ ဆိုင်ရာ,ဆိုင်ရာ သင့်တင့်စွာများကိုသာ ယခုစာအုပ်တွင် ထည့်သွင်း၍ ရေးသားလိုက်ရပါတော့သည်။ အထူးမှာ၊ သီဟိုဠ်ကျွန်း၌ ခိုးသား ဓါးပြမရှိပေ၊ ပုလိပ်အရာရှိများကလည်း လူထု

မညှဉ်းပေ။ လူထုအပေါ် အတော်ဂရုဏာရှိပုံရသည်။ အထူး စောင့်ရှောက်ပေတယ်။ သီဟိုဠ်ဘုန်းကြီးများသည် ရဟန်းဖြစ် လာလျှင် အင်္ဂလိပ်စာနှင့် ပါဠိဘာသာများကို သင်လေ့ရှိသည်။ အင်္ဂလိပ်လို ဘီအေ,အိုင်အေ ဒေါက်တာပဏ္ဍိတ်ဘွဲ့များရှိဘုန်းကြီး များသည် သီဟိုဠ်မှာ နာမည်အကြီးဆုံး (ဝိဇ္ဇောဒယကောလိပ် သည်)ဘုန်းကြီးကောလိပ်ဖြစ်သည်။ သံဃာတော် ငါးရာကျော် ခြောက်ရာခန့်ရှိသည်။ ဘာသာစုံသင်ကြားလျက်ရှိသည်။ သီဟိုဠ် မှာ ဂျာတူးဝါလား၊အမှိုက်ကြိုးကုလား၊ လံချားဝါလား၊ပါစင် ကြယ်ဆွဲကုလားများကပင် နံနက်လင်းလျှင် အင်္ဂလိပ်သတင်းစာ အစုပ်ကောက်၍ဘတ်၊ အင်္ဂလိပ်စကားပြောနေကြတာ တွေ့ခဲ့ရ လေသည်။ သီဟိုဠ်ကျွန်းမှ ၅-တန်းသမား များနှင့် မြန်မာပြည် မှ (၁၀)တန်းနှင့် ညီမျှခြင်းလောက် ရှိသည်ဟု လက်တွေ့သင် တန်းတက်နေတဲ့ မိတ်ဆွေတဦးက ပြောပြလေသည်။ ဦးကုဏ္ဍလ တို့သည် နိုင်ငံခြား ဒေသန္တရ,ဘာသန္တရဗဟုသုတများကို တွေ့ ကြုံခံစားခဲ့သဖြင့်မိမိဘာသန္တရပညာများကို မဆည်းပူးခဲ့ရသည် ကိုပင်နောင်တရမိပါသည်။ နိုင်ငံခြားသွား၍ ဗုဒ္ဓဝါဒဖြန့်ရန်နှင့် တကမ္ဘာလုံး ဗုဒ္ဓဘာသာဖြစ်မြောက်ရေးသည် ဘာသန္တရပညာ များကို ဆည်းပူးရှာဖွေပြီးပါမှ အကျိုးထူးခံစားနိုင်၍ လိုရာသို့ ရောက်နိုင်မည်ဟူ၍ သတိပေးစကား ရေးသားလိုက်ရပါတော့ သည်။

သီဟိုဠ်နန်းရင်းဝန်နေအိမ်မှ ဆွမ်းစားသောက်ပြီး ၁၂-နာရီ အချိန် ပြန်လာခဲ့သည်။ ဤနေ့သည် (ဗိုင်-အမ်-ဘီ-အေ)ဗုဒ္ဓဘာ သာအသင်းတိုက်ကြီးမှာ ၂၉-နိုင်ငံက ကိုယ်စားလည်ပေါင်းစုံ၊ လူမျိုးစုံတို့သည် မိမိတို့ကော်မီတီ၏ စီစဉ်လုပ်ကိုင် ထားသော အဆိုများ၊ ဗုဒ္ဓဘာသာလုပ်ငန်းစဉ်များကို အဖွဲ့ချုပ်ကြီးသို့ တင်

ပြုရမည့်နေ့ကြီး ဖြစ်သောကြောင့် အလွှန်ပင်စိတ်ဝင် စားစရာ ကောင်းလှပါသည်။ တဦးနှင့်တဦး အကြိတ်အနယ်ပြောဆိုခြင်း၊ မိမိအလုပ်ကို အောင်မြင်ရန်ကြိုးစားခြင်းဖြင့် အသင်းတိုက်ကြီး တခုလုံး အုံးအုံးကျွက်ကျွက် အသံမစဲ-တသဲသဲနှင့် အသက်ဝင် လျက်ပင်ရှိပေတော့သည်။ သီဟိုဠ်ဘုန်းကြီး (ရာဟုလာ, အာနန္ဒာ) ၂-ပါးတို့သည် ဤအဖွဲ့ကြီးမှာ မြတ်စွာဘုရားသခင်၏ ဝိနည်း တော်ကို ပြင်သင့်တဲ့နေရာကို ပြင်လိုကြောင်းအဆိုကို တင်သွင်း ကြ၍၊ မြန်မာပြည် ဦးကုဏ္ဍလတို့အဖွဲ့က လုံးဝ သည့်အဆိုကို ဗုဒ္ဓဘာသာအဖွဲ့ကြီးက လက်မခံသင့်ကြောင်းကို အပြင်းအထန် ကန့်ကွက်၍ ဘုရားဝိနည်းတော်ကိုပြင်လျှင် ဘုရားကို ပုန်ကန် တော်လှန်တာနှင့်တူကြောင်း၊ ဘုရားသားဖြစ်ဘ ဤအဆိုကို လုံးဝအကုန် ရုပ်သိမ်းရန် ကန့်ကွက်လျက် ပြုလုပ်ရလေသည်။ ဤ အခါမှာ မြန်မာပြည်နိုင်ငံတော်ရှေ့နေချုပ်ကြီး ဦးချန်ထွန်း သဘာ ပတိလုပ်ချိန်ဖြစ်၍ ဦးကုဏ္ဍလတို့ သံဃာတော်များဘက်က ထို အဆိုကို နိုင်လေသည်။ ဤနေ့သည် ကမ္ဘာ့ဗုဒ္ဓဘာသာ လူမျိုးစု နိုင်ငံပေါင်း ၂၉-နိုင်ငံမှ ကိုယ်စားလှယ်များ ဝမ်းသာရွှင်လန်း သောမန ပီတိတွေလွှမ်းပြီးနေတဲ့ ကွန်ဖရင့်ကြီး၏ နောက်ဆုံး အပြီးသတ် နေ့ထူး နေ့မြတ် အခါကောင်း ရက်မြာဇာ နယုန် လဆုတ် ၉-ရက်နေ့ကြီးပင်ဖြစ်လေသည်။ ထိုနေ့ ညနေပိုင်းမှာ သီဟိုဠ်ကျွန်းဘုရင်ခံ ပင့်ဘိတ်ခေါ်ချက်အရ၊ ဦးကုဏ္ဍလတို့နှင့် ကမ္ဘာ့ ဗုဒ္ဓဘာသာကိုယ်စားလှယ်တော်များသည် ညနေ ၆- နာရီအချိန် ကားဖြင့် ဘုရင်ခံချုပ်(လော(ဒ်)ဆိုလစ်ဘာရီ) နေ အိမ်သို့ရောက်ရှိ၍ အိမ်တော်အပေါက်ဝမှ ဆီးကြိုနှုတ်ခွန်းဆက် ပြီး၊ ဒေါက်တာ-မလလဆေကရ က မိတ်ဆက်ခါပေးနေပါသည်။ ဘုရင်ခံအိမ်ခန်းမှာ အသီးသီးနေရာယူပြီး ထိုင်ကြ လေသည်

ဘုရင်ခံအိမ်မှာ အလွန်ကျယ်ဝန်းပြီး လှပ ခမ်းနားစွာ ပြင်ဆင်ရှိထားပါသည်။ သံဃာတော်များကို လီမွှော်ရည်ကပ်၊ လူများကို လဘက်ရည်တိုက်ကျွေးလျက် အိမ်ပတ်ဝန်းကျင်ကို ရှောက်ပြီး ကြည့်ရှုကြပါသည်။ ဦးကုဏ္ဍလ မှတ်သားခဲ့သည်မှာ လှပ ခံ့ညားစွာ ထွန်းညှိထားသောမီးအိမ် ၁၂-လုံး သုံးတောင်ခန့်ရှိသည်။ အလွန်ကောင်းမွန်လှပစွာလုပ်ထားသည်။ ဓာတ်ပုံကားကြီး ၁၄-ချပ်၊ ၎င်းပုံများသည် ဤဘုရင်ခံအိမ်မှာ ဘုရင်ခံ တဦးတခု၊ တဦးပြောင်းသွား-တပုံထားခဲ့သည်ဖြစ်ပေ၏။ တပုံနှင့်တပုံ မတူပေ။ တမျိုးစီရှိလေသည်။ ဤဓာတ်ပုံကားများကို ကြည့်ရှုခြင်းအားဖြင့် ၎င်းနေရာမှာ ဘုရင်ခံပေါင်း ဘယ်နှစ်ဦးရှိသည်ကို အလွယ်နှင့်သိနိုင်၏။ ဘုရင်ခံချုပ်ကလည်း ဤကဲ့သို့ ၂၉-နိုင်ငံမှ တက်ရောက်လာကြတဲ့ ကိုယ်စားလည်တော်ကြီးများကို သိရ-တွေ့ရခြင်းကြောင့် အလွန်ဝမ်းသာပါကြောင်း။ ဤကဲ့သို့ ညှော်ခံကျွေးမွေးပြုစုရသည့်အတွက် ဂုဏ်ယူမိပါတယ်။မိတ်ဆက်စကားပြောအပြီး၊ ဦးကုဏ္ဍလတို့ ကိုယ် စား လည် ဘက် က ယိုးဒယားဝန်ကြီးကပြန်၍ ကျေးဇူးတင်ကြောင်း မိတ်ဆက်ပြီးလျှင် ည ၈-နာရီအချိန် ပြန်လာခဲ့ကြပေသည်။ ဦးကုဏ္ဍလတို့သည် ထိုနေ့ကစပြီး ဆွမ်းကျွေးပွဲ,လဘက်ရည်သောက် နာယကမြှောက်ပွဲ အသီးသီးတို့ကို နားနေရသည်မရှိအောင် လိုက်၍နေရပါတော့သည်။ နယုန်သဆုတ် ၇-ရက်နေ့၊ ဝဇီရာယာမတိုက်ဆွမ်းလှူပွဲ၊ နောက် ကိုလံဘိုမြို့နှင့်(၁၀)မိုင်ဝေးကွာသော ပူလတုမြို့သို့ ညှော်ခံပွဲသွားရ၏။ နယုန်လဆုတ်(၁၀)ရက်နေ့ သီဟိုဠ်မဟာဗောဓိဆိုဂှယ်မှာ ညှော်ခံပွဲသွားရသည်။ သီဟိုဠ်မှာ ညှော်ခံပွဲ-ကြိုဆိုပွဲများသည် လူထုကြီး ၆-ထောင်, ၇-ထောင်ခန့်ဖြင့် အတီး,အမှုတ်,အက,အခုန်များနှင့် ကြိုဆိုခြင်းကို အစုံအကုန်

ရေးပြနေလျှင် အလွန်စာအုပ်ကျယ်နေမည်စိုးပါ၍ ဤမျှပင် ပြဆိုလိုက်ရပါသတည်း။

အထူးမှတ်ဘွယ်။ သီဟိုဠ်မှာ ဘုန်းကြီးကျောင်းဆောက်ရင်းတရားဟောရန် ဓမ္မဆာလာ ရှိရမည်၊ ဗောဓိပင်ရှိရမည်၊ အင်ကြင်းပင်ရှိရမည်၊ ဘုရားကျောင်း ရှိရမည်၊ ၎င်းအင်္ဂါလေးပါးနှင့် ပြည့်စုံမှ ဝိဟာရခေါ်၏။ မပြည့်စုံလျှင် အာရမ္မဟုခေါ်ဆိုသည်။ သီဟိုဠ်မှာ ဘုန်းကြီးကျောင်းဟူသမျှ အင်ကြင်းပင်၊ ဗောဓိပင် အမြဲစိုက်ပျိုးထားကြလေသည်။ အင်ကြင်းပန်းကို ဘုရားတင်လေ့ရှိသည်။ အင်ကြင်းပန်းသည် အလွန်မွှေးကြိုင်လှပေ၏။ အသီးအားဖြင့် အရွယ်မှာ ဥသျှစ်သီး အကြီးစားလောက်ရှိသည်။ အပွင့်မှာ အလယ်က ဝတ်ဆံနှင့် အဖတ်များရှိ၍ နှင်းဆီပွင့်ကြီးလောက် ရှိသည်။ အပွင့် အဖတ် ထူသည်။ ဒင်္ဂါးဝိုင်းသာသာကြီးရှိပါသည်။ မြန်မာပြည်က အင်ကြင်းနှင့် လုံးဝမတူပေ။ အရွက်အားဖြင့်၎င်း၊ အပွင့်အားဖြင့်၎င်း၊ အသီးအားဖြင့်၎င်း မတူပါ။ အိန္ဒိယပြည်မဇ္ဈိမဒေသ-လုမ္ဗိနီတောမှာ အင်ကြင်းပင်တွေ့နိုင်သည်။ သီဟိုဠ်ကျွန်း-ကိုလံမြို့အရှေ့ ဂင်္ဂါရာမကျောင်းတိုက်တွင်း အပင်ကြီးများမှာ အသီးများစွာ ရှိလေသည်။ အပင်ပေါက်ကလေးများလည်း များစွာတွေ့ခဲ့ရလေသည်။ ဗောဓိပင်ကဲ့သို့ အင်ကြင်းပင်မှာလည်း အပင်ထူး, အပင်မြတ်, ရှေးဆရာမြတ်တို့ရေးစပ်တဲ့ လက်ာ-သီချင်းစာများမှာ မလွတ်တန်း အများအပြား ပါရှိလေသည်။ ဦးကုဏ္ဍသရေးသားထားသော မဟာဗောဓိ အင်ကြင်းပူဇော်ခြင်း သိုက်ညွှန်းကျမ်းမှာလည်း အကျယ်တဝင့် ရေးသားထားပါသည်။ သို့သော်လည်း အကြောင်းဆိုက်၍ အနည်းငယ် ပြဆိုလိုက်ပေအံ့။ ဘုရားဖြစ်ရန် လှူရပ်ထံတွင်သန္တေ-ဇာတိ ဖွားမြင်ခြင်းရှိတဲ့အခါမှာ၊ မယ်တော်မာယာသည်

လုမ္ဗနီအင်ကြင်းတောမှာ အင်ကြင်းကိုင်းကိုကိုင်လျက် အင်ကြင်းပွင့်များကိုရှုရှိုက်၍အလောင်းတော်သိဒ္ဓတ္ထကုမာရသတိုးသားကို မွေးဖွားလေသည်။ဘဝဇာတ်သိမ်း နိဗ္ဗာန်ကိန်းသော နောက်ဆုံးဘဝမှာလည်း ကုသိနာရုံ – အင်ကြင်းစုံတောမှာ မြောက်သို့ ဦးခေါင်းမူ၍ ပရိနိဗ္ဗာန်ဝင်စံလေသည်။ မဟာဗောဓိပင်မှ သီရိ ဓမ္မာသောကမင်းကြီးနှင့် သမီးတော် သင်္ဃာမိတ္တာထေရီမသည့် ဗောဓိညောင်တောင်တိုင်းကို ဆေးဒန်း မြင်းသီလာနှင့်ဖြတ်ပြီး အင်ကြင်းပင်အောက် အင်ကြင်းတောမှာ ၇-ရက်ထားလေသည်။ ဤအင်ကြင်းပင်သည် ပူဇနီယဆိုက်သော အပင်တပင် ဖြစ်လေသည်။ ဦးကုဏ္ဍလသည် ကျောင်းသားဘဝငယ်စဉ်က ရထားသော သာသနာလျောက်ဆိုသည့် လင်္ကာတပုဒ်ကို အလျဉ်းသင့်၍ ပြဆိုလိုက်ပေအံ့။

ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ပင်ပျိုတို့၏ အဆုံးအကြား တောင်မြောက် အလျား ခင်းထားအပ်သော ရတနာရွှေညောင်စောင်းထက်၌ ဥတ္တရဒိသာ မြောက်သို့ တူရှုလျောင်းတော်မူလျက် ပရိနိဗ္ဗာန်စံတော်မူသည့် နေ့မှစ၍ ထားတော်မူခဲ့သော သာသနာတော်မြတ်ကား ၂၄၉၄-ခုနှစ် ဖြစ်ပါသည်ဘုရား။ ကြွင်းသေးသော သာသနာတော်မြတ်သည်ကား ၂၅၆-ခု ကြွင်းပါသေးသည်ဘုရား။ သာသနာတော် တဝက်ပြည့်ရန် ၆-နှစ်လိုပါတော့သည်။ယခု လူတို့ခေါ်ဝေါ်အပ်သော ကောဇာသက္ကရာဇ် ၁၃၁၂-ခု၊ ပြာသိုလဖြစ်ပါသည်။ ဤကဲ့သို့ ကျောင်းသားဘဝက ဦးကုဏ္ဍလ ဘုရားရှိခိုးပြီးတိုင်း သာသနာလျောက်ရပါသည်၊ ဦးကုဏ္ဍလတို့သည် နယုန်လဆုတ် ၁၁-ရက်နေ့မှာ မြူနီစရုံခေါ် ပြတိုက်ကြီးသို့ သွားရောက်၍ ကြည့်ရှုကြသည်၊ ရှေးမင်းအဆက်ဆက် ဒါး၊လှံ၊ သေနတ်၊ငွေများ၊ အဝတ်

အစား၊ ရှေးဟောင်း ပစ္စည်းများ၊ ငှက်မျိုးစုံ၊ လိပ်ပြာမျိုးစုံ၊ ကျောက်အမျိုးစုံ၊ ဆင်, မြွေ, ငါး, ကျား ကြည့်ရှုစရာ အလွန်ထူးဆန်းလှပါသည်။ အထူးမှာ ငါးရိုးကြီးတခုသည် ဤပြတိုက်မှာ ကြိုးဖြင့်ဆွဲထား၏။ ဦးကုဏ္ဍလခြေလှမ်းပေါင်း(၂၇)လှမ်းမျှရှိသည်။ ရင်အုပ်ရိုးမှာ(၆၀)ပါ သမ္ဗာန်လုံးလောက်ရှိပါသည်။ ပန်းချီကားများ အမျိုးမျိုးရှိသည်။ အာသောကာရာမကျောင်းတိုက်တွင် ဘုရားဖူးသွားကြသည်။ အလွန်ထူးဆန်းတဲ့ ပစ္စည်းပုံများကိုကြည့်၍ ဣသိပဋ္ဌနရာမတိုက်မှာ အင်ကြင်းပင်၊ ဗောဓိပင်၊ ရှင်မဟိန္ဒပုံနှင့်တကွ သီဟိုဠ်ကျွန်းသာသနာပြုပုဂ္ဂိုလ်များ၊ ဣဋ္ဌိယ၊ ဉတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလ၊ သုမန-သာမဏေ၊ ဘဏ္ဍုက-ဉပသကာအားဖြင့် ၇-ပါးပုံများကို အထူးအရေးယူ၍ ရေးခြင်း၊ ထုလုပ်ထားခြင်းပြထားပါသည်။ ကျွန်ုပ်တို့ မြန်မာပြည်မှာလည်း တကဲ့ကျေးဇူးများတဲ့ ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ်များဖြစ်၍ထားသင့်ထားထိုက်-ထားအပ်ပါသည်။သထုံပြည် ရှင်သောဏ၊ ရှင်ဉတ္တရထေရ် ပုဂံ-ရှင်အရဟံ အစရှိသောကျေးဇူးရှင်များအား မမေ့သင့်သော ထူးမြတ်တဲ့ပုဂ္ဂိုလ်များကို သာသနာရေးဘက်က လုပ်သင့်ပေသည်၊ နောက်လူ-နောက်သားများ အစဉ်ထာဝရ ဖြစ်သွားရန်ကောင်းသောနည်းလမ်းဖြစ်၍ ယခုနေအခါကစပြီး စီစဉ်သင့်ပေ၏။သီဟိုဠ်မှာ တကျွန်းလုံးနယုန်လပြည့်နေ့ ရှင်မဟိန္ဒရောက်တဲ့ နေ့မြတ်မို့ နှစ်စဉ်-နှစ်တိုင်း ရှင်မဟိန္ဒလှည့် ပွဲတော်ကြီးလုပ်ကြသည်။ ဦးကုဏ္ဍလတို့သည် ဝါဆိုလဆန်း ၁-ရက်နေ့မှာ တိရစ္ဆာန်ရုံ, ကလျာဏီသိမ်, သဘော်ဆိပ်များသို့ နှစ်ထပ်ကားကြီးနှင့် သွား၍ လှည့်လည်ကြည့်ရှုကြလေသည်။ သီဟိုဠ်ကျွန်းမှာ ကားနှစ်ထပ်၊ (၀၂) နှစ်ထပ်ကားကြီးတွေရှိသည်။ ရေဒီယိုပါသည်။အသံချဲ့စက်လောက်(စ်)ပီကာပါသည်။ထိုင်ခုံများ အလွန်

သပ်ယပ်သည်။ ဆိုဖါများ တပ်ဆင်ထားသည်။ အလွန် ခံ့ညား လှပကောင်းမွန်လှပါသည်။ ဝါဆိုလဆန်း ၂-ရက်နေ့ ကမ္ဘာ့ ဗုဒ္ဓဘာသာ ကွန်ဖရင့်ကြီး၏ ဥက္ကဋ္ဌ ဒေါက်တာ-မလလဆေကရ နေအိမ်မှ ဆွမ်းကပ်သည်။ ဝါဆိုလဆန်း ၃-ရက်နေ့မှာ အင်္ဂလန် ကိုယ်စားလှယ် မေဂျာဂျင်နရယ် ဦးထွန်းလှအောင်-ဒေါ်မမကြီး ကြီးတို့က ဆွမ်းကပ်လှူကြသည်။ ဝါဆိုလဆန်း ၄-ရက်နေ့ ၈-မိုင် ဝေးသော မြန်မာ ဒေါ်အေးညွန့်နေအိမ်မှာ ဆွမ်းစားကြပါ သည်။ ဒေါ်အေးညွန့်သည် သီဟိုဠ်သားနှင့်ရ၍ သား,မြေးများ ပင် ရ၍နေပေသည်။ သီဟိုဠ်အဝတ်အစားများပင် ဝတ်ထားပေ တော့သည်။ မြန်မာဆွမ်းများစားရလို့ ဦးကုဏ္ဍလတို့မှာလည်း ဝမ်းသာလှပေ၏။

ဦးကုဏ္ဍလတို့သည် ဆရာတော် ဦးဝိနယလင်္ကာရကို ကန် တော့ပြီးလျှင် မိမိမြန်မာပြည်ပြန်ရန် ပျော်ရွှင်အူမြူး ဝမ်းသာထူး လျက် ပျော်မြူးကာရှိလေသည်။ ဘာကြောင့်ဆိုသော် မြန်မာပြည် ဒါယကာ-ဒါယိကာမအများတို့အတွက်လက်ဆောင် ဒေလီကိတ် ဦးကုဏ္ဍလသည်သီဟိုဠ်ကျွန်းမှ အပြန် ဗုဒ္ဓမြတ် စွယ်တော်-ရောင် တော်ပြန် ဓာတ်မှန်ဘုရား၊ ဂျပန်ဘုရား၊ တရုပ်ဘုရား၊ ယိုဒယား ဘုရားများနှင့် ဗောဓိပင်ပျိုးသုံးပင်၊ အင်ကြင်းပင်ပျိုးဘပင်ကို ပင့် လာနိုင်သည်အတွက် ပိုပြီးဝမ်းသာမိပါ၏။ ဤနေ့ကြီးသည်ကား ဦးကုဏ္ဍလတို့ဝမ်းလည်းသာ-ဝမ်းလည်းနည်းဆိုသလို၊ ဝမ်းသာ တာက ဗောဓိ၊ အင်ကြင်း မြန်မာပြည်သို့ ပင့်ဆောင် သွင်းလာ ရသည့်အတွက်ပင် ဖြစ်ပေတော့၏။ ဝမ်းနည်းတာက သီဟိုဠ် ကျွန်းကြီးမှာ ရဟန်းမိတ်ဆွေ-လူတကာတွေနှင့် ခွဲခွါလာရမည့် နေ့ရက်ကြီးပင် ဖြစ်ပေသည့်အတွက် အလွန်ပင်ဝမ်းနည်းကြေကွဲ မရွှင်ပျနိုင်ဘဲ ရှိလှပေတော့၏။ မိတ်အများတို့အား နှုတ်ခွန်းများ

ဆက်ပြီး၍ ဝါဆိုလဆန်း ၄-ရက်နေ့ မီးရထားဘူတာရုံကြီးမှ ည ၇-နာရီအချိန် ထွက်ခွါလာခဲ့ကြပါသည်၊ မြန်မာပြည်မှ ကိုယ်စားလည်များအား သီဟိုဠ်ဘုန်းကြီးများနှင့် အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဒေါက်တာ-မလလဆေကရ မေဂျာဂျင်နရယ် ဦးထွန်းလှအောင်နှင့် လူပေါင်းများစွာတို့က ရထားဘူတာရုံကြီးသို့ လိုက်ပို့လိုက်ကြရှာသေးကြောင်း၊ ကိုလံဘိုမှ မဒရပ်သို့ ရထားအခ(၁၉)ကျပ်ပေးရပါသည်၊ သီဟိုဠ်ကျွန်းအဆုံး အိန္ဒိယဘက်အကူး နယ်ခြား ပင်သယ်ကူး သင်္ဘောသို့ ဆက်စီး ရပါ၏။ ကိုလံဘိုမြို့မှ စီးလာလျှင် ( ကလိုင်းမိန်း-ဘူတာ ) တွင်ဆင်း၍ သင်္ဘောစီး၊ အိန္ဒိယဘက်မှာ မီးရထားဆက်စီးရပါသည်။ ၎င်းနေရာကို ဟနုမာ ကျောက်တန်းဟု ခေါ်ဆိုကြပါသည်။ သီဟိုဠ်ကျွန်းနှင့် အိန္ဒိယပြည်ဘက်သို့ တဘက်ကမ်းနှင့် တဘက်ကမ်း ဖြတ်ကျော်သည်မှာ နံနက် ၆-နာရီက သင်္ဘောထွက်လာခဲ့ရာ၊ အိန္ဒိယဘက်မှာ နေ့ဆွမ်းမီရုံနေ့(၁၁) နာရီလောက်မှ သင်္ဘောဆိပ်သို့ ရောက်ပေ၏။ အိန္ဒိယမြေကို နင်းမိသည်နှင့် တပြိုင်နက် အလွန် ရာသီဆိုးရွား ပူပြင်းလှပေ၏။ ထိုရက်သည်ကား ဝါဆိုလဆန်း ၅-ရက်ပင်တည်း။

ပြီး၏။

---

## အိန္ဒိယပြည် မဒရပ်မြို့တော်အကြောင်း

အိန္ဒိယပြည် မဒရပ်မြို့တော်သည် အလွန် နေပြင်းပူလောင်သောကြောင့်သစ်ပင်,သစ်ရွက်,သစ်ခက်တို့သည်ခြောက်လျက်ပင်ရှိလေသည် သီတင်းကျွတ်-တန်ဆောင်မုန်းလများတွင် မိုးများ ရွာသွန်းနေတတ်ပေသည်။ မြန်မာပြည် အထက်ပိုင်း အရပ်နှင့်

တူလုံပေ၏၊ သစ်ပင်-ဝါးပင်များ ရှားပါးလှ၏။ သင့်တင့်စွာ ပေါက်ရောက်တတ်သော သစ်ပင်-ဝါးပင်များသည် ထန်းပင်၊ စွန်ပုလွန်ပင်၊ သရက်ပင်များပင်မျက်မြင်တွေ့ခဲ့ရသည်။အိန္ဒိယပြည်မှာ နွားတရှဉ်းနှင့် ရေတွင်းတလုံးရှိလျှင် လူဆယ် ယောက် လောက်တာဝန်ကို စားသုံးစေနိုင်၏။ ဝါ-အိမ်စရိတ် သွင်းနိုင်ပေတော့၏။ ပဌမ ဆန်စပါးစိုက်ပျိုးခြင်း၊ ဒုတိယ ငြုတ်,ကြက်သွန်စိုက်ပျိုးခြင်း၊ တတိယ ဂျုံများစိုက်ပျိုးကြလေသည်။အိန္ဒိယမှာ ငွေရှား,ကြေးရှား,ဆန်ရှား,ဆီရှား, အလုပ် ရှားကြသဖြင့် ချက်ပြုတ်မစားနိုင်။ ထင်းရှား၍ ရေစိမ်စားကြတာ များလေသည်။

မြန်မာပြည်ရောက်ရှိနေကြတဲ့ အိန္ဒိယသား ကုလားများသည် သူတို့တိုင်းပြည်နှင့် စာလျှင် နတ်ပြည်သို့ ရောက်နေ ကြတာနှင့် အလားတူနေသည်။ အစား အသောက် အနေအထိုင် အလုံးစုံ ကွာခြားလှပေတော့သည်။ ဦးကုဏ္ဍာတို့သည် ကိုလံဘိုမြို့မှ ထွက်ခွါလာခဲ့ရာ၊ ၃-ညနှင့် ၄-ရက်လုံးလုံး မနားမနေ ခုတ်မောင်း လာခဲ့ရာ မဒရပ်မြို့ အင်္ဂမိုးဘူတာရုံသို့ နံနက် ၇-နာရီ အချိန် ရောက်ရှိပါသည်။ မဟာဗောဓိ အသင်းတိုက် သီဟိုဠ်ဘုန်းကြီး (သောမနန္ဒ)နေထိုင်သည့် တိုက်ကျောင်းဖြစ်သည်။ ဧည့်ခန်းများ သေချာစွာပြုပြင်ထားပါသည်။ မဒရပ်မြို့မှာ ၂-ရက်မျှ နေခဲ့ပါသည်။ မဒရာ(ဆ်)မြို့သည် အလွန်ကျယ်ဝန်းသောမြို့ဖြစ်၏။ ဘုံဘိုင်နယ် အထိဖြစ်သည်။ စတုရန်းမိုင်ပေါင်း တသိန်းကျယ်သည်ဟု အိန္ဒိယကျောက်စာ၌ ဆိုထား၏။ မြစ်အနီးအနားမှာ စပါး,ပြောင်း,နှမ်း,ကြက်သွန်,ဂျုံများထွက်သည်။ အခြားနယ်များနှင့်စာလျှင် မဒရာ(ဆ်)နယ်သည် အပူပြင်းထန်လှ၏။ သို့သော်လည်း သမုဒ္ဒရာနှင့်နီးကပ်သောကြောင့် ဟောမန္တ,ဂိမှန္တမှာ

အချမ်းအပူသင့်လျော်သည်။ အရှေ့ဘက်ထက် အနောက်ဘက် ကမ်းခြေက မိုးဃ်းကောင်းပေသည်။ ကျန်းမာရေးအတွက် ချမ်းသာသောပုဂ္ဂိုလ်သူဌေးများ သွားရောက်နေထိုင်ကြလေ၏။

မဒရပ်နယ်သည် ဟိန္ဒူဘုရားခေါ် မဟာဒေဝကို ကိုးကွယ်သော ဟိန္ဒူလူမျိုး ကုလားများရှိကြလေသည်။ စကားများလည်း အမျိုးမျိုးကွဲနေကြ၏။ မဒရာ(ဆ်)မြို့သည် သိပ္ပံကျောင်းကြီး၊ ဘဏ်တိုက်ကြီး၊ အစိုးရကြီးများနေထိုင်ကြသည့် ဒိစတြိတ်မြို့ကြီးဖြစ်၏။ မြို့တော်လည်းခေါ်ကြသည်။ မဒရပ်မြို့ ကောင်စစ်ဝန် မန္တလေးသား ဦးဘရီအိမ်မှာ ဆွမ်းများကပ်၍ စားသောက်ပြီး မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဘတ်၍ ပြန်လာခဲ့ပါသည်။မဒရပ်မြို့ရှိ ကောင်စစ်ဝန် ဦးဘရီသည် မန္တလေးသားပီပီ၊ရဟန်း သံဃာတော်များအတွက် တာဝန်ဝတ္တရားများကို ကျေပွန်ပါသည် ဦးကုဏ္ဍလတို့ကိုမီးရထားဘူတာရုံသို့ လိုက်ပို့ကြသည်မှာ ဦးဘရီနှင့် ဘဲဥတံဆိပ် ပဲလေကပ်လုံချည် ကုမ္ပဏီကိုချစ်စိန်တို့သည် တသက်တာတွင် မမေ့နိုင်၊ ကျေးဇူးတင်လို့ မဆုံးနိုင်အောင်ပင်ရှိပါသည်။ ဦးကုဏ္ဍလတို့သည် အိန္ဒိယပြည်သုံး အိန္ဒိယဘဏ်တိုက်မှ ငွေများထုတ်ကြသည်။ ဤနေ့သည် ဘဏ်တိုက်မှ ငွေထုတ်ပြီး ဆွမ်းစားစရာ ထမင်းဆိုင်ရှာလို့မတွေ့ပါ။ ဦးကုဏ္ဍလတို့ငါးပါးသည်ဒုက္ကရစရိယာကျင့်၍ ဤနေ့မှာနေရလေသည်၊ဦးကုဏ္ဍလတို့မှာ ဝါဆိုသဆန်း ၆-ရက်နေ့၊နာမည်ကျော်ကြားတဲ့ ပင်လယ်ကြီးကို လေညှင်းခံ သွားကြလေသည်။ သဲသောင်ပြင်ကြီးသည် နေဝင်စ ညနေစောင်းအချိန်မှာ၊ပင်လယ်လှိုင်းရေတွေသည် တဖွေးဖွေး ဖြူ၍နေပြီး တဖွေးဖွေး ငွေရောင်ပြေးနေတဲ့ သောင်းကမ်းခြေမှာ ဤအခါ တပည့် ဒါယကာ-ဒါယိကာမကြီးများနှင့် တကွ လွမ်းဆွတ် တမ်းတ အမှတ်ရပြီး

ဝမ်းနည်းသလိုလိုဖြစ်သွားပြီး စိတ်များ ညှိုးငယ် သွားမိသည်အတွက် ပြန်လှည့်လာရပေ၏။

ဦးကုဏ္ဍလတို့သည် ဝါဆိုလဆန်း ၇-ရက်နေ့နံနက် ဈေးထဲ ထူးဆန်းမွန်မြတ် သပ်ရပ်သော နေရာများကို လှည့်လည်ကြည့်ရှုကြပါသည်။ ဤနေ့သည် ပဉ္စမ ဝါဆိုလဆန်း ၇-ရက်နေ့ပင်တည်း။ မဒရပ်မှ ရန်ကုန်အရောက် သင်္ဘောခ (၁၃၀)ပေးရ၏။ မဒရပ်မှ မီးရထားခ ကလကတ္တားသို့ ပဉ္စမတန်း လူတယောက်လျှင် ၂၂၉-ကျပ်၊ ဒုတိယတန်း ၇၅-ကျပ် ၄-ပဲ၊ တတိယတန်း ၂၆-ကျပ် ၁၄-ပဲ ပေးရသည်။ ဦးကုဏ္ဍလတို့ သွားစဉ်အခါက လမ်းစဉ်နှင့် သင်္ဘော,မီးရထား အခနှုန်းများပင် ဖြစ်သည်။ ဦးကုဏ္ဍလတို့သည် ပဉ္စမဝါဆိုလဆန်း ၉-ရက်နေ့ ကလကတ္တားသို့ နံနက် ၁၁-နာရီခွဲအချိန် အီဒင်ဆေးရုံလမ်း၊ နံပါတ်(၁၀) အေ-မြန်မာပိုင်ကျောင်း ဦးကုဏ္ဍလတို့၏ အတိပိယ ဒင်္ဂုမိတ္တ ဆားလား ဦးပညာဝံသ, ဦးနဂသေန တို့ထံကို ရောက်ရှိကြပါသည်၊ အန္ဒိယမြေကိုနင်းခ,ဝင်ခ(၁၀)ပေး၍ အိန္ဒိယဗီဇာယူ၍ လာခဲ့ရာ၊ ဝါဆိုလဆန်း ၁၀-ရက်နေ့၊ ကျန်းမာရေးဌာနသို့ သွားခြင်း၊ ကျန်ငွေများကို ကလကတ္တားမှာ ဘဏ်မှထုတ်ယူကြပါသည်၊ ကလကတ္တားမြို့သည် အလွန်လူဦးရေများ၍ ကျယ်ဝန်းလှပါသည်။ မြို့၏စတုရန်းမိုင် (၅၀) ပတ်ဝန်းရှိ၏။ (နယူးမတ်ကက်)ခေါ် ဈေးသစ်ကြီးသည် မြို့၏ကြက်သရေကို ဆောင်လေသည်။ နတ်ဘုံ,နတ်နန်းတမျှ ထူးဆန်းလှပပေသည်။ ကုန်အမျိုးမျိုး လိုရာရနိုင်တဲ့ ဈေးကြီးပင်ဖြစ်၏။ ဦးကုဏ္ဍလတို့သည် ကလကတ္တားမြို့မှာ ဟိန္ဒူဘုရားရှိခိုးကျောင်း၊ ဂျိမ်းဘုရားကျောင်း၊ ကမ္ဘာကျော်ကြားနေသော ရမ္မကစ္စနာကျောင်း ကုလားဘုရားရှိခိုးကျောင်းကြီးသည် သူတို့ဘာသာအရ အလွန်ခံ့ညား ကြီး

ကျယ်လှပါသည်။ အဆောင်ဆောင်သော ဘုရားခန်းများသည် သုံးဆယ်ခန့်ရှိပါသည်။ ၎င်းဘုရားကျောင်းတော် အတွင်းမှာ ကုလားဘုရားပုံ,မဟာဒေဝခေါ် ယောက်ျား, မိန်းမ, လိင်များ ဖြစ်သည်။ ၎င်းရှေ့မှ နွားရုပ်တခုစီရှိသည်။ ၎င်းယောက်ျား, မိန်းမ-လိင်ကို အမွှေးနံ့သာများလောင်း၍ စီးဆင်းကျလာသော ရေကို ကုလားလူမျိုးများသောက်ခြင်း၊ မျက်နှာကို သုတ်လိမ်းခြင်းပြုကြပါသည်။ မြန်မာပြည် ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်ကြီးအား ညနေစောင်းအချိန် နံနက်အခါများမှာ လူသွား-လူလာများ၍ ဘုရားဖူးလာရောက်ကြသလို အိန္ဒိယပြည် ကလကတ္တားမြို့ ရမ္မကစ္ဆနား ဘုရားကျောင်း၊ မီးမိုးဒီယာဟောမှာလည်း အလွန်လူစည်ကားလှပါသည်။ ဖူးသူ-လာသူမစဲ ကသဲသဲ တဖွဲဖွဲရှိတော့သည်။ ၎င်းအဆောက်အဦ ဘုရားများသည် ဟူဂလီမြစ်ကမ်းဘေးဖြစ်၍ အလွန်ပဏာရ ကြည့်၍လှ၏။

အိန္ဒိယပြည် မဒရပ်နှင့် ကလကတ္တားအကြောင်းပြီး၏။

---

## ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်ခြင်းအကြောင်း

ဝါဆိုလဆန်း ၁၁-ရက်နေ့သည် ဦးကုဏ္ဍလတို့ အလုပ်ရှုပ်သောနေ့ရက်ကြီးပင်ဖြစ်၏။ အကြောင်းသော်၊ ကမ္ဘာ့ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော်များဖြစ်သော ဦးကုဏ္ဍလတို့ငါးပါးသည် ကလကတ္တား မီးရထားဘူတာရုံသို့ရောက်ကြ၏။ ဘုရားပွင့်ရာ မဇ္ဈိမဒေသ ဗုဒ္ဓဂယာသို့ ကလကတ္တားဘူတာရုံမှ ညနေ ၇-နာရီ မီးရထားစီးသွားကြရာ၊ ဝါဆိုလဆန်း ၁၂-ရက်နေ့ ဗုဒ္ဓဂယာသို့ နံနက် ၆-နာရီရောက်၏။ အိန္ဒိယပြည် မဇ္ဈိမဒေသ ဘုရားပွင့်ရာ ဗုဒ္ဓဂယာသည် ရှေးကျမ်းစာများမှာ ဆာဝါတို့-

ဥပကတို့ နေထိုင်ကြသော တောမုဆိုးတို့၏နေရာ (ဂယာသီသ) ခေါ်ဆိုကြ၏။ ၎င်းတောမုဆိုးတို့၏နေရာ ဂယာသီသရွာကလေး၏ အရှေ့တောင်ဘက်မှာ ဥပက ရဟန်းကြီးနေသော တောင်တခုရှိသည်။ ၎င်းတောင်ပေါ်မှာ ယခု ဂျိန်းဘုရားနှင့် ဂျိမ်းလူမျိုးဆာဒူးတဦးရှိသည်။ ဦးကုဏ္ဍလတို့ရောက်ခဲ့စဉ်က ဂယာသီသရွာကလေးသည် ယခုအခါ ဒိဗ္ဗ‌ဖြတ်မြို့ကြီးဖြစ်၍ ဂယာမြို့မှာ အလွန်ကောင်းမွန်သော တိုက်ကြီး, အိမ်ကြီး, လမ်းကြီးများနှင့်တကွ စည်ကားသပ်ယပ်လှစွာဖြင့် ကောင်းမွန် သပ်ရပ် စိတ်ဓာတ်များကို ဆွဲဆောင်နိုင်လောက်အောင် စည်ကားလှသော မြို့ကြီးတမြို့ဘဝသို့ ရောက်ရှိနေခြင်းကို တွေ့ရှိခဲ့ရပေ၏။

၎င်းမြို့မှ တမိုင်ခန့်လောက်အကွာမှာ ဘုရားသခင် ရေသန့်စင်၍ ရွှေခွက်မျှောသော နေရဉ္ဇရာမြစ်ရှိသည်။ ၎င်းမြစ်သည် နွေအခါ လှည်း,နွား,လူများသွားနိုင်မည့်ရေမရှိပါ။ ဦးကုဏ္ဍလတို့ရောက်တဲ့အခါက အလွန်ရေကြီးနေ၍ ရေချိုးရန်ပင် မချိုးရဲဖြစ်ပါသည်။ နောက်နွေမှ နေရဉ္ဇရာမြစ်ရေကို ချိုးရပါသည်။ ၎င်းနေရဉ္ဇရာမြစ်မှ တမိုင်ခန့်အကွာတွင် ကျမ်းဂန်အခေါ် ဥရုဝေဠတော ဘုရားဒုက္ကရစရိယာကျင့်သောနေရာ၊ ယခု ကုလားအခေါ် (ဒုမ္မေစရိ)ဟူ၍ ခေါ်သည်၊ ၎င်းဥရုဝေဠတော ဘုရားဒုက္ကရစရိယာကျင့်၍ တရားအားထုတ်သောနေရာသည် တောင်အလယ်လောက်မှာ၊ ၎င်းနေရာသည် ဂူလိုဏ်တခုရှိသည်။ ရှေးအခါက တောကြီးတောင်စွယ် သစ်ပင်ပေါ်ကြွယ် နေပါသော်လည်း၊ ယခု ဦးကုဏ္ဍလတို့ ရောက်တဲ့ခါ သစ်ပင်များသည် ကြီးမားစွာမရှိ၊ တောရယ်လို့မရှိ၊ ကျောက်တောင်မှာ တပင်တလေငယ်သော သစ်ပင်များသာ တွေ့မြင်ခဲ့ရပါသည်။ ၎င်းတောင်၏ အရှေ့မြောက်ဘက်မှာ သူဌေးသမီး သုဇာတာနေသောရွာရှိသည်။

သေနနိဂုံးရွာ, မဟာသေန သူဋ္ဌေးသမီး သုဇာတာ ဃနာနို့ဆွမ်းကပ်သောနေရာဖြစ်၏။ နေရာမျှသာတွေ့ရသည်။ ရှေးက တိုက်ပျက်ကုန်းပင်တွေ့ရသည်။ ၎င်းနေရာနှင့်အနီး ကုလားရွာတခုရှိသည်။ ဦးကုဏ္ဍာသတို့ရောက်ခဲ့စဉ်က သွားရန် ခရီးလမ်းစဉ်မှာ ကလကတ္တားမြို့မှ လူဘာယောက်လျှင် ၁၇-ကျပ်ပေးပြီး မီးရထားစီး၍ နံနက်မိုးလင်းလျှင် ဂယာမြို့သို့ နံနက် ၆-နာရီရောက်သည်။ ၎င်းဂယာမြို့မှ မြင်းရထားနှင့်လာလျှင် မြန်မာဘုန်းတော်ကြီး ဦးဥတ္တမကျောင်းအထိ ၅-ကျပ်ပေးရ၏။ ၎င်းဘုန်းကြီးဦးဥတ္တမ ထံ တည်းခိုနေပြီးလျှင် စားသောက်၍ ဗုဒ္ဓဂယာဘုရားပွင့်ရာ ဗောဓိပင်နှင့်ရွှေပလ္လင်ရှိသောနေရာသို့ တဖါလုံခန့်ရှိသည်၊ ဘုရားကိုတွေ့ရသည်။ ဦးကုဏ္ဍာသတို့သည် ဘုရားပွင့်ရာ ဗုဒ္ဓဂယာဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူရာအရပ် ဗုဒ္ဓဂယာစေတီတော်ကြီးကို ဖူးမြင်တွေ့ကြုံခဲ့ရပါသည်။

မဟာဗောဓိပင်နှင့် ရွှေပလ္လင်ရှိ ဗုဒ္ဓဂယာ စေတီတော်ကြီးအကြောင်းမှာ၊ ဗောဓိပင်နှင့် ရွှေပလ္လင်ကိုင်း၍ တည်ထားသောမဟာစေတီတော်ကြီးသည် သီရိဓမ္မာသောကာ မင်းတရားကြီး၏ကောင်းမှု လေးထောင့်ပုံဖြစ်သည်။ နှစ်ထပ် အဆင့် ရှိသည်။ အရှေ့-အနောက်(၅၇)တောင်၊ တောင်-မြောက် (၅၀)ရှိသည်။ အသက် သပိတ်မှောက်အထိ အမြင့်ပေ (၁၃၀) ခန့်ရှိ၏။ ၎င်းအထက် အမြင့်ပေ (၃၀)ခန့်ရှိသည်။ ရွှေကမုခ်အမြင့်မှာ (၈) တောင်ရှိသည်။ စေတီတော်ကြီး၏ အောက်ထပ်မှာ ဂူလိုဏ်ရှိသည်။ ၎င်းအတွင်းမှာ ရုပ်ပွားတော်ဘုရား ဒူးတော် (၁) တောင် (၁)မိုက်ခန့်ရှိသည်။ ဤမဟာဗောဓိ စေတီတော်ကြီးကို ပဌမ သီရိဓမ္မာသောကမင်းကြီး တည်ထားသည်။ မြန်မာသက္ကရာဇ် ၁၁၈၃-ခုနှစ်၊ နတ်တော်လဆန်း ၉-ရက်နေ့မှာ

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏ မြေးတော် စတုတ္ထ အမရပူရမြို့တည် ဘုရင်မင်းသည် အဘိုးထိုက်တန်သောကျောက် ရတနာများ လှူဒါန်းကြောင်း ကျောက်စာ ရာဇဝင်ရှိသည်။ မြန်မာသက္ကရာဇ် ၁၂၃၆-ခုနှစ်မှာ၊ မြန်မာဘုရင် မင်းတုံးမင်း ကြီးသည် အိန္ဒိယအစိုးရ အကူအညီနှင့် ၎င်းစေတီတော်ကြီးကို မြန်မာ ပြန်ရလိုကြောင်းစကားဆိုခဲ့သေးသည်။ ယခုအခါ ဟိန္ဒူ ဘုန်းကြီး မဟန္တကီခေါ် မဟန်းကြီး ၏ လက်ထဲမှာရှိသည်၊ ၎င်း လက်အောက် ဟိန္ဒူ ဆာဒူးတဦးက တနှစ်လျှင် တထောင်နှင့် လေလန်ဆွဲထားလေသည်။ ၎င်းဘုရား လှူဒါန်းသမျှ ဘုရားနှင့် ပတ်သက်သမျှတွေ ပစ္စည်း,ရွှေ,ငွေတွေကို ဤလေလန်ဆွဲသား သော ဟိန္ဒူ ဆာဒူးကြီး သိမ်းပိုက်လေသည်။ သူ၏ပိုင်ဆိုင်သော ဝမ်းစာစပါးစည့်ကြီးပင်တည်း။

ဦးကုဏ္ဍလတို့သည် မဟာစေတီကြီးပိုင်ရှင် မဟန်းကြီးတိုက် သည် နန်းတော်တမျှ ကြီးကျယ်လှတဲ့ တိုက်အိမ်ကြီးအတွင်းသို့ သွားရောက်၍ ကြည့်ရှုကြလေသည်။မဟန်းကြီးတိုက်သည် ဘေး ပတ်လည်က မဟာရာမ်တံတိုင်းကြီးကာထား၏။ အတွင်းမှာ သူ၏တိုက်မှာ အဝင်တပေါက်ထည်းရှိသည်၊ အတွင်းတိုက်ထဲ မှာ ရေတွင်း,ရေကန်,ကြာပန်းများနှင့်တန်းလျားကြီးမှာ တကန့် တကန့်စီထား၍ ကုလားဘုန်းကြီးပေါင်း(၁၅၀)ကျော်မျှရှိလေ သည်။ သူ၏ အဆောင်အခန်းမှာ တခန်းလုံး ပိတ်ဖြူအပြည့်ခင်း ပြီး မွေ့ရာ, ခေါင်းအုံးနှင့် ကျားရေကြီးများ ခင်းထားသည်၊ ကျားခေါင်းများ အနားမှာစီ၍ထားလေသည်။ နတ်ဘုံ,နတ်နန်း တမျှ ကောင်းစားလှပေတယ်။ ဦးကုဏ္ဍလတို့ ဘုရားကြီးက ကျေးမွေးထားသည်ကို ၎င်းမဟန်းကြီးက ဇိမ်ခံလျက်နေသည် ကို မြင်ခဲ့ရ၏၊ ဆင် ၂-ကောင်၊ ကား ၂-စီး၊ နွားပေါင်းတရာ

ကျော်ရှိသည်။ ဘာမဆို လိုလေသေး မရှိလှပေ။ သူပိုင်သော လယ်ယာပေါင်း (၈၀၀)ကျော်ရှိသည်။ ၎င်းရွာက လူများကို ယောက်ျား,မိန်းမ သက်ဦးဆံပိုင် သတ်နိုင်,ရိုက်နိုင် မိမိသဘော တခုလုပ်နိုင်သည်။ ဦးကုဏ္ဍလတို့ အလွန်ဝမ်းနည်း ကြေကွဲစရာ ကြီးတခုပင် ဖြစ်ပေတော့သည်။

ဥရုဝေဠတော ဗုဒ္ဓရစရိယာကျင့်၍ ၆-နှစ် နေသည် ဟူ၍ မြန်မာပြည် ဗုဒ္ဓဘာသာကျမ်းဂန်များ၌ရှိသည်။ ယခု ကုလား အခေါ် (ဒုမ္မေစရိ)ဟု ခေါ်သောနေရာမှ သေနနိဂုံးရွာခေါ် သူဌေးသမီးသုဇာတာ၏ နို့ဃနာဆွမ်းကို ၄၉-လုပ် မလုပ်လွေး လွေး ဘုဉ်းပေးပြီးမှ နေရဉ္စရာမြစ်သာ၏အနီး အင်ကြင်းတော ဝယ် နေသန့်တော်မူလေသည်။ ဤမဟာဗောဓိမြေမျက်နှာသည် ငွေအဆင်းကဲ့သို့ ဖွေးဖွေးဖြူသော သဲသောင်ပြင်ကဲ့သို့ အလွန် လှပဆန်းကြယ်၍နေလေသည်။ ။သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာ ပဒါနသုတ်၌ လာရှိသည်မှာ-

မဟာဗောဓိပလ္လင်္ကော၊ ဝိနဿမာနေ လောကေ
ပစ္ဆာ ဝိနဿတိ သဏ္ဌာဟမာနေ၊ ပဌမံ သဏ္ဌာဟတိ။

မဟာ ဗောဓိပလ္လင်္ကော၊ မဟာဗောဓိပင်နှင့် ပလ္လင်တော် ပေါက်ရာမြေမျက်နှာသည်။ လောကေ၊ဩကာသလောကသည်။ ဝိနဿမာနေ၊ ပျက်လတ်သည်ရှိသော်။ ပစ္ဆာ၊ နောက်ဆုံးမှ။ ဝိနဿတိ၊ ပျက်၏။ သဏ္ဌာဟမာနေ၊ တည်သည်ရှိသော်ကား။ ပဌမံ၊ ရှေးဦးစွာဆုံး။ သဏ္ဌာဟတိ၊ တည်၏။ ဤသို့ ကျမ်းလာ စကား မိန့်ကြားသည်မှာ၊ ယခု ဦးကုဏ္ဍလတို့ရောက်လာခဲ့သည့် နေရာ မဟာဗောဓိနှင့် ရွှေပလ္လင်ပေါက်ရာမြေသည် ကမ္ဘာမြေ ကြီးပျက်လျှင် နောက်ဆုံးမှပျက်မည်။ကမ္ဘာမြေကြီးစ၍ဖြစ်ပေါ်

ရာပင် တည်ရာဌာနသည် ယခုဘုရားပွင့်ရာဌာန မြေကြီးပင်ဖြစ်၏၊ သို့အတွက် ဤနေရာဌာနသည် ဘုရားတိုင်း မစွန့်အပ်သော အဝိဇဟိတ ဌာနကြီးတခုဖြစ်သည်။ ဒါကြောင့် ''ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်သား''ဟုဆိုကြသည်။ လောကတွင် ဘုရားဟူသော ကျော်စောထင်ရှားတဲ့နေရာ၊ ၎င်းမဟာဗောဓိ ပေါက်ရာသည် ဇမ္ဗူဒီပါ၏ အလယ်ချက်မနှင့်တူသည်၊ ခပ်သိမ်းကုန်သောဘုရားရှင်တို့၏ မစွန့်အပ်သောနေရာပင်တည်း။

ဦးကုဏ္ဍလတို့ ယခုရောက်ရှိ၍ တွေ့မြင်ခဲ့ရသော ဘုရားပွင့်ရာ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ ဘုရားကြီးသည် အုဋ္ဌနံရံ တံတိုင်းများ ကာရံ၍ထားသည်။ ချောက်ကမ္ဘားကဲ့သို့ အစောက်နက်၍ လေးဘက်ပတ်လည် ကုန်းမြင့်ကြီးဖြစ်နေ၏။ အနောက်ဘက် မဟာရာမ်တံတိုင်း (၁၂၃)ပေရှိသည်။ အရှေ့ဘက် မဟာရာမ်တံတိုင်း (၂၂၅)ပေရှိသည်။ တောင်ဘက်တံတိုင်းသည် (၁၀၇) ပေရှိ၏။ မြောက်ဘက်တံတိုင်းသည် (၁၀၇)ပေရှိ၏။ အတွင်းမှာ စေတီပေါင်း ရှစ်သောင်းလေးထောင်ရှိသည်။ သတ္တဌာနရှိသည်တွင် ဝိနည်းမဟာဝါ အဋ္ဌကထာ၌(ဗောဓိရုက္ခမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ)ဟူ၍ လာရှိသည်။ ဘုရားသခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ ၇-ရက်ပတ်လုံး ဘုရားမဖြစ်က အသက်သေသေ-အရေစုပ်စုပ်-အရိုးကွဲကွဲ မထဘဲ စံနေတော်မူသည်။ ပဌမပလ္လင် သတ္တာဟမည်သည်ဟူ၍ ပြဆို၏။ ဝိနည်းမဟာဝါအဋ္ဌကထာ၌ (ပလ္လင်္ကတော ဤသက်ပါ၍စိန္နိ နိသီဒိတော ဥတ္တရဒိသာဘာဂေဌတွာ)အစရှိသော ဒေသနာတော်အရ ဗောဓိပင်မှ အရှေ့မြောက်ထောင့်၌ ရပ်တော်မူ၍ လေးသင်္ချေနှင့် ကမ္ဘာတသိန်းဖြည့်တော်မူမှ ရတော်မူသော ဗောဓိပင်နှင့် ရွှေပလ္လင်ကို မမှိတ်သောမျက်စိနှင့် ကြည့်ရှုတော်မူပြီး၍ . ၇-ရက် နေတော်မူ

သည်။ ၎င်းနေရာကို အနိမိသကုန်းဟု ခေါ်ဆို၏။ ဦးကုလ္လာလ
တို့ ယခုတွေ့ခဲ့ရသည်မှာ (၂၂၇) ပေမှာ စေတီတဆူရှိသည်။
၎င်းစေတီမှာ အမြင့်ပေ(၂၀)၊ အနံ(၁၆)ပေနှင့် ၄-လက်မရှိ
၏။ အရှေ့သို့ မုခ်ဝလှည့်၍ရှိသည်။ ဤကား-ဒုတိယ အနိမိသ
သတ္တာဟပင်တည်း။ ဤနည်းအတိုင်း မဟာဝါအဋ္ဌကထာ၌ အစဉ်
အတိုင်း ပြဆိုလေသည်။

ရတနာစင်္ကြံ၌ ၇-ရက်နေသည်။ ယခု ဦးကုလ္လာလတို့တွေ့ရှိ
ခဲ့သည်မှာ အရှေ့-အနောက် အလျား(၅၄)ပေ၊ အနံ(၄)ပေ၊
အမြင့်(၃)ပေ၊ စင်္ကြံတန်းလျား ထိပ်ပေါ်မှာ စိတ်ပန်း၍ ကြာ
ပွင့်(၁၉)ခုရှိလေသည်။ ဤကား တတိယရတနာစင်္ကြံ သတ္တ
ဟပင်တည်း။ ထို ၂-ဌာနကို ပြဆိုပြီးသော် ရှေ့မှာ ကျမ်း ကျယ်
ဝန်းမည်စိုး၍ မဟာဝါ အဋ္ဌကထာရှိ သတ္တာဟပါဠိများကို ချန်
ထားခဲ့ပါသည်။ အကျယ်သိလိုက မဟာဝါ အဋ္ဌကထာမှာကြည့်
ပါလေ။ ဤကဲ့သို့ ရတနာဃရဈေအိမ်မှာ ၇-ရက် သတ္တာဟစံနေ
တော်မူပြီးသောအခါ အဘိဓမ္မာ ပိဋကတ် ဟောတော်မူသည်။
ဦးကုလ္လာလတို့ ယခုတွေ့ရှိ သိမြင်ခဲ့ရသည်မှာ (မဟာဗောဓိမှ
အနောက်မြောက် ၂၃-လန် ကွာခြားပေသည်။) ၎င်းနေရာမှာ
အုဋ္ဌတိုက်ပုံ အပေါ်အမိုးမရှိ၊ မြောက်ဘက်ကို မျက်နှာပေါက်
လှည့်နေပေသည်။ ဤကား-စတုတ္ထ, ရတနာ, ဃရ သတ္တာဟပင်
တည်း။ မဟာဗောဓိပင်မှာ အရှေ့အရပ်ကျသည်။ အဇပါလ
ဆိတ်ကျောင်းညောင်ပင်ရင်း၌ ဘုရားသခင် ၇-ရက် စံနေတော်မူ
သည်။ ဦးကုလ္လာလတို့တွေ့ရှိခဲ့ရသည်မှာ ကျောက်တိုင်တခုသာ
အမှတ်အသား ရှိလေသည်။ မဟာဗောဓိပင်မှ အရှေ့တောင်
ထောင့်အရပ်မှာ မုစ္စလိန္ဒာအိုင်မှာ ၇-ရက် ဘုရားသခင် သတ္တာဟ
စံတော်မူလေသည်။ ဦးကုလ္လာလတို့ ဘုရားဖူးရောက်ခဲ့စဉ်အခါက

ကန်ကြီးရှိသည်။ ၎င်းကန်အတွင်းအလယ်မှာ ကျောက်တိုင်တခု ရှိသည်။ ၎င်းကျောက်တိုင်နေရာ မုဋ္ဌလိန္ဒာအိုင်ဟု ပြောဆိုကြ၏။ သမိုင်းကျောက်စာဝန် တရပ်ခရီးသည် (ဖါဟီယန်) မှတ်တမ်း များအဆိုက မောဓိပင်မှ(၅၁)လန် ကွာကြောင်း ဆိုသည်။ နွားဥသဘာတွန်သံကြားမည့်နေရာဖြစ်ရမည်။ အချို့က သုံးဆယ့် ငါးလန်ကွာသည်ဆိုလေသည်။ အသီးသီး အမျိုးမျိုး ပြောကြ သော်လည်း ပညာရှင်များ ကြိုက်နှစ်သက်သလို ယူကြပါလေ။ ဤကား-ဆဋ္ဌမ မုဋ္ဌလိန္ဒာ သတ္တာဟတည်း။ မဟာမောဓိပင်မှာ တောင်အရပ်မျက်နှာ လင်းလွန်းပင်ရင်း၌ သမာပတ်ဝင်စားရာ ၇-ရက် စံနေတော်မူသည်။ သိကြားမင်း မျက်သစ် တံပူ ရေ လှူတော်မူသည်။ ဉက္ကလာပတိုင်းသား တဖုဿ မြန်မာပြည် ဘွား ဘလ္လိကညီနောင်တို့သည် ပျားမုန့်ဆွမ်းကပ်လှူ၍ နတ်ကြီး လေးပါးလှူသော ဝဲနောက်ဒံဆင်းရှိသော ကျောက်သပိတ်ဖြင့် ခံယူ၍ ( ဓွေဝါစိက သရဏဂုံ ) နှင့်တကွ ဆံတော်ပါ ပေး သနားတော်မူ၏။ ဤကား-သတ္တမ ရာဇာယတန သတ္တာဟတည်း။ ဤကား-ဗုဒ္ဓဂယာအကြောင်းနှင့် ဘုရား သတ္တဟ စံနေတော်မူ သည့်အကြောင်းပြီး၏။

---

## မာဂဓတိုင်းခေါ်-ရာဇဂြိုဟ်ပြည် အကြောင်း

ဦးကုဏ္ဍလတို့သည် ဝါဆိုလဆန်း ၁၂-ရက်၊ ရှေးအခေါ် ဂယာသီသ ဉပက-ဆာဝါတို့ နေသိုင်ရာ မုဆိုးများ နေသော ရွာကလေးဖြစ်သည်၊ယခုအခေါ်မှာ အလွန်စည်ကားတဲ့ဒိစတြိတ် မြို့ မင်းနေပြည်တော်ကြီးသည် ဈေးကြီး၊ ရထားလမ်း၊ ဘူတာရုံ အလွန်ကြီးကျယ်လှပါသည်။ ဂယာမြို့မှ လှည့်လည်၍ကြည့်ရှုပြီး

ကားစီး၍ လူဘယောက်မှာ ၄-ကျပ်၊ ၈-ပဲနှင့် ပဌမတန်းခေါ် သော ဘတ်(စ်)ကား၏ ရှေ့တန်း သီးခြားထားရှိသည့်အခန်းမှ ကုလားအခေါ်(ရာဇဂဟော)ပါဋ္ဌိအခေါ် မဂဓတိုင်း တောင်ငါးလုံးကာခိုတဲ့ ရာဇဂြိုဟ်ပြည်သို့ ဝါဆိုလဆန်း ၁၂-ရက်နေ့ ညနေ လေးနာရီအချိန်မှာ မြန်မာဘုန်းကြီးကျောင်း ဦးဇယန္တ ထံသို့ရောက်ရှိကြ၍ အထူးပင်ဩဝတ်ကျေပွန်စွာဖြင့် ဦးဇယန္တ သည် ဆီးကြိုနှုတ်ဆက်ခြင်း၊နေရာထိုင်ခင်းပေးခြင်း၊အာဂန္တုက များကို လေးလေးစားစား အာဝါသိကဝတ် ကျေပွန်စွာထမ်း ဆောင် ရှာပေ၏။ မြန်မာပြည်မှ ဘုရား ဖူးလိုသော ပုဂ္ဂိုလ် အပေါင်းတို့၊သိဟိုဋ္ဌကျွန်းသွားဘို့ တည်းခိုရန် စိုးရိမ် ဝန်လေး မနေနဲ့၊ ၎င်းအထက ဦးဇယန္တကျောင်း၏အနီးမှာ ဆောက်လုပ် ထားသော ဇရပ်တဆောင်။ ဝါ၊ဓမ္မဆာလာ တခု ရှိပါတယ်။ ၎င်းဆရာတော် ဦးဇယန္တမှာလည်း အလွန် သဘောသကာယ ပြည့်စုံရှာသောပုဂ္ဂိုလ်တယောက်ဖြစ်ပါဘယ် အစားအသောက် များလည်းရနိုင်၏။ နေရာထိုင်ခင်းလည်း ချို့ငဲ့စရာမလို၊ သွား လိုရာခရီးများလည်း သွားလာနိုင်၏။

မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အကြောင်း မှာ၊ ကေရသကဏ် ဋီကာ ဝိနည်းမဟာဝါတ်ဝ္ဗ(မဂဓခန်-ဂိရိဗဇ) ဟူ၍ဟောတော် မူ၏။ မဂဓခန်၊ မဂဓတိုင်းသူတို့၏၊ ဂိရိဗဇံ၊ တောင်ငါးလုံးဖြင့် ခြံရံသော နဂရံမြို့သို့ဟူသောအဋ္ဌကထာနှင့်အညီ မဂဓတိုင်းသူ တို့၏ တောင်ငါးလုံးဖြင့် ခြံရံအပ်သော ရာဇဂြိုဟ်ပြည်ကြီးသည် ပဏ္ဍဝ၊ ဝေပုလ္လ၊ ဂိဇ္ဈကုဋ-ဓေဘာရဟူ၍ ဆိုအပ်သော တောင်ငါးလုံးတို့သည် ထက်ဝန်းကျင်ခြံရံ၍ နွားခြံကဲ့သို့ တည် နေသောရာဇဂြိုဟ်မြို့ကြီးသည် (ဇိနတ္ထပကာသနီ၊ ပါရာဇိကဏ်၊ သုတ်မဟာဝါပါဠိအဋ္ဌကထာ၊သိလက္ခန်အဋ္ဌကထာအစရှိသော

ကျမ်းကြီး-ကျမ်းငယ်အသွယ်သွယ်တို့၌၊မန္တာတုစကြာမင်း၊မဟာဂေါဝိန္ဒပုဏ္ဏားရဟိတ် အကြောင်းများ၊ လူဦးရေ ကိုးကုဋေ ရှိတဲ့အကြောင်း၊ တံခါးကြီးလေးမျက်နှာရှိတဲ့အကြောင်း။ သီလက္ခန်အဋ္ဌကထာ၌ ရာဇဂြိုဟ်မြို့မှာ ဂိဇ္ဈကုဋ်တောင်၊ဝေဠုဝန်ကျောင်းတော်၊ ဇီဝကသရက်ဥယျာဉ်ကျောင်းတို့ကို ပြဆိုပြီးလျှင်-

"သမော ခါနေတွာ ဂါယန္တိ ဧတ္တတိ-သင်္ဂါယနာ" ဟူသော ပါဠိဖြင့်သိအပ်လေသည့်၊ ရှင်မဟာကဿပ အမှူးရှိကုန်သော ရဟန္တာငါးရာတို့သည် ဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ပြီးနောက်၊ လေးလမြောက်၌ အဇာတသတ်မင်းကြီးကို အမှီပြု၍ ပဌမသင်္ဂါယနာ တင်ကြောင်းကို ပြဆိုလေသည်။ (ဖါဟီယန်) မှတ်တမ်း၊ကျောက်စာဝန်မင်းကြီး (ဂနိမ်ဂဟမ်) အဆိုမှာ၊ မဂဓတိုင်း ရာဇဂြိုဟ်ပြည်သည် အကျယ်ငါးထောင်ရှိသည်။ ကျောင်းတိုက်ပေါင်း ငါးရာရှိသည်။ သံဃာတော်ပေါင်း တသောင်းရှိ၏။ အဇာတသတ်တည်ထောင်သောမြို့သည် မြို့ဟောင်း ဖြစ်၏။ ၎င်းမြို့၏ မြောက်ဘက် အရပ် ၂-မိုင်ခန့် ရှိသည်။ ယခုအခါ ကုလားတွေနေသော (ရာဂျဂိရ်)ခေါ် မြို့သည် ရှေးက အဇာတသတ်မြို့ဓနရာမှာဆို၏၊ ဝေဘာလ တောင်စောင်း၌ လိုဏ်ဂူတခုရှိ၏။ ထိုလိုဏ်ဂူမှာ ပဌမသင်္ဂါယနာတင်သော စရည်းပင်ရောက်ရာ-ပေါက်ရာလိုဏ်ဂူဟုဆို၏။ ဦး ကုဏ္ဍလတို့ ရောက်စဉ်အခါက သူတို့အခေါ်မှာ (သတ္တပဏ္ဏိလိုဏ်ဂူ) ဟု ဆို၏။ ထီးကဲ့သို့ အရွက် ၇-ရွက်ရှိသော ပေါက်ရောက်သော လိုဏ်ဂူဟူ၍ဆိုသည်။(ဥပမာ)မြန်မာပြည် ဒိုးတူပင်-လက်ပံပင်ကဲ့သို့သဏ္ဍာန်တူသည် ပြောဆိုကြ၏။ မြစ်ဝကျွန်းပေါ် တောင်ရိုးမှာ ပေါက်တတ်သည်။ စရည်းပင်သည် ညောင်ပင်ကဲ့သို့ အလွန်စည်ကား၍ပျားများစွာစွဲနေတတ်သည်။စရည်းပင်လို့ အချို့ကပြောစမှတ် ပြု

ကြလေသည်။ ဟိန္ဒူကျမ်းစာများက ကုလားယောဂီဆာဒူးများ နေထိုင်တဲ့ လိုဏ်ဂူဟူ၍အမျိုးမျိုးပြောဆိုကြသည်။ ဦးကုဏ္ဍလတို့ တွေ့ခဲ့ရသည်မှာ ရှင်မဟာကဿပ လိုဏ်ဂူလမ်းက တက်၍ ဝေဘာရတောင်စောင်းမှာ တက်လမ်းရှိ၏။ ၎င်းသတ္တပဏ္ဏိလိုဏ်ဂူ မရောက်ခင် ဂျိမ်းဘုရားရှိသည်။ ၎င်းနေရာက အောက်ဘက် လှည့်ဆင်းလိုက်လျှင် အဇာတသတ်မင်းပြုစဉ် ရှင်မဟာကဿပ ကြီး အမှူးပြု၍ ရဟန္တာ၅၀၀ ရာနှင့် ဘုရားပရိနိဗ္ဗာန်ပြု၍ ၄-လ မြောက်သောအခါမှာ ပဌမ သင်္ဂါယနာတင်သော စရည်းပင် ပေါက်ရာ-ရောက်ရာ အရပ်သို့ ရောက်သည်။ ယခုအခါ ၎င်း လိုဏ်ဂူသည် လူ-တစ်ယောက်ဝင်နိုင်ရုံမျှရှိပါသည်၊ ရာဇဂြိဟ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိခေါ် ပဌမ သင်္ဂါယနာ တင်သော လိုဏ်ဂူ အကြောင်းပြီး၏။

---

## ဂိဇ္ဈကုဋ်တောင် အကြောင်း

ဂိဇ္ဈကုဋ်တောင်သည် ကျွန်ုပ်တို့မြတ်စွာဘုရား စင်္ကြံလျှောက် နေစဉ်၊ ဒေဝဒတ်သည် ဘုရားကို ရန်ငြိုးထား၍ သူကိုယ်တိုင် အသေသတ်သောတောင်သည်ဂိဇ္ဈကုဋ်တောင်ဖြစ်သည်၊ဘုရားကို လုပ်ကြံသောနေရာတည်း။ ကျောက်လုံးလှိမ့်ချပြီး သတ်တဲ့နေရာ သည် ဂိဇ္ဈကုဋ်တောင်ဖြစ်သည်။ ဦးကုဏ္ဍလတို့ မြန်မာကျမ်းဂန် များ၌ ငှက်တန်ခွာသိ နှင့် တူသောကြောင့် ဂိဇ္ဈကုဋ်တောင်ဆို၏။ တရုပ်ခရီးသည် (ဖါဟီယန်) မှတ်တမ်း၊ ယွန် မှတ်တမ်း၊ ဟိန္ဒူ စာပေတို့၌ ငှက်တနားနေတာနှင့် တူသောကြောင့် ဂိဇ္ဈကုဋ်ဟူ၍ ဆိုသည်။ ငှက်တခြေရာကဲ့သို့ တူခြင်းကြောင့် ဂိဇ္ဈကုဋ်ခေါ်သည် ဆိုကြ၏။ ငှက်တနားနေသည်ဆိုခြင်းမှာ ဦးကုဏ္ဍလတို့ အဝေးမှ

ကြည့်လိုက်လျှင် ကျောက်တုံး၊ ကျောက်ငုတ်ကလေးများသည် မဲမဲငုတ်ငုတ် မြင်ရခြင်းကြောင့် သူ့စကားလည်းသင့်၏။ ငွေ့တခြေရာနှင့် တူတယ်ဆိုခြင်းမှာ တောင်ပေါ်မှာ ကျောက်လမ်း၊ ကျောက်ကြောကြီးများသည် ငွေ့တခြေရာနှင့်မခြား တူလှပေ၏။ သူ့စကားလည်း ယုတ္တံသင့်ပါ၏။ သို့သော် ပညာရှင်များ မိမိနှစ်သက်ရာ - သဘောကျရာ ကဝိဘဆူဉာဏ်ဖြင့် ယူကြပါလေ။ ဂိဇ္ဈကုဋ်တောင်ပေါ်မှာ အာသောကမင်းကြီး စေတီပျက်ရှိသည်၊ ဘုရားလေးဆူတို့ သီတင်းသုံးရာ (လိုဏ်ဂူပျက်ရှိသည်) (သတ္တပညာသုတ်) ကို ဟောတော်မူရာ ဣန္ဒသာလ လိုဏ်ဂူရှိသည်။ ဦးကုလ္လာလတို့ ရောက်ခဲ့စဉ် အခါက မြန်မာကျောင်းမှ ဆွမ်းကို ခပ်စောစော ထုပ်ယူ၍သွားမှ ဂိဇ္ဈကုဋ်တောင်ပေါ်မှာ ကြည့်ရှုပြီး ဆွမ်းစားသောက်ပြီးမှ ဆင်းလာရင် သာ၍ကောင်း၏။ အတော်ဝေးသည်။

ဂိဇ္ဈကုဋ်တောင်အကြောင်းပြီး၏။

---

ရာဇဂြိုဟ်ပြည် ဣသိဂိလိ တောင်ပေါ်မှာ ဘုရားစသော ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ သီတင်းသုံးတော်မူရာ တောင်ဗွမ်း-တောင်တန်းဖြစ်သည်၊ ဤတောင်ပေါ်မှ ရသေ့-ရဟန်းတို့သည် ကောင်းကင်ကမှ ဈာန်သမာပတ်နှင့်ပြန်လိုက်-တက်လိုက် ပြုလုပ်နေသော ဣသိဂိလိတောင်ပင်ဖြစ်သည်၊ငင်းတောင်မှ ဈာန်သမာပတ် ဝင်စား၍ ရဟန္တာ, ရသေ့, ရဟန်းများ သွားလာနေတာကို ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်မှ မြင်ရသည်ဟု ပြောကြ၏၊ ဦးကုလ္လာလတို့ ရောက်ခဲ့စဉ်က တောင်ငါးလုံး ရှိသော်လည်း ထူးခြားချက်ရှိသောဌာနရဌာနများသို့သာရောက်ရှိ၏၊မဟာဒေဝခေါ် ဟိန္ဒူဘုရား-ဂျိမ်းဘုရားများကို ကြီးကျယ်စွာ ကျွန်ုပ်တို့

ဘုရားများနှင့် ယှဉ်ပြိုင်၍ ထားလေသည်။ ဘာသာရေးခြေလှမ်းပင်ဘည်း။ ဗိမ္ဗိသာရနန်းတော် ဘဏ္ဍာတိုက်မှာ ကျောက်လိုဏ်ဂူကြီးဖြစ်၍ ယခုထက်တိုင် မပျက်သေးပါ။ ယခု ယောဂီ-ကုလားဆာဒူးများနေသည်။ ဗိမ္ဗိသာရခင်းကြီးကိုထောင်ချထားသောနေရာ ကျောက်တုံး-ကျောက်တန်းလျှားများရှိသည်၊ ဗိမ္ဗိသာရသည် ဗိမ္ဗိသာရမင်း၏ နန်းတော်ရာနှင့် ပက္ကုသာတိ-မာတ်တော်တိုက်၊ ၎င်းဓာတ်တော်တိုက်သည်သွားလမ်း-လာလမ်းများ အလွန်ဆန်းကြယ်လှပါသည်။ယခု အခါ အစိုးရကအဆောက် အဦနှင့် သွပ်မိုးထားသေသည်။ ရေတွင်းတခု အထောင် (၉၀) ခန့် ရှိသည်။ ဗိမ္ဗိသာရမင်းကြီးကို ဒါးခွဲရာဌာနရှိသည် ဦးကုဏ္ဍလတို့ ရောက်ခဲ့စဉ် အခါက ဝါဆိုလဆန်း (၁၃) ရက်နေ့သည် ရာဇဂြိုဟ်မှာ ၂-ည အိပ်ကြပါသည်။ ဤအခါမှာ နှစ်စဉ်-နှစ်တိုင်း ရေချိုးသဘင်ပွဲတော်ကြီးသည် တလတိဘိ ကျင်းပ ပြုလုပ်ကြသည်။ အိန္ဒိယတပြည်လုံးပစ္စည်းရှိသူက ကားနှင့်,ရထားနှင့်,နွားလှည်းနှင့်သွားကြ၊ ဆင်းရဲသူများက ခြေလျင်-ကုန်းကြောင်း လျှောက်ကြလေသည်။ ရေပူစမ်းခေါ် နတ်ရေစင်ကို ချိုးရင် (၉၆) ပါးရောဂါကင်းသည်။ မကောင်းမှုများ ပျောက်ကင်းသည်။ သေရင်ဗြဟ္မာပြည်သို့ရောက်သည်ဆို၏။ ဟိန္ဒူ၊ စာဒပ - ဂျိန်းကျမ်းများကရေးကြလေသည်။ အနူရောဂါပျောက်ဘူးကြောင်းကို ရှေးပေါ်ရာဏစကား ကြားဘူး၏။ ဦးကုဏ္ဍလတို့သည် ရေချိုးပွဲသဘင်နှင့် တိုးနေ၍ ဦးကုဏ္ဍလတို့သည် ၎င်းရေပူစမ်း နတ်ရေစင်ကို ချိုးခဲ့-သောက်ခဲ့ကြပါသည်၊ ဤရေသည် အလွန်ပူပါသည်။ တခါထဲ မျိုးကနဲဝင်၍ မချိုးနိုင်ပါ။ မိမိကိုယ်ကို ရေနှင့်ပက်ပြီးမှ အပူခံတတ်ရမှ ရေပြွန်ကိုဝင်၍ ချိုးရပါသည်။ ချိုးမိလာက အလွန်ချိုး၍ကောင်းပါသည်၊ အထူးမှာ ဆပ်ပြာမတိုက်ရ၊ လူမစဲ အမြဲ

လိုပင် နွေရော-ညရော စည်းကားလှပါသည်။ ဈေးသည် အမျိုးမျိုး က,ပွဲ၊ ခုန်ပွဲ၊ ဆပ်က၊ ရုပ်ရှင်၊ မျက်လှည့်ပွဲများ ဆူညံစွာ တီးမှုတ် က,ခုန်ကြလေသည်။ အထူးမှာ ၎င်းပွဲတော်သွားသူများသည် နွားများကိုချူတပ်၍ ၎င်းချူကြိုးများကို ပြောင်လက်စွာကိုက်ပြီး နွားချိုလည်ပင်းခေါင်းများကိုအလှဆင်ပြီး ကုလားတယောက် ဂလိုင်ကိုလှုပ်၍ ပစ္စည်းပျောက်၊လူပျောက်၊ ရွှေ,ငွေ-ဥစ္စာပျောက်များကို ၄-၅ပေးက မေဒင်အတတ် အသေအချာဟောနိုင်သည်ဟု ကျေညာနေသည်။ ဥစ္စာပျောက်ရင် ၎င်းနွားကိုလွှတ်၍ သူခိုးကိုလိုက်ရှာပေးသည်။ သူ၌ပါလာသော နွားများကို အရှာခိုင်းလေသည်။ တွေ့ရင် ၎င်းဥစ္စာယူသူကို လက်ကိုင်ပြီးခေါ်လာလေသည်ဟု ပြောသည်။ ၎င်းပွဲတော်မှာ နွားမေဒင်အတော်များစွာ တွေ့ခဲ့ရပေသည်။ ထူးဆန်းသော ပညာရပ်ပင်ဖြစ်လေသည်။

မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၏ ရေပူစမ်းများမှာ တပေါဒမြစ်မှထွက်သောရေဟူ၍ မှတ်အပ်၏။ သုရသတီနဒီ၊ ဗြဟ္မကုဏ္ဍ၊သတ္တဓာရေ ကုဏ္ဍ၊ အာနန္ဒကုဏ္ဍ၊ဂင်္ဂါ-ယမုနာ အစရှိသော ရေပူ-ရေအေးထွက်ရာ ရေဆိပ် အမည်များပင် ဖြစ်ပါသည်။ ဦးကုဏ္ဍလတို့သွား၍ အဇာတသတ်နန်းတော်ရာ ရောက်လျှင် ယခုအခါ တရပ်လောက်၊လေးတောင်လောက်၊ရှစ်တောင်လောက်ရှိသေးသည်။ အဇာတသတ်နန်းတော်ကြားနှင့် ဝေဘာရတောင်အကြားမှာ ဘုရား၏ ဝေဠုဝန်ကျောင်းတော်နေရာ၊ ကျောင်း၏အလယ်မှာ ကန်ရှိသည်။ ဝေဠုဝန်ကျောင်းနေရာမှာ ယခု အစိုးရ အဆောက်အဦးတခုရှိသည်။

ဂိဇ္ဈကုဋ်တောင် နှင့် ဝေဘာရတောင်အကြောင်း ပြီး၏။

ဤနေ့သည် ဦးကုဏ္ဍလတို့ ရာဇဂြိုဟ်ပြည်မှ ကြည့်ရှုပြီး၍ ဝါဆိုလဆန်း ၁၄-ရက်နေ့ ဆွမ်းစားပြီးအခါ၊ (နာဠန္ဒကရွာ) ခေါ် နဠန္ဒသို့ (၁၁) နာရီအချိန် ကားနှင့်လူတယောက် အထူး စပါယ်ရှယ် အခန်း၌ ၁-ကျပ် ပေးပြီး လာခဲ့ကြသည်။ နဠန္ဒသို့ ကားဆိပ် - ရ ထား ဆိပ် က ရှေး အ ဆောက် အ ဦ ကြီး သို့ ဝင်ခ ၂-ပဲပေး၍ ကြည့်ရ-သိရသည်၊ မြင်းလှည်းခနှုန်း ၄-ပဲကျ၊ ၎င်းကားဆိပ်မှ တက္ကသိုလ်ရှေးကျောင်းဟောင်းကြီးသို့ သွားကြသည်၊ဦးကုဏ္ဍလတို့တွေ့ခဲ့သော ရှင်သာရိပုတ္တရာသည်နာဠကရွာ ယခုအခါ အခေါ်(နဠန္ဒ)ရှိ မယ်တော်၏အိမ်၌ ရှင်သာရိပုတ္တရာ သည် ပရိနိဗ္ဗာန်စံတော်မူကြကုန်သည်၊ ဘုရားရှင်ကိုယ်တော်တိုင် ရှင်သာရိပုတ္တရာ၏ ဓာတ်တော်များအား သာဝတ္ထိပြည် စေတီ တော် တည်တော်မူကြောင်း၊ ရှင်မောဂ္ဂလာန်၏ ဓာတ်တော် များသည် ရာဇဂြိုဟ်ပြည်-ဝေဠုဝန်ကျောင်း တံခါးဝ၌ စေတီ တည်တော် မူကြောင်းများကို ကျမ်းဂန်များ - ရာဇဝင်များ၌ ပြဆို၏၊ (ဟိန္ဒီဗုဒ္ဓကျရယျ) ကျမ်း၌လည်းဆိုသည်။ နဠကရွာ အမွလဋ္ဌိကာမြို့ ယခုအခေါ် နဠန္ဒရွာသည် ရာဇဂြိုဟ်မြို့နှင့် ပါဋ္ဌ လိပုတ်ပြည် အကြားမှာရှိသည်။ ပါဋ္ဌလိပုတ်ပြည်က သွားရင် ရောက်သည်။ ရာဇဂြိုဟ်ပြည်က သွားလျှင်လည်း ရောက်နိုင်ပါ သည်။ ရှေးဟောင်း တက္ကသိုလ်ကျောင်းကြီး မှာ ပြတိုက်ပြု၍ ထားသည်၊ ၎င်းကျောင်း တိုက်များသည် အထူးအဆန်း တွေ့ရ သဖြင့် ဝရပြု၍ကြည့်မိခဲ့ပေ၏။ ခရီ ကြုံကြိုက်က သွားရောက် ကြည့်ရှုသင့်ပေသည်၊ ရှင်သာရိပုတ္တရာရွာခေါ် - နဠန္ဒအကြောင်း ပြီး၏၊

---

## ပဋ္ဌနားမခေါ်-ပါဋ္ဌလိပုတ်ပြည်အကြောင်း

ဦးကုဏ္ဍလတို့သည် ဝါဆိုလဆန်း ၁၄-ရက်နေ့၊ နဋ္ဌနွှ ကျောင်းတော်ကြီးကို ကြည့်ရှုပြီးလျှင် ညနေ ၃-နာရီ အချိန် ကားစီး၍ ယခုအခေါ် ပါတ်ဋ္ဌနားမြို့၊ ရှေးအခေါ် ပါဋ္ဌလိပုတ် ပြည် ညနေ ၆-နာရီခွဲအချိန်ရောက်ရှိသည်။ ပဋ္ဌနား-ပါဋ္ဌလိပုတ် ပြည်သည် အလွန်စည်ကားကြီးကျယ်လှပါသည်။ မီးအမျိုးမျိုး၊ ကုန်ဆိုင်,တိုက်ဆိုင်ကြီးများ အလွန်ကြီးကျယ်ခံ့ညားလှပါသည်။ ဗိန္ဒုသာရမင်းကြီး၏ နန်းတော်နေရာ အဆောက်အဦများတွေ့ရ ပါသည်။ သာသနာတော် သက္ကရာဇ် ၂၁၄-ခုနှစ်တွင် ဗိန္ဒုသာ ရမင်းကြီး နတ်ရွာစံတော်မူပြီး သားတော် အာသောကမင်းကြီး သည် မင်းပြုတော်မူလေ၏။ ပါဋ္ဌလိပုတ်ပြည်ကို စစ်တိုက်ခိုက် ပြီး ညီတော် တိဿမင်းကို အိမ်ရှေ့အရာ ပေးသနားတော်မူပြီး၊ ဓမ္မာသောကမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တယောက် ထည်း မင်းအဖြစ်သို့ ရောက်တော်မူသေ၏။ တနေ့သ၌ နိဂြောဓ သာမဏေ၏ဟောကြားတော်မူအပ်သော "အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနောပဒံ" အစရှိတဲ့တရားစကားကိုဟောကြား သဖြင့် ကြားနာရ၍ သာသနာတော်၌ အတိုင်းမသိသော ကြည် ညိုတော်မူကြောင်း သံဃာတော်များကိုကြည်ညို၍ ဓမ္မက္ခန္ဓာကို ရည်မှတ်သား၍ စေတီတော်ပေါင်း ရှစ်သောင်း လေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် တည်တော်မူ၍ အာ သောကာရာမ ကျောင်းတိုက်ကြီး၌ အရှင်မောဂ္ဂလိတိဿမထေရ် ပဋိသမ္ဘိဒါ ပတ္တ တေဝိဇ္ဇာ ဆဠာဘိညာ တိပိဋကဓရ စသော ရဟန္တာတထောင်ကို ရွေးကောက်တင်မြှောက်ပြီးလျှင် ပိဋကတ် သုံးပုံကို နယုန်လမှစ၍ တတိယသင်္ဂါယနာတင်ကြရာ၊ သာသ

နာတော် သက္ကရာဇ် ၂၃၅-ခုနှစ်မြောက် တပို့တွဲလတွင် အပြီး အစီးသို့ရောက်ရှိ၏။ ဦးကုလ္လာလတို့ရောက်ခဲ့စဥ်အခါက တည်း ခိုရန် ရနိုင်ပါသည် ဦးကုလ္လာလတို့သည် မီးရထားဘူတာရုံသို့ တည်းခိုနေထိုင်နေပြီး ည,နာရီပြန် ၁-ချက်တီးအချိန် ရထားစီး ၍ လူဘယောက်လျှင် ဗာရာဏသီမြို့သို့ ၁၁-ကျပ် ၁၀-ပဲ နှင့် လိုက်လာခဲ့ရာ၊ ကြီးကျယ်သော ဂင်္ဂါမြစ် ဖြတ်ကျော်သော တံတားကြီးသို့ဖြတ်ကျော်၍ ဗာရာဏသီပြည် ဘူတာရုံသို့ရောက် ၏။ ၎င်းတံတားကြီးသည် မြန်မာပြည် စစ်ကိုင်းတံတားထက် သုံးဆမျှ ကြီးကျယ်လှပါသည်၊

ပဋ္ဌနားခေါ်-ပါဋ္ဌလိပုတ်ပြည်အကြောင်း ပြီး၏။

---

## ဗာရာဏသီပြည်နှင့် မိဂဒါဝုန်အကြောင်း

ပဋ္ဌမဝါဆိုလပြည့်နေ့သည် ဦးကုလ္လာလတို့ ဗာရာဏသီပြည် သို့ နံနက်ရောက်သည်။မြန်မာကျောင်း ယခုနေထိုင်တော်မူသော ဦးစန္ဒိမာလာထံသို့ ရောက်သည်။ ဗနာရတ် (စ်) ဘူတာရုံမှ ဦးစန္ဒိမာ ကျောင်းသို့ လန်ချားခ ၄-ပဲပေးရ၏။ ၎င်းနေရာ သည် မြန်မာပြည် ရန်ကုန် တရုပ်သူဌေး ချန်စောခိုင်ဝယ်ပေးပြီး တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းထားသည့်၊ ၎င်းတရုပ်သူဌေး များ ဓာတ်ပုံတို့ကို တွေ့ခဲ့ရသည်။ ရေပေါများစွာ ရပါသည်။ လူ,ရှင်,ရဟန်းများ တည်းခို နေ နိုင် ပါသည်၊ ဗာရာဏသီ၏ အကြောင်းမှာ၊ ဗာရာဏသီပြည်သည် ကေတုမတီအမည်နှင့် မင်းနေပြည်ကြီးဖြစ်လေသည်။ ထိုအခါ သင်္ခစကြာမင်း-မင်းပြု၍ အုပ်ချုပ်နေလေသည်။ သုတ်ပါထေယျပါဠိတော်၌ ဟောတော် မူသည်၊ ဗာရာဏသီပြည်သည် မြောက်ဦးခေါင်းနှင့် တူသော

ကြောင့် မာရာဏာသီဟူ၍ခေါ်ဆို၏။ သက္ကဋဘာသာ၊ ဟိန္ဒီဘာသာ၊ ကျောက်စာဝန်အဆိုက မာရဏာသီမြို့ကို ကမ္ဘာဦးတည်စကပင် ယခုတိုင် မပျက်မစီး ရှိနေခြင်းကြောင့် လောကတွင် အမြတ်ဆုံးဟု အယူရှိ၏။ မြောက်ဘက်က မာရာဏာသီမြစ်၊ အနောက်တောင်ဘက်က အဆိမြစ်၊ ၎င်းမြစ်နှစ်ခုတို့၏အကြား၌ တည်နေသောကြောင့် မာရာဏာသီဟု ခေါ်သည်။

ဦးကုဏ္ဍလတို့ တွေ့ရှိရသောအကြောင်းမှာ၊ ဂျိမ်းနတ်ကွန်း မဟာဒေဝခေါ် လိင်ကို ကိုးကွယ်ခြင်းများလှသော နေရာပင်ဖြစ်သည်။ စာမသိဟာနတ်နန်း၊ အမည်မသိ-ကိုအဝ္ဂါ၊ပြည်မသိ-မာရာဏာဆိုလောက်အောင် မင်းဆက်များခြင်း၊တိုင်းပြည်အမည်များခြင်း၊ ဝဏ္ဏ၊သက်သေပုံပြင်များခြင်းကြောင့် ပြည်အမည်ကိုမသိက မာရာဏာသီပြည်လို့ဆိုရင် မမှားနိုင်လောက်အောင် များပြားလှပေသည်။ မာရာဏာသီပြည်မှာ ရေချိုးဆိပ် ဂင်္ဂါမြစ်ရှိ၏။ ဈေးကြီးလည်း ကျယ်လှ၏။ မာရာဏာသီမှာ ကုလားမဝတ်သော ဆာလီပေါသည်၊ နိုင်လွန်စ, ပေါသည်၊ ကုလားမဝတ်သော လုံချီ တထည်ကို တထောင်တန် ရှိသည်။ အလွန်လည်း ကောင်းလှပါသည်။ မြန်မာပြည်မှ ဘုရားဖူးသွားသူများသည် ဈေးကိုရောက်က ၎င်းကုလားမဝတ်သော ဆာလီများကို ကိုင်တွယ်ပြီး မေးလေ့ရှိသည်ဟု သူတို့ပြောကြသည်။ မာရာဏာသီ တက္ကသိုလ်ကျောင်းကြီးသည် အလွန် ကျယ် ဝန်း လှ ပါ သည်။ အဆောင်ပေါင်း မြောက်များစွာရှိသည်။ သူ့ဌာနနှင့်သူ သီးသန့်ထားသည်။ လက်မှု-စက်မှု ကိုယ်တွေ့သင်နေတဲ့ စက်ရုံအဆောင်တွင်းမှာ ဦးကုဏ္ဍလတို့ ဝင်ရောက်ကြည့်ခဲ့ပါသည်။ လယ်ယာဉ်ပျိုးအလုပ် လက်တွေ့သင်ခြင်း၊ မော်တော်ကား, မီးရထားခေါင်း အစရှိတဲ့ ပညာရပ်များကို စရိတ်နဲ့နဲ အမြန်တတ်နိုင်တဲ့ မာရာဏာ

သိ လက်တွေ့သင် တက္ကသိုလ်ကျောင်းအကျယ်မှာ မိုင်(၃၀) မျှ ကျယ်ဝန်းသည်။ ကြည့်ရှုစရာပေါများလှပါ၏။

မြန်မာပြည်မှ တကယ်တန်းပညာလိုလားကြပါလျှင် ငွေကုန်နည်း လက်တွေ့သင်တဲ့ ဗာရာဏသီတက္ကသိုလ်ပညာသင်သွားရန် အလွန်ဘဲသင့်မြတ်လှပါသည်။ တကယ် ပညာလိုသားသူများသို့ တိုက်တွန်းလိုက်ရပါသည်။ ဦးကုဏ္ဍလတို့သည် နာရီပြန် ၁-ချက်လန်ချား ခ ၁-ကျပ်ပေး၍ ဗာရာဏသီမြို့မှ မိဂဒါဝုန်တောသို့ သွားကြပါသည်။ ၇-မိုင်ဝေးသည်၊ မိဂဒါဝုန်တောမှာ မြန်မာကျောင်း၊ အိန္ဒိယကြေးမုံကျမ်းကြီး စီရင်ရေးသားသော ဆရာတော် ဦးကိတ္တိကျောင်းမှာ တည်းခိုနေပါသည်၊ တည်းအိပ်ကြသည်။ တည်းခိုရန် မမွှသာလခေါ် ဇရပ်တိုက်များရှိပါသည်။ ရေတွင်းနှင့် နေရာထိုင်ခင်း အလွန်ကောင်းပါသည်။ မြန်မာပြည်က သွားလိုသူများ တည်းခိုနေထိုင်ရန် အလွန်ကောင်းပါသည်။ ပစ္စည်းဥစ္စာ ပေါများသူများပါသည်။ ၎င်းနေရာ ဌာနများသို့ ငွေ(၇၅၀)ကုန်လျှင် ရောက်နိုင်ပါသည်။ ဘုရားဖူးသွားကြရန် အလွန်ကောင်းလှပါ၏။ ဦးကုဏ္ဍလတို့ ရောက်ခဲ့စဉ် အခါက ဤသို့ဘည်း၊ မိဂဒါဝုန်သွား သားမျိုးစုံတဲ့ ရေကုံသာမော ပဉ္စဝဂ္ဂီ တရားဦးဟောရာ အကြောင်းသည်ကား၊ ငါတို့ မြတ်စွာဘုရား သခင်သည် ပဉ္စဝဂ္ဂီငါးဦးအား တရားဓမ္မစက်ကို ဟောမြွက်တော်မူသော မိဂဒါဝုန်တောသည် မိဂ, သား-သမင်တို့ ဘေးမဲ့ပေးရာအရပ်၊ ယခု (ဆာရနာလ်) အမည်ဖြင့် ကမ္ဘာ့ပေါ်တွင် ထင်ရှားနေသည်။ ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏ မစွန့်အပ်သော (အဝိဇဟိတ) အမည်ရှိတဲ့ ဣသိပတန-မိဂဒါဝုန်ကျောင်း နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းထားသော တိုက်ခန်းလေးခုမှ်လေးခု ဆင်ယင်လျက် ကျောင်းတော်ကြီး ရှိသည်။ မဟေသခင်

ကပင် ဘုံနန်းပြသာဒ်ပေါက်နေသော ဗာရာဏသီသား နန္ဒိယ သူကြွယ်ကျောင်းတော်ကြီးရှိ၏။ ထိုနန္ဒိယသူကြွယ် တရားစာကို ဦးကုဏ္ဍလငယ်စဉ် ရှင်သာမဏေ ဘဝက ဥပုသ်ဇရပ်များမှာ တရားဟောခဲ့ဘူး၍၊ ယခုအခါ အလျဉ်းသင့်ပါသဖြင့် ထည့်သွင်း ရေးသားလိုက်ရပါသည်။

## ဒါနရှင်မသေကမီပင် ဒါန၏ အဟုန်ကြောင့် ဘုံဗိမာန်ပေါက်ခြင်းကိုပြသော ဗာရာဏသီ (နန္ဒိယ) သူကြွယ် ဝတ္ထု၊

ပုညံ ဉာတိသဟာယောဝ သင်္ဂဟော ပုညာကာ ရိနံ တဿာဟိ အတ္တနော ဒီပံ သီဃံ သေန္တု သာဓဝေါ။

ပုညံ၊ ဒါနအစ သောမနနှင့် ရှေးကယခု ပြုပြုသမျှကုသိုလ် စုသည်။ ဉာတိ သဟာယော၀၊ အရင်းအခြေ အတွင်းနေ၍ အရှည်ကျိုးဖြစ်- ဆွေမျိုးစစ် မည် သည် သာ လျှင် တည်း။ ပုညံ၊ ပီတိသောမန-ဇောဗလဝနှင့် အလောဘမှုး ကုသိုလ်ထူးသည်။ ပုညကာရိနံ၊ ကောင်းမှုထိုထို တောင်းဆုဆို၍ ပြုလိုကြည်ငြင် ကုသိုလ်ရှင်တို့အား။ သင်္ဂဟော၊ ဆန္ဒလိုအင် မငြိုငြင်ဘဲ ထင်ထင် မျက်မှောက်ဝင်လာရောက်၍ ပြီးမြောက်ပစေ ချီးမြှောက်ပေ၏။ တဿာဟိ-တဿာဝေ၊ ထိုသို့တိုးပွား အကျိုးထူးများခြင်းကြောင့် သာလျှင်။ သာဓဝေါ၊ သံသရာကမ်းအောက် လမ်းမပေါက်၍ အထောက်ထောက်နား သင်ခရီးသွားတို့သည်။ အတ္တနောဒီပံ၊ ရောက်ရာဘဝ မကြောက်ရအောင် နောက်ကလမ်းစာ ကိုးကွယ် ရာကို၊ သီဃံ၊ မသင့်သဘော ဖင့်မနေဘဲ မမောမနင်း မဆာတ လျှင်သာလျှင်။ သေန္တု၊ ဒုလ္လဘကြုံ ကြုံရခိုက်ကို အားတိုက် မာန်ပါ ကြိုးစား၍ ရှာလိုက်ကြပါကုန်လော့။

အဓိပ္ပါယ်မှာတော့၊ ဤလောကမှာ မိတ်သင်္ဂဟ အသီးသီးတို့သည် ခရီးဝေးကွာ ဘေးဘယာအပါးပါး ကြောင့်ကြစရာတွေ အလွန်များတဲ့ တိုင်းတပါး-နယ်တရွာမှာ ခွင့်မသာ ကိစ္စကြောင့် ကွေကွင်းကာ အနေကြာပြီးမှ ဝေဒနာမနှောက် ဘေးဘယာ ကင်းရှင်းလို့မို့ နေရပ်သို့ပြန်လာရောက်တဲ့ မိတ်ဆွေသားချင်း-ဆွေမျိုးရင်းကဲ့သို့ ကြည်ရွှင်သော စိတ်ထား ရွှင်ပျသောစိတ်နှလုံးနှင့် စုရုံးနှုတ်ဆို စားသောက်ရန်အသီးသီး ပင့်ထောက်ခါ ချီးမြှင့်လာကြတယ်။ ယခုလဲ မအို,မနာ,မသေမီ ကာလတို့က ပုညာကောင်းမှု အားကိုးစရာတခုခုကို စောစောကပြုထားလိုက်ကြရမည်၊ ယခုဆိုတဲ့စကားအရ ဘယ်ဝတ္ထုသာဓက ထောက်ဆရပါသလဲဆိုရင်၊ ငါတို့ဘုရားရှင် လက်ထက်တော် ထင်ရှားရှိတုန်းအခါကဗာရာဏသီမြို့မှာ နန္ဒိယသူကြွယ်တယောက်ရှိတယ်။ ထိုသူကြွယ်သည် တမလွန်အကျိုးကိုသာ ရည်ရွယ်ပြီး ကုန်သွယ်ခြင်း အမှုနှင့် ရသမျှပစ္စည်းများကို ကိုယ့်ဘို့ဟု နှလုံးမထားဘဲ သဒ္ဓါတရား၏အဟုန်ကြောင့် ရတနာသုံးပါးကိုသာ ကြည်ညိုပြီး ရဟန်းတော်-သံဃာရောက်လာတဲ့ ဖုန်းတောင်း ယာစကာတို့ကို စားရိက္ခာ မပင်ပန်းရအောင် နိစ္စပတ်ဝတ်ပြုပြီး အမြဲပင်လုံးပန်းနေတယ်။ ရှင်လန်းဟဒယ မချွေရမနှောမဝင်ဘဲ ဗလဝဇော အစဉ်နှင့် စင်ကြယ်သည့် ကုသလကြောင့် လူ့ဘဝ မပျက်ကုံး ဒါနရှင် အသက်မဆုံးခင်ကပင် ရတနာစိန် ဖလ်ချယ်လယ် မွှမ်းမံကာ တာဝတိံ ဘုံအတွင်းမှာ တဝင်းဝင်း အရောင်ဟပ်ပြီး လုံးပတ်နံလျား တဆယ့်ငါးနှင့် မားမားစွင့်စွင့် ယူဇနာအရောင်တရာလောက် အရောက်မြင့်တဲ့ ဘုံနန်းပြာသာဒ်ကြီး ပေါက်နေတယ်။ တေဒင်္ဂလက်ဝဲရံ ရာထူးကို ခံရသော မောဂ္ဂလာန် မည်ကျော် မထေရ်တော်လဲ သုံးပါးသော ဝေနေယျတို့ကို ခမ္မရေ

အေးအမြိုက်ဆေး တိုက်ကျွေးတော်မူလေသည်။ ရှင်မောဂ္ဂလာန်သည် ပြာသာဒ်ရှိရာသို့ ချဉ်းကပ်လို့ အတ္တုပ္ပတ် သိလိုရေးကို မေးမြန်းတော်မူတယ်။ နန္ဒိယသူကြွယ် ကုသိုလ်ရှင် ပြာဘန်ဆင်းလို့မို့ ရံရွေသင်းပင်းနှင့် နတ်ဘုံတလျှောက် အံ့ဘွယ်တဦး မကြိုဘူးအောင် ဂုဏ်ထူးပါကြောင်းကို လျှောက်လေလျှင်၊ လက်ဝဲရံမထေရ်ကျော် လျှောက်ပတ်တဲ့ တရားစကားများဖြင့် နတ်များကို ရှင်းစေပြီးမှ သက်သေခံတဦး နန္ဒိယ၏ ဂုဏ်ထူးကို မြတ်စွာဘုရားထံ ဝင်ရောက် မေး မြန်း တော် မူ သည့် အ ခါ၊ ချစ်သားမောဂ္ဂလာန် ဝတိ်ယံမှာ အလျှံဝင်းတောက် နန္ဒိယလုလင်ခုရှိစဉ်ကပင် ဘုံဗိမာန်အပြီး ပေါက်သည်ကို သင်ရောက်လျက်သာ ငါဘုရားကို လျှောက်ထားစရာမရှိ သင်ချစ်သားပင် မြင်ခဲ့ဘိလောဟု မိန့်ခွန်းထုတ်ပြီး သက်သေခံပြုလုပ်စေတယ်။ နန္ဒိယဘုံဗိမာန်ကို ယခုပင် မြင်တွေ့ခဲ့ရပါကြောင်း။

စိရပ္ပဝါသိံ၊ ပုရိသံ၊ ဒူရတော၊ သောတ္ထိမာဂတံ။
ဉာတိမိတ္တာသုဟဇ္ဇာစ၊အဘိနန္ဒန္တိ၊အာဂတံ၊တထေဝ၊
ကတပုညမ္ပိ၊ဣမလောကာ၊ပရံဂတ၊ပုညာနိ၊ပဋိဂ္ဂဏှန္တိ၊
ပိယံဉာတိံဝ၊ အာဂတံ။ ။ဟူ၍ ဟောတော်မူသည်။

၎င်းအနက်ကို ကျမ်းကျယ်မည်စိုး၍ မရေးတော့ပြီ။ အကျယ်သိလိုမူ ရာဇောဝါဒကျမ်း၊ဝတ္ထုဘေဒနီ ဒုတိယတွဲကျမ်းမှာရှုခလေ။ ယခုအခါမှာ လူမိစ္ဆာများ ဖျက်ဆီးပစ်၍ အပျက်မျှသာရှိတော့သည်။ အင်္ဂလိပ်ကျောက်စာဝန်များ တူးဖေါ်ထားသဖြင့်၊ အချို့ထူးဆန်းတဲ့ ပစ္စည်းများကို ပြတိုက်ဘခုနှင့်ရှိပါသည်။ မိဂဒါဝုန်ကျောင်းတော်ရာသည် တောင်နှင့်မြောက် ခြေလှမ်းရေ(၄၅၀) ခန့်ရှိ၏။ အရှေ့ နှင့် အနောက် ခြေလှမ်း ( ၅၀၀ ) ခန့်ရှိမည်။

ကျောင်းတော်အတွင်းမှာ ဘုရားသခင် ကျိန်းစက်ရာ ဂန္ဓကုဋီ တခု၊ တရားဟောတော်မူသည့် အုဋ္ဌပလ္လင်မှာ ၄-တောင်ခန့် ရှိသည်။ ဿီရိဓမ္မာသောကမင်းကြီး၏ကျောက်စာတိုင်ကို လူမိုက်များ ချိုးဖျက်၍ သုံးပိုင်းပိုင်းဖြစ်နေသည်။ ဓမ္မစကြာဟောသောနေရာမှာ ကုန်းရောင်ရောင်အပေါ် ဓမ္မစကြာ စေတီတော်ကြီး တဆူရှိ၏။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီး အစဥ်အတိုင်း ဗာရာဏသီပြည်အနီး မိဂဒါဝုန် သားမျိုးစုံတဲ့ ရဂုံသာမော ဓမ္မစကြာတရားဟောရာသို့ သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့် စနေနေ့ည နေဝင်စအချိန်တွင် (ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ)အစရှိသော ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူသည်။ ဒေသနာတော်၏အဆုံး၌ အရှင်ကောဏ္ဍညသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ တသောင်းသော စကြဝဠာမှ စည်းဝေးလာသော နတ်,ဗြဟ္မာ တဆယ့်ရှစ်ကုဋေတို့သည်လည်း အကျွတ်တရားကို ရလေကုန်၏။ ဤဓမ္မစကြာတရားကို ဟောတော်မူသော အခါလည်း စကြဝဠာတသောင်း မြေအပေါင်းသည် ကောင်းကြီးချီ ကျူးသကဲ့သို့ အထူးသဖြင့် တုန်လှုပ်လေသည်၊ သုံးဆယ့်နှစ်ပါးသော နိမိတ်တို့ ထင်ကုန်သည်။ ထိုနေ့ည ပဌမယံအဆုံး မဇ္ဈိမယံအစတွင် ဓမ္မစကြာတရားတော် ပြီးဆုံးလေသည်။

ဤဓမ္မစကြာသုတ် ဒေသနာကို အကျယ်ဟောတော်မူသဖြင့် ဝါဆိုလပြည့်ကျော် တရက်နေ့၌ အရှင်ဝပ္ပသည် သောတာပတ္တိဖိုလ်၌တည်သည်။ နှစ်ရက်နေ့ အရှင်ဘဒ္ဒိယ၊သုံးရက်နေ့ အရှင်မဟာနာမ၊ လေးရက်နေ့ အရှင်အဿဇိတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရကြကုန်သည်။

လပြည့်ကျော် ငါးရက်နေ့ ငါးဦးသော ရဟန်းတို့ကို စည်းဝေး၍ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူသဖြင့် ငါးဦးလုံးပင် ရဟန္တာအဖြစ်သို့ရောက်ကုန်၏၊ ယခုထက်တိုင် ရှေးအစဉ်အဆက်ကစ၍ အိန္ဒိယပြည် မဇ္ဈိမဒေသ ဘုရားပွင့်ရာ သီဟိုဠ်ကျွန်းမှာ တရားပွဲ,ဘုရားပွဲ,ပရိတ်ပွဲကျင်းပပြုလုပ်သည့်အခါမှာ ဓမ္မစကြာ တရားဟောချိန်ဖြစ်သော ည ၁၀-နာရီ အချိန်မှာ လုပ်လေ့ရှိသည်။ ၎င်းတိုင်းပြည်များမှာ ဘုရားပွဲ,တရားပွဲ,ပရိတ်ပွဲများတွင် လူကြီး-လူငယ် အိမ်လုံးကျွတ်လာကြသည်။ အမျိုးသမီးကလေးများသည် အထူးဂရုတစိုက် အားကျမခံ သူထက်ငါ ယဉ်ကျေးမှုကို အထူးလေ့လာကြလေ၏။ ဤကား ဦးကုဏ္ဍလတို့ တွေ့မြင်ခဲ့ခြင်းနှင့် ဇိနတ္ထပကာသနီ အလိုတည်း။

၎င်းဓမ္မစကြာဘုရားအနီး ဟိန္ဒူလူမျိုး ဂျိုင်နီးခေါ် -(ဂျိမ်း) နတ်ကွန်းတခုရှိသည်။ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဟောရာ (ဓာမေခ) စေတီကြီးပင်ဖြစ်သည်။ ၎င်းအရှေ့ မြောက် ဘက်မှာ မြေတွင်းလိုဏ်ဂူကြီးသည် ဦးကုဏ္ဍလ၏ခြေလှမ်း (၇၅)လှမ်းမျှ ရှည်လျားပါသည်။ ဤအုဋ္ဌလိုဏ်ဂူကြီးအတွင်းမှာ ရဟန္တာများ တရားအားထုတ်ရာဟုဆို၏။ အနီးမှာ ရှေးရဟန္တာများ ရေချိုးခဲ့သော ရေတွင်းသည် အတောင်(၇၀)ခန့်မျှရှိသည်။ အပိတ်နှင့် ရေချိုးခန်းများ ယခုတိုင် အပျက်မျှတွေ့ရှိသည်။ အရှေ့တောင် ခပ်ယွန်းယွန်းမှာ သီဟိုဠ်သား ဓမ္မပါလ ဆောက်လုပ်ထားသည့် ဘုရားပုံသဏ္ဌာန် ဓမ္မသာလာတခုရှိသည်။ ကျောက်သားပကတိကို ပြုလုပ်ထားသည်။ ရှေးအခါက ပစ္စည်းနေရာများနှင့် ကျမ်းစာ,ကျောက်စာဝန်၊ ဟိန္ဒီစာတမ်းအဆုံအလိုကျ အကြောင်းပြပင်ဖြစ်သည်။ ဦးကုဏ္ဍလတို့သည် ပဉ္စဝဂ္ဂီငါးဦး တရားဦးဟောသော(ဓာမေခ)ခေါ်သော စေတီကြီးသို့ ဝါဆိုလပြည့်နေ့မှာ

ရောက်ကြသဖြင့် ဦးကုဏ္ဍလအတို့မှာ ထူးတဲ့ကံပါရမီ ကြီးစားခဲ့တဲ့ အတိဒုလ္လဘကြီးတခုမှာ၊ ဤအခါ-ဤရက်သည် ဝါကြီးထပ်သဖြင့် ယခုအချိန်မှာရောက်ရခြင်း၊ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့ တရားဦးဟောခြင်း၊ ဤနေ့ပင် ဦးကုဏ္ဍလတို့ရောက်ရခြင်း၊ ဦးကုဏ္ဍလတို့မှာ ငါးပါးဖြစ်နေခြင်း၊ ဤသို့သောကြိုကြိုက်ခဲလှတဲ့အဖြစ်သည် ရခဲလှပေတကား။ ဒုလ္လဘကြီး တခုဆို၍ ဦးကုဏ္ဍလတို့ငါးပါးသည် ဝါဆိုလပြည့်နေ့ ဓမ္မစကြာ ဟောသောနေ့၊ စေတီတော်ကြီးမှာ ဓမ္မစကြာသုတ်ကို အဆုံးတိုင်အောင်ရွတ်ခဲ့ပါသည်။ အရဟံဂုဏ်တော် တထောင်စီ ဘုရားရှိခိုး မေတ္တာပို့ ဆုတောင်း၍ ထိုကောင်းမှုများကို ဦးကုဏ္ဍလတို့၏တပည့် တကာမ ကြီး,ငယ်အပေါင်းတို့အား ရကြပါစေသားလို့၊ ဤနေရာဌာနက မေတ္တာပို့-ဆုတောင်း-အမျှဝေမိပါသည်။ ခဏ,ခဏလည်း ရောက်နိုင်-သွားနိုင်ရပါလို၏ဟူ၍ ဆုတောင်းခဲ့လေသည်။ ဦးကုဏ္ဍလတို့သည် ၎င်းဓမ္မစကြာ ဟောသော မိဂဒါဝုန်တော ဦးကိတ္တိကျောင်းမှာ တည်းအိပ်ပြီး နံနက် (၇) နာရီအချိန်မှာ ဗာရာဏသီမြို့မှ ပြန်လာခဲ့ကြသည်။

ကာသိတိုင်း ဗာရာဏသီပြည်အကြောင်းပြီး၏။

---

ဦးကုဏ္ဍလတို့ တွေ့မြင်ခဲ့ရသည်။ ယခုအခါမှာ ခရစ်တော်သက္ကရာဇ် ၁၈၇၇-ခုနှစ်မှာ ကုသိနာရုံဘုရားကြီးကို တူးဖေါ်လေသည်။ (ဟူယိင်ဆင်) အမည်ရှိသော တရုပ်ဘုန်းတော်ကြီးမှတ်တမ်း၊ကျောက်စာဝန် အဆုံးအဖြတ်များမှာ ဘုရားပရိနိဗ္ဗာန်စံယူတော်မူပုံ၊ လျောင်းတော်မူဘုရားကြီး အလျားပေ ၂၀-ရှိ၏။ ရုပ်တုတော်၏ ညောင်စောင်းအောက်၌ကပ်လျက် ဇီဝကရုပ်၊ သုဘဒ်ရဟန်းပုံ၊ အာနန္ဒာရုပ်ပုံများရှိသည်။ ကုသိနာရုံ

ဘုရားအနီး ပရိနိဗ္ဗာန်ပြုနေပုံ၊ လျောင်းတော်မူပုံ၊ အလျား ၄၈-ပေ၊ အနံ ၃၂-ပေရှိသည်။ ဘုရားကြီး၏ အရှေ့ဘက်ကပ်လျက် ပရိနိဗ္ဗာန် ဝင်စံတော်မူရာ မဟာစေတီ တော်ကြီးသည် စေတီငယ်များခြံရံလျက်ရှိသည်၊ ၎င်းစေတီကြီး ပတ်ဝန်းကျင်မှာ ရှေး ကျောင်းနေရာများ အခန်းခန်းရှိသည်။ အုဋ္ဌခုံများကျောင်းနေရာသည် လေးတောင်ခန့်၊ အချို့နေရာ ငါးတောင်ရှိသေးသည်၊ အချို့ပျက်စီးနေပါသည်။ ဘုရားကြီးပုံသည် ကျွန်ုပ်တို့မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပုံသည် အလွန်သရုပ်ပေါ်လှပါ၏။ ယခုပင် မချိဘင်ကဲ လှိုက်လှဲ့ရှိုက်ဖို ဒုက္ခဝေဒနာကို ခံစားနေရသီအလား မြင်လိုက်လျှင် လူတိုင်းစိတ်ဓာတ်ကို ထိခိုက်လာကာ ဆုပ်ဆွဲကိုင်လှုပ်လိုက်သလို ဦးကုဏ္ဍလတို့မှာ ဘုရားကြီးရှေ့မှာပင် ဖျုံးကနဲ ဘုရားကို ရှိမခိုးနိုင်အောင် စိတ်ဓာတ်ထိခိုက်သွားပါသည်။ ဝမ်းတွင်း ရင်တွင်းမှာ ဆို့တက်သွားပြီး ဝမ်းနည်းလှိုက်လှဲဖြစ်လာ၍ ဖျုံးကနဲရှိမခိုးနိုင်၊ အတော်ကြာမှ ဘုရားကို ရှိခိုးနိုင်ကြပါသည်၊ ဤမျှလောက်သရုပ်ပေါ် ပရိနိဗ္ဗာန်ပြုနေပုံသည် တွေ့မြင်ဖူးခဲ့ရပါ၏ ၎င်းပုံအောက်မှ ကျောက်ပလ္လင်သည် မြေနှင့်တူးဖေါ်ကြည့်သည် အခါ အတောင်ဘရာခန့်ရှိသော်လည်း မဆုံးနိုင်ရှိပါသည်ဟု ပြောပြ၏။

ဤ ပရိနိဗ္ဗာန်စံပုံ ဘုရားအနောက်တောင်ဘက် (၁) မိုင်ခန့်သွားလျှင် (မာထကုဝ)ခေါ် ကျောက်ဆင်းတုတော် တဆူရှိသည်။ ညာဏ်တော် သုံးတောင်ခန့်ရှိ၏။ ဘုရားမှာ ဂန္ဓကုဋီတိုက်တွင်းမှာရှိသည်၊ မိစ္ဆာလူမျိုးများက ၎င်းဘုရားကို ပလ္လင်ပေါ်ကတွန်းချ၍ ချိုးဖျက်လေသည်၊ မကျိုးဘဲ ဒေဝဒတ်မျိုးနွယ်များ ဝမ်းတော်လားပြီး မာလကသွားကုန်ကြပါသည်။ ထိုဘုရားကို ယခုနေအခါမှာ လူမိစ္ဆာများက ဆုတောင်းပြည့်တယ်၊ တန်ခိုး

ကြီးတယ်ဆိုပြီး အထူးလေးစားကာ ရှိသေလေးစားစွာဖြင့် ရှိခိုးကြလေသည်။ သူတို့ဖျက်ဆီး၍မရခြင်းကြောင့်ပင် ဖြစ်ပေ၏။

ထိုမှ တမိုင်လောက်တွင် တောဇော်ခေတ်လောင်ရာ မကုဋ္ဌဗန္ဓနအမည်ရှိသော မီးသင်္ဂြိုဟ်ရာရှိသည်။ စေတီတော် အပျက်တခု ယခုရှိသည်။ ၎င်းစေတီတော်အပျက်အပေါ်က ညောင်ပင်ကြီးရှိသည်။ ညောင်ပင်ကြီးသည် အလွန်ကြီးကျယ်လှပါသည်။ မကုဋ္ဌဗန္ဓနတောင်ကုန်း စေတီ ပျက်နေသည်ကို ကုလားသူဌေးတဦးပိုင်သည်။ တောဇော်ခေတ်လောင်ရာကို ယခုအခေါ် ခေတ်တော်ကုန်းဟု ခေါ်သည်။ ၎င်းအပေါ်ပေါက်နေသော ညောင်ပင်မှာ တရုပ်ဘုန်းကြီးသည် ၁၀-နှစ်ရှိအောင် ညောင်အခေါင်းထဲတွင် တရားအားထုတ်နေသည်။ ထိုနေရာကို တရုပ်ဘုန်းကြီး မနေရန် ကုလားသူဌေးက ပုလိပ်များနှင့် လာ၍နှင်ထုတ်သည်။ ဘုရားသားတော်ဖြစ်၍ ဘုရား၏နေရာ-နေမည်ဟုပြန်ပြောလေ၏။

နောက်တဖန် လာ၍နှင်ပြန်ရာသောအခါ မိမိသည် ဘုရားသားတော်ဖြစ်၏၊ ဘုရား၏နေရာမှ မနေထိုင်ရလျှင် သေတာကကောင်းပါသည်ဆို၍ သူ၏ဦးခေါင်းကို သူ့အလို အလျောက်အဌ်ခဲ များနှင့် ပေါက်ခွဲ သဖြင့် သွေးများ ဖြာထွက် လာမှ ပြန်သွားကြလေသည်။ တရုပ်ဘုန်းကြီးကို ယခုအခါအထိ မနှင်ဘဲထားလေတော့၏။ ယခုသွားလျှင် တွေ့ရပေသေး၏၊ အောက်နားမှာ ရေတွင်းရှိသည်၊ ခေတ်တော်ဝေသော နေရာများရှိသည်။ ယခုနေအခါ မြန်မာကျောင်းဆရာတော် ဦးစန္ဒာမုနိ သီတင်းသုံးနေထိုင်လျက်ရှိသည်၊ ဘုရားဖူးများတည်းခိုရန် နေရာထိုင်ခင်းများ အလွန်ကောင်းပါသည်။ ဘာမဆို လိုတာကိုရနိုင်၏၊ သကြားပေါ်သည်။ ဦးကုဏ္ဍလတို့သည် ဆရာတော်ဦးစန္ဒာမုနိထံ ဆွမ်းစားပြီး ဘုရားများ လှည့်လည် ဖူးမျှော်ကြပါသည်။

တောဇောခေတ်လောင်ရာမှ (၁) မိုင်ခန့်မှာ မြစ်ငယ် တခုရှိ၏။ ၎င်းမြစ်သည် မြတ်စွာဘုရား ရေကြည်တော် အရှာခိုင်း၍ ရှင်အာနန္ဒာ ရေကြည်တော်ခပ်တဲ့မြစ်လို့ ပြောကြသည်။ ဤအချိန်သည် ပဋ္ဌမဝါဆိုလဆုတ် ၂-ရက်နေ့ ကုသိန္နာရုံအင်ကြင်းစုံမှာ ဘုရားဖူးပြီး ညနေ ကားနှင့် ၃-နာရီအချိန်တွင် ပြန်၍သွားကြပါသည်။

မလ္လာတိုင်း ကုသိန္နာရုံပြည်အကြောင်း ပြီး၏။

---

## သက္ကတိုင်း-ကပိလဝတ်ပြည်အကြောင်း

ဦးကုဏ္ဍလတို့သည် ဝါဆိုလဆုတ် ၂-ရက်နေ့ ကားနှင့် ယခုအခေါ်မှာ ဂေါရာဘူမြို့ ရှေးဘုရားလက်ထက်က သက္ကတိုင်း ကပိလဝတ်ပြည်ဟူ၍ ခေါ်တွင်၏။ ၎င်းနေရာကို ညနေ ၆-နာရီ ရောက်ရှိသည်။ (သက္ကတိုင်း-ကပိလဝတ်ပြည် အကြောင်း မှာ တိုင်းကြီးသောဌေးသာတို့တွင် အဝင်အပါမဟုတ်ပေ။ ရှေးအခါက ဥက္ကာကရာဇ်မင်းသည် မိမိမြတ်နိုးသော မိဖုယားကိုထီးနန်းပေး၍ ဥက္ကာမုခ, ကရကဏ္ဍ, ဟတ္ထိနိက, သိနိသူရအမည်ရှိသော သားကြီးလေးပါးကို ပြည်မှနှင်ထုတ်၍ ထိုမင်းသားတို့လည်း ဟိမဝန္တာတောင်အနီး ပေါက္ခရဏီရေကန်၏ ကမ်းနားရှိ ကျွန်းတောကြီးသို့ကပ်ပြီးလျှင် အမျိုးမပျက်စေရန် တဝမ်းတည်းဘွားနှမတော်တို့နှင့် ပေါင်းသင်း နေထိုင်ကြကုန်၏။ ခမည်းတော်သည် သားတော်တို့အကြောင်းကို အမတ်လိမ္မာတို့အား မေးလေလျှင် အမတ်ကြီးတို့သည် အကြောင်းမျိုးစုံ အကုန်လျှောက်တင်ကြကုန်၏။

ထိုအခါ မင်းကြီးသည်(သကျာဝတဘောကုမာရ) ဟူသော စကားဖြင့် သားတော်တို့သည် လူသာမန်တို့ ပြုနိုင်ခဲသောအမှု

ကို ပြုနိုင်ပေစွတကားဟု ကျူးရင့် ချီးကျူးတော်မူ၍ သုံးကြိမ်တိုင်တိုင် ဝမ်းမြောက်တော်မူလေသည်။ ထိုဥဒါန်းစကားကို အစွဲပြု၍(သကျ)ဟူသောအမည်ဖြင့် ထင်ရှားလေ၏။ ဤကား-သီလက္ခန်ပါဠိတော်စကားပင်တည်း။ ဝိဓူရဇာတ်တော်နှင့်အညီ မင်းသားတို့သည် ရံရွေတော်အပေါင်းတို့နှင့်တကွ မလ္လာတိုင်း ကုသဝတီ အမည်ရှိသော ကုသိနာရုံပြည်မှ ထွက်ခွါသွားကြလေကုန်၏။ ဥက္ကာမုခစသော မင်းသားလေးယောက်တို့သည် ဗိုလ်ပါ များစွာနှင့် ပြည်မှထွက်သွား၍ ဟိမဝန္တာသို့ ခရီးအစဉ်အတိုင်း ထွက်လာပြီး မြို့နေရာကို ရှာလေသည်။ ဘူမိဝိဇ္ဇာအတတ်၌ လိမ္မာသောဘုရားအလောင်း ကပိလရသေ့နှင့်တွေ့၍ ၎င်းရသေ့က ငါ၏ သင်္ခမ်းကျောင်းနေရာ၌ မြို့တည်လျှင် အတုမရှိ တယောက်သူ ရန်မမူနိုင် - မနှိပ်စက်နိုင်၊ စကြာ့လမင်းဖြစ်သော်လည်း စကြဝတေးမင်းကဲ့သို့ ဘုန်းကြီးလတ့်။ ဤသို့ မိန့်တော်မူသည်။ နှမတော်အကြီးကို အမိအရာထားပြီး နှမတော် ငယ်လေးယောက်နှင့် ပေါင်းသင်းနေထိုင်ကြလေ၏။ ထိုမင်းကို သာကီဝင်မင်းမျိုးဟု ခေါ်သည်၊ ၎င်မြို့ကိုလည်း ကပိလရသေ့ တည်ထောင်ပေးခြင်းကြောင့် ကပိလဝတ်ပြည်ဟုခေါ်တွင်ကြ၏။ ဤကား သီလက္ခန်အဋ္ဌကထာဋီကာတို့၌ ဖွင့်ပြသော ကျမ်းရင်းစကားပင်တည်း။ (ကျွန်ုပ်တို့ ဂေါတမဘုရားမျိုးပင်ဖြစ်၏၊)

ဖါဟီယန် တရုပ်ဘုန်းကြီး မှတ်တမ်းအဆိုက ကပိလဝတ်ပြည်သည်။(နဂရခါ-ဆ်) ခေါ်သော ဌာနပင်၊ ရှေးက ကပိလဝတ်ပြည်ဟု ခေါ်သည်။တိဘက်မဟာယာန၊ ဗုဒ္ဓဘာသာကျမ်း၊ ကောသလတိုင်းအပါရောဟိဏာမြစ်၏ကမ္ဘားအနီးရှိခရေအိုင်ကြီး အနားတွင် ကပိလဝတ်ပြည်တည်ရှိကြောင်း။ ဗုဒ္ဓဘာသာ ဟိနယာနဂိုဏ်းသားတို့အလိုနှင့် ကျောက်စာဝန်တို့စကား ညီညွတ်

ပေသည်။ ကပိလဝတ်ပြည်သည် (မဆတီစိရင်စု) ကိုဟန်မြစ်ကမ္ဘားအနီး – ရေအိုင်အနီးမှာပင် ရှေးက ကပိလဝတ်ပြည်ဖြစ်သည်ဆိုကြလေသည်။သာဝတ္ထိပြည်နှင့် ကပိလဝတ်ပြည်သည် မိုင်ပေါင်း(၆၃)မိုင်ရှိသည်။ ကျောက်စာမင်းကြီး(ကနိန်ဂဟမ်)အဆိုက(ဂ၁)မိုင် သာဝတ္ထိပြည်နှင့် ကပိလဝတ်ပြည် ကွာဝေးသည်ဆို၏။ တရုပ်ဘုန်းတော်ကြီး(ဖါဟီယန်)ရောက်သောအခါက တောအတိဖြစ်နေ၏။ လူနေအလွန်နည်း၍ ကျား-ဆင်များကို ကြောက်ရသည်။အနော်မာမြစ်သည်ကပိလဝတ်ပြည်မှ အရှေ့မိုင်(၄၀)ခန့်မှာရှိသည်၊ ဦးကုဏ္ဍလတို့ ရောက်ခဲ့စဉ် အခါက မြို့နေအလွန်ကျယ်ဝန်းသည်။အလွန်စည်ကားလှသော ဈေးဆိုင်, လမ်းများ-ပေါများလှသည်။ သာယာလှပါသည်။ တဘက်မှာ မြစ်ရှိသည်၊ လေယာဉ်ပျံကွင်းများရှိသည်။ မီးအမျိုးမျိုး ထွန်းညှိထားလေသည်။

အထူးမှာ–ဘတ်ကားများမှာ မိန်းမများ လက်မှတ်ပေး ငွေသိမ်း၊ စပါယ်ယာ လုပ်ကိုင်နေကြ သည်ကို တွေ့ခဲ့ရပါသည်။ ၆၇-၃ အာသင့်နကွတ် ပုဏ္ဏားမိခေါ် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ကောသလတိုင်း မြောက်ပိုင်းအစွန် ဟိမဝန္တာစပ်သာကီဝင်မင်းမျိုးတို့နေရာ သက္ကတိုင်း-ရန်သူတကာ မအောင်နိုင်ရာသောအရပ်ဖြစ်ခြင်းကြောင့် အယုဇ္ဈယဘူမိခေါ် ကပိလဝတ်ပြည်ကြီးတွင် သီရိသုဒ္ဓေါဒနမင်းကြီး၏ ကြင်ဘက်ရတနာ-မာယာဒေဝီ မဟေသီမိဖုယားကြီး ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေတော်မူသော ကိုးလလွန်မြောက် ဆယ်လသို့အရောက်တွင် လုမ္ဗနီအင်ကြင်းတော၌ အင်ကြင်းခက်ကိုကိုင်၍ အင်ကြင်းပန်းကို ရှုရှိုက်လျက် ဘုရားလောင်း သိဒ္ဓတ္ထကုမာရမင်းသားကို ဖွားမြင်လေသည်။ ထိုအခါ နန်းမင်းဗြဟ္မာ့လက်မှာ သိဟ်ခွင်

ကောင်းကင်တာရာ ဂြိုဟ် ၉-ဖြာတို့ မင်္ဂလာဒွါန တည်သော မဟာသက္ကရာဇ် ၆၇-ခု၊ ဝိသာခါ ပုဏ္ဏမီခေါ် ကဆုန်လပြည့် သောကြာနေ့၌ စန်းနှင့်ဝိသာခါ ယှဉ်ပြိုင်ရာတွင် ဘွားမြင်တော်မူ၏။ ဘုရားလောင်းနှင့် တပြိုင်နက် မောင်ဇံ၊ ကာလုဒါရီ၊ ယသော်ဓရာ၊ ညီတော်အာနန္ဒာ၊ မြင်းပျံ-ကဏ္ဍက၊ ရွှေအိုးကြီးလေးလုံး၊ မဟာဗောဓိညောင်ပင်တို့ပါ ပေါ်ပေါက်လာသည်။ ဒါကြောင့် ဦးကုဏ္ဍလ ပင့်ယူလာသော ဗောဓိပင်-အင်ကြင်းတို့နှင့် စပ်လျဉ်း၍—

(မဟာဗောဓိ-အင်ကြင်း ပူဇော်ခြင်း သိုက်ညွှန်းကျမ်း) ကို ယခု စာအုပ်အပြီး ဆက်လက်ထုတ်သင့်ကြောင်းဖြင့် ရေးသားထားသည်။ အကြောင်းအရာ အမျိုးမျိုး ကိုးကွယ်ထုံး အဖုံဖုံ အစုံပါသည့် စာအုပ်ကို မြော်လင့်စောင့်စားကာ ကြည့်ရှုသင့်ကြပေသတည်း။ ဦးကုဏ္ဍလတို့၏ ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရမင်းနှင့် ဗိမ္ဗာရွှေလျှော်-ယသော်ဓရာမင်းသမီး အမူးရှိသော မင်းသမီးအပေါင်း လေးသောင်းခြံရံ၍ ရွှေနန်းသုံးဆောင်နှင့် စံခပျော်တော်မူရာ ကပိလဝတ်ပြည်ကြီးပင်တည်း။ ယခု သူတို့အခေါ် ဂေါရာဘူမြို့၏ (အကြောင်းအရာ သိမှတ်စရာကား ပြီး၏။)

ဦးကုဏ္ဍလတို့သည် ပဥ္စမဝါဆိုလဆုတ် ၃-ရက်နေ့ မီးရထားနှင့် လူဘယောက်လျှင် (၄-ကျပ် ၇-ပဲ)နှင့် နံနက် ၆-နာရီအချိန်တွင် ဗာလမ်ဘူသို့ရောက်၏။ မီးရထား ဘူတာရုံမှ မြင်းလှည်း (၁-ကျပ် ၈-ပဲ)နှင့် ၆-မိုင်ခန့် ဝေးကွာသော မြန်မာဘုန်းကြီးဦးအာစရကျောင်းသို့ ရောက်ကြပါသည်။ ဆွမ်းများစားသောက်ပြီး ဗာလမ်ဘူမြို့မှ(၁၀)မိုင်ဝေးသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ မြင်းလှည်း(၉-ကျပ်)ပေး၍ ငါးပါး သွားကြ

ပါသည်။ ကောသလတိုင်း သာဝတ္ထိပြည်အကြောင်းမှာ (ဇကာ်း တပါးသော၊သမယံ၊အခါ၌။ ဘဂဝါ၊မြတ်စွာဘုရားသခင်သည်။ သာဝတ္ထိယံ၊သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ် သူဌေး၏။ အာရမေ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟာရတိ၊ နေတော် မူ၏။)

မဟာပရိတ်ကြီး ဋီကာ စကားလာကို သေချာဟောကြား မြတ်ဘုရားသည် မှတ်သားစေငှါ မိန့်ခွန်းလွှာကား မြတ်စွာ ဘုရား ကဆုန်လပြည့်နေ့ ပရိနိဗ္ဗာန်ပြု၍ ရက်သတ္တာသုံးခုမြောက် နယုန်လဆန်း ၅-ရက်နေ့၌ အရှင်မဟာကဿပသည် သင်္ဂါယနာ တင်အံ့သောငှါ ၇-သိန်းကုန်သော ရဟန်းတို့အား တိုက်တွန်း နှိုးဆော်တော်မူ၏။ ငါးရာသော ရဟန်းများကို ရွေးချယ်ပြီး လျှင် ရာဇဂြိုဟ်ပြည်သို့ကြွသွားတော်မူ၍ အဇာတသတ်မင်းသည် ဆောက်လုပ်စေပြီး မဏ္ဍလာမဏ္ဍပ်၌ စည်းဝေး၍၊ ဝါခေါင် လပြည့်ကျော် ၅-ရက်နေ့မှစ၍ ယခုအခေါ် (သတ္တပဏ္ဏိ-လိုဏ်ဂူ) ဝမှာ သင်္ဂါယနာတင်လျှင် အစဉ်အတိုင်း မေး-ဖြေသွားခဲ့ရာ၊ ဤမင်္ဂလသုတ်ကို ရောက်သောအခါ (ဧဝံမေသုတံ-ဧကံ-သမယံ- ဘဂဝါ-သာဝတ္ထိယံ)အစရှိသည်ကို ဟောတော်မူသည့်နေရာကို ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်နေရာ ပင်ဖြစ်၏။ (ဤကား-သုတ္တန်နိပါတ် အဋ္ဌကထာ အလိုတည်း။)

ငါတို့ ဘုရားသခင်လက်ထက် လူဦးရေ ခုနစ်ကုဋေရှိ၏။ ငါးကုဋေသော လူတို့သည်။ ဘုရားတရားတော်ကို ယုံကြည်၍ အရိယာဖြစ်ကုန်၏။ နှစ်ကုဋေမျှသော လူတို့သည်ကား ပုထုဇဉ် ဖြစ်ကြကုန်၏။ တရားတော်နာကြရန် ဘုရား သီတင်းသုံးသော ဇေတဝန် ကျောင်းတော်သို့ နေ့ဆွမ်း - ညပန်းဖြင့် ရှင်လန်း

စေတနာ ပီတိဖြာလျက် နေ့စဉ်လာရောက်ကြလေသည်။ ဓမ္မပဒ ကထာ၌လာသည့် ပါရာဇိကဏ် အဋ္ဌကထာ၌ကား၊ သာဝတ္ထိမြို့ သည် ငါးသန်း,ခုနစ်သိန်းသော မြို့တည်-အိမ်ခြေတည်ဖြစ်သည်။ ရှစ်သောင်းသောရွာတို့ဖြင့် ခြံရံ၍ တန်ဆာဆင်အပ်သည်။ သုံးရာ ယူဇနာ အတိုင်း အရှည် ရှိကုန်သော ကာသိတိုင်း-ကောသလ တိုင်း နှစ်တိုင်းတို့၏အခွန်ဆက်ရာလည်းဖြစ်သည်။ ရှစ်မင်းပယ်စာ ရှိသော ဇေတဝန်ကျောင်းတော် ရှိကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ-စူဠအဋ္ဌကထာ၌ ဆိုလေသည်။ အကျယ်ကြည့်လိုက ၎င်းကျမ်းဂန်များ၌ ရှုကြည့်လေ။ ဇေတဝန်ကျောင်းနေရာသည် ခုနစ်တောင်တာဖြင့် စတုရန်းအတာ ငါးဆယ်သည် ဇေတဝန် ကျောင်းနေရာဟု ဆို၏။

ထိုကျောင်းတော်ကြီးသည် လေးဆောင်တွဲ, လေးဆောင် ကျောင်းတော်ကြီးဖြစ်သည်။ ကျောင်းတံခါးဝ၌ အရှင်အာနန္ဒာ က အရှင်မောဂ္ဂလာန်ကိုအယူခိုင်း၍ မဟာဗောဓိသီးကို အနာ ထပိဏ်သူဌေးအား စိုက်ပျိုးစေသော အာနန္ဒာဗောဓိပင်ရှိသည့် အကြောင်းကို တေရသနိပါတ် ကလိင်္ဂ စက္ကဝတ္တိဇာတ်၌ ဟော ၏။ အကျယ်သိလိုမူ၊ အရှင်ကုဏ္ဍလ နောက်ထုတ်မည့် (မဟာ ဗောဓိအင်ကြင်းပွဲဇော်ခြင်း သိုက်ညွှန်းကျမ်းကို ကြည့်ပါလေ)။ ''ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိဝဍ္ဍပါဒဋ္ဌာနာနိ အဝိဇဟိ တာနေဝ ဟောန္တိ''ဟု သုတ်မဟာဝါအဋ္ဌကထာ၌ ဇေတဝန် ကျောင်းတော်ရာ အတွင်း၌ ဂန္ဓကုဋိတိုက်တွင် လေးပါးကုန် သော ညောင်စောင်းခြေတို့၏ ချရာအရပ်သည်၊ ဘုရားအဆူဆူ တို့ မစွန့်အပ်ခဲ့သောကြောင့် အဝိဇဟိတ ဌာနကြီးပင် မည်၏။ ဘုရားအဆူဆူတို့ မစွန့်အပ်သော အဝိဇဟိတ ဌာနကြီးလေးပါး သည် ဗေ ဓိပင်နှင့် ရွှေပလ္လင်နေရာ၊ ဓမ္မစကြာတရားဟောသည့်

နေရာ၊ သက်ဿနဂိုရ်ပြည် ဘုရားခြေချရာ နေရာ၊ ယခုသာဝတ္ထိပြည် ဇေတဝန်ကျောင်းနေရာ၊ တာဝတိံသာနတ်ပြည်၌ တနေရာအားဖြင့် ငါးဌာနကို ဘုရားတိုင်းမစွန့်အပ်သောနေရာဖြစ်၏။ ဦးကုဏ္ဍလသည် ဤနေရာများက မြေများယူခြင်း၊မဟာဗိပင်မြေ၊ သင်္ကဿနမြေ၊ သီဟိုဠ်မဟာဗိမြေ၊ သီဟိုဠ်ကျွန်း ဒမ္ဗုလလိုဏ်ဂူမှ တနေ့လျှင် တသိန်းကျော်တန်းဝင်သောနေရာက မြေများယူ၍ ဦးကုဏ္ဍလ စိုက်ပျိုးထားသော မဟာဗောဓိပင် အင်ကြင်းပင် များအောက်က နံ့သာငါးပါးရေနှင့်ဖျော်၍ ၎င်း အောင်မြေခံလျက် စိုက်ပျိုးထားပါသည်။ ကမ္ဘာ့မြေကုန်ဆုံးအောင်တည်ရစ်မည်။ အဝိဇှိတ အောင်ခံမြေပင်ဖြစ်သည်။ မွေ့ပဒ အဋ္ဌကထာ သုတ်ပါထေယျ အဋ္ဌကထာတို့၌ သာဝတ္ထိပြည် တောင်မျက်နှာ အရပ်၌ အနာထပိဏ်သူဌေး ငါဆယ့်ခုနစ်ကုဋေငွေဖြင့် ဇေတဝန်ကျောင်းဆောက်၏။ ဝိသာခါ ဒါယိကာမသည် သာဝတ္ထိမြို့၏ အရှေ့အရပ်၌ ကိုးကုဋေငွေအကုန်ခံ၍ ပုဗ္ဗာရုံကျောင်းတော် ဆောက်ကြောင်းကို ကျမ်းဂန် အသီးသီးတို့၌ ဆိုသည်။ ဦးကုဏ္ဍလတို့ရောက်ခဲ့စဉ်က ဗာလမ်ဘူခေါ်သော ကုလားစော်ဘွားနေသောမြို့ဖြစ်သည်။

သာဝတ္ထိပြည်ကို မြင်းလှည်း ၉-ကျပ်ပေးပြီး သွားကြရာ၊ ဇေတဝန်ကျောင်းတော်နှင့် (၁)မိုင်ခန့်တွင် ဒေဝဒတ်မြေမျိုသောနေရာကိုတွေ့ရ၏၊၎င်းနေရာသည် ကားလမ်းနှင့် ခြေလှမ်း ၁၀-လှမ်းမျှရှိသည်။ ရေကန်ကြီးကဲ့သို့ အနားမှာ ယခုရှိသည်။ ဘေးပတ်ဝန်းကျင်မှာ ကုလားလယ်သမား လယ်ထွန်နေတာကို တွေ့ခဲ့ရ၏။ ရှေ့သို့ဆက်သွားခဲ့ရာ။ ယောမုနိန္ဒော၊အကြင်မြတ်စွာဘုရားသည်၊ ကင္ခံ၊ သစ်သားကို၊ ဂမ္ဘီနီယံ၊ ကိုယ်ဝန်ဆောင်သော၊ ဥဒရံကွဲ၀၊ ဝမ်းကဲ့သို့။ ကတွာန၊ ပြုလတ်၍။ ဇနကာယ

မခဗျာ၊ တရားနာပရိသတ်ဖြစ်သော လူ့ရဟန်း အပေါင်းတို့၏ အလယ်၌၊ စိဥ္စာယ၊ စိဥ္စမာနဝိက အမည်ရှိသော မိန်းမညစ်၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသောစကားကြောင့် ဟူသော သူတို့စွပ်စွဲသောစကားကို သူတို့ရဲ့သွားရာလမ်း အဝီစိသို့ လူကိုယ်တိုင် မခံသခင်ကပင် မဟာပထဝီမြေကြီးက သင့်ကို ငါ သည် ကြာရှည်စွာ ထမ်းမထားနိုင်ဘူး၊ မိစ္ဆာလူမျိုးအယူဆိုးတို့၏ သွားရာလမ်းကို မိမိဖါသာသွား၊ အလိုရှိရာသွား–ဆိုဘိ အလား မြေမျို၍သွားကြရလေသည်။ ယခု စိဥ္စမာန မြေမျိုတဲ့နေရာသည် ရေတွင်းအို့ ရေတွင်းပျက်ကြီးနှင့်အလားတူသည်။ ယခုတိုင် ဤနေရာများထင်ရှားစွာကျင်းအိုင်ကြီးတွေဖြစ်၍နေပါသည်။ ဒေဝဒတ်မြေမျိုရာနှင့် တဖါလုံခန့်ဝေးမည်။ စိဥ္စမာန မြေမျိုတဲ့နေရာနှင့် ဇေတဝန်ကျောင်းတော်သည် ၂-ဖါလုံသာသာရှိမည်။ ၎င်းနေရာမှ ရှေ့သို့ဆက်သွားကြရာ၊ မြန်မာပြည်မှ ဒေါ်ထွေး ဆောက်လုပ်ထားသော သိမ်တိုက်တခု၊ ကုဋီအစုံရှိသည်ကို ပဌမ တွေ့ရသည်။ ၎င်းနေရာမှ သွားလိုက်လျှင် မြန်မာဘုန်းတော်ကြီး ဦးမဟိန္ဒကျောင်းရှိသည်။ ဤနေရာ ဘုရားဖူးများတည်းခိုရန်နှင့် ရေတွင်းအပြည့်အစုံရှိပါသည်။ မိမိသွားလိုရာကိုလည်း လိုက်ပြခြင်း၊ သိလိုရာကိစ္စများလည်း သိနိုင်ပါသည်။ ထိုနေရာမှ တဖါလုံခန့် သွားမိလျှင်၊ ဇေတဝန်ကျောင်းတော်နေရာ အုဌ်ခုံများ၊ ကျောက်များဖြင့် ဒူးဆစ် ခါးလယ် ၂-တောင်ခန့် ၃-တောင်ခန့် ပျက်စီးယိုယွင်း၍နေဒါများကို တွေ့မြင်ခဲ့ရပါသည်။ ဘုရားကျိန်းစက်သည့် ဂန္ဓကုဋီတိုက်၊ ဆွမ်းစားကျောင်းနေရာ၊ ဇေတဝန်ကျောင်းအပေါက်ဝမှာ အာနန္ဒာဗောဓိပင်၊ ရေတွင်းကြီးများ၊ ဦးကုလ္လာသ အသင့်ဆောင်ယူလာသော ကင်မလာနှင့် ဓာတ်ပုံရိုက်၍ ယူခဲ့ပါသည်။ အာနန္ဒာဗောဓိပင်ရင်းမှာ ရှေးက လူမိစ္ဆာ

များ ယဇ်နတ်ပူဇော်သော နွား-ဆိတ်များကို လယ်လှီးသတ်၍ သွေးထည့်လျက် နတ်များပူဇော်တဲ့ အုဌ်ကန်လေးဒေါင့်လေးခု ရှိပါသည်၊ အာနန္ဒာဗောဓိပင် ဘေး၌ လမ်းတခု ရှိပါသည်။ အပင်ကြီးသည် ပြုစုသည်ကင်းမဲ့၍ ပျက်စီးယိုယွင်း အိုမင်းလျက် ရှိပါသည်။ အာနန္ဒာ ဗောဓိပင် အောက်မှာ ဦး ကုဏ္ဍလ တို့ တနေ့လုံး နေခိုခဲ့ကြပါသည်၊ ၎င်းနေရာမှာ ဦးကုဏ္ဍလသည် ၎င်းအာနန္ဒာဗောဓိပင်ကြီးကို အုဌ်တံတိုင်း ဝင်းထရံများ ကာ နိုင်-ပြုစုနိုင်ပါစေသားဟု သီရိဓမ္မာသောကမင်းကြီးကဲ့သို့ သာ သနာပြုနိုင်လို၏ဟု အဓိဋ္ဌာန်ပြု၍ ဆုတောင်းခဲ့ပါသည်၊ တနေ့ သောအခါ ဦးကုဏ္ဍလ၏အကြံ အောင်ရမည်၊ ကောသလတိုင်း သာဝတ္ထိပြည်အကြောင်းနှင့်စပ်လျဉ်း၍ ဒေဝဒတ် မြေမျိုရခြင်း၊ စိဥ္စမာနမြေမျိုခံရခြင်းတို့သည် ဘာကြောင့် လူအရှင်လတ်လတ် က မြေအခွဲ အမျိုခံရသနည်း။ လူမိုက်ဗာလ လူ့ဒုဿီလတို့သည် သင်တို့သည် ငါ့အပေါ်ကြာရှည်နေခြင်းငှါမသင့် ဆန်ကုန် မြေ လေးဖြစ်၍ လူမိုက်တို့သွားရာလမ်း အဝီစိစခမ်းသို့ ခေါ်ဆောင် ခြင်းကို ပြလိုရကား-

> အရိယာနံ ဥပဝါဒကာတိ ဗုဒ္ဓပစ္စေက ဗုဒ္ဓသာဝ
> ကာနံ အရိယာနံ အန္တမသော ဂိဟိသောတာပန္နာ
> ပမ္ပိ အနတ္တကာမော ဟုတ္ဝာ အန္တိမ ဝတ္ထုနာဝါ ဂုဏာ
> ပရိဓံသနေနဝါ၊ ဥပဝါဒကာ အက္ကောသကာ ဂရဟာ
> တိ ဝုတ္တံ ဟောတိ။

အရိယာနံ ဥပဝါဒကာတိဣတ္ထ၊ အရိယာတို့ကို စွပ်စွဲကုန်၏ ဟူသောဤစကား၌၊ ဗုဒ္ဓပစ္စေကဗုဒ္ဓသာဝကာနံ၊ဘုရား ပစ္စေက ဗုဒ္ဓသာဝကဖြစ်ကုန်သော၊ အရိယာနံ၊ အရိယာတို့ကို၊ ဥပဝါ ဒကာ၊ စွပ်စွဲကုန်၏၊ အန္တမသော၊ အယုတ်အားဖြင့်၊ ဂိဟိ

သောတာပန္နမ္ပိ၊ သောတာပန်ဖြစ်သောသူတို့ကိုလည်း။ အတ္တကာမာ၊ အကျိုးမဲ့ကဲ့ရဲ့ခြင်းကိုအလိုရှိကုန်သည်။ ဟုတွာ၊ဖြစ်ကုန်၍။ အန္တိမဝတ္ထုနာ ဝါ၊ ပါရာဇိကဝတ္ထုဖြင့်ငှင်း။ ဂုဏပရိဓံသနေန ဝါ၊ ဂုဏ်ကိုချေဖျက်သဖြင့်ငှင်း။ ဥပဝါဒကာ၊ စွပ်စွဲတတ်ကုန်၏။ အက္ကောသကာ၊ ဆဲရေးတတ်ကုန်၏။ ဂရဟာ၊ ကဲ့ရဲ့တတ်ကုန်၏။ ဣတိ၊ဤသို့။ ဝုတ္တံ-ဝုတ္တော၊ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ အန္တိမ၊ဝတ္ထုဖြင့်စွပ်စွဲခြင်း၊ ဂုဏ်ကိုပျက်စေ၍စွပ်စွဲခြင်း ပြုလိုရကား။ တတ္ထ၊ ထိုနှစ်မျိုးတို့တွင်၊ ဣမေသံ၊ ဤပုဂ္ဂိုလ်တို့အား။ သမဏာမေ့မှာ၊ ရဟန်းတရားသည်။ နတ္ထိ၊ မရှိပြီ။ ဧတေ၊ ထိုပုဂ္ဂိုလ်တို့သည်။ အသမဏာ၊ရဟန်းမဟုတ်ကုန်။ ဣတိ၊ဤသို့။ ဝဒန္တော၊ ဆိုကုန်လျက်။ အန္တိမဝတ္ထုနာ၊ ပါရာဇိကဝတ္ထုဖြင့်။ ဥပဝဒတိ၊ စွပ်စွဲပြောဆို၏။ ထိုသို့ စွပ်စွဲ၍ ပြောဆိုသောသူအား ရဟန်းသံဃာ-အရိယာတို့ကိုစွပ်စွဲသော ကံထိုက်သည်။ နတ်ပြည်သို့သွားခြင်း, ရောက်ခြင်းငှါငှင်း တားမြစ်၏။ မဂ်ဖိုလ်သို့ ရခြင်း, သွားခြင်းငှါ တားမြစ်ပိတ်ပင်ခြင်း ဆီးတားတတ်၏။ ဝန်လေးသော အမှုကြီးကို ပြုသောသူဟူ၍ အဋ္ဌကထာဆရာတို့ ဆိုကုန်သည်။

ဝတ္ထုသက်သေမှာ။ သီဟိုဠ်ကျွန်းတွင် တခုသော ဇနပုဒ်၌ ရဟန္တာဖြစ်သော မထေရ်ကြီးနှင့် သောတာပန် ရဟန်းငယ်တပါး ဆွမ်းခံကြွသွားကြရာ၊ရှေးဦးစွာသောအိမ် မှတယောက်ချိုးမျှသော ပူသောနွားနို့ကိုရလျှင်၊ရဟန္တာအရှင်မြတ်သည် လေနာထသဖြင့် သက်သာခွင့်ရစေခြင်းငှါ တခုသောသစ်တုံးပေါ်၌ ထိုင်၍ သပိတ်စောင်းခါသောက်လျှင် နောက်ပါ ရဟန်းငယ်က ဤရဟန်းကြီးသည်အလွန်ဆာမွတ်တတ်သည်၊ငါတို့၏ရှက်ဘွယ်ကိုပြုဘိသည်ဟု စကားရွတ်ဆို ရှာလေ၏။ မထေရ်ကြီးသည်

ဆွမ်းခံ၍ ကျောင်းသို့ ပြန်ရောက်သည့် အခါ မထေရ်ကြီးက နောက်ပါရဟန်းငယ်အားခေါ်၍ ငါ့ရှင် ဤသာသနာတော်၌ ထောက်တည်အားကိုးရာရှိပါသလောဟုမေးလျှင်၊ အားကိုးရာရှိပါ၏။ တပည့်တော်သည် သောတာပန်တည်ပါပြီဟုလျှောက်လေလျှင်၊မထေရ်ကြီးက ထိုသို့ဖြစ်လျှင် ငါ့ရှင်သည် ဤဘဝမှာ အထက်မဂ်ဖိုလ်ကို ရရန်ခဲယဉ်းပြီ၊ မရနိုင်တဲ့ အလုပ် ဖြစ်သော သင်သည် ရဟန္တာကိုစွပ်စွဲသော ကံထိုက်လေပြီဟုဆိုလျှင်၊ ထို ရဟန်းငယ်သည် ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့လျက် ဝန်ချတောင်းပန်လေသည်။တပည့်တော်မိုက်မှားမိသမျှ တပည့်တော်တွေးမိသမျှ တပည့်တော်စွပ်စွဲပြောဆိုမိသမျှ လွန်သမျှကိုဝန်ချ၍ ကျေပါဆို၍ ရှိခိုးလျက် ဝန်ချ တောင်းပန်ရလေသည်။ ဤသို့ ပုဂ္ဂိုလ်ထင်ရှားမရှိလျှင် သူ၏နေရာ၊ သင်္ဂြိုဟ်ရာ၊ ညောင်စောင်း ကုတင်များကိုပင် ရှိခိုးရမည်ဟု ကျမ်းဂန်၌ဆို၏။

မြတ်စွာဘုရား ဝေသာလီပြည်၌ သီတင်းသုံး နေတော်မူစဉ်၊ မေတ္တိယျဘူမဇတ ရဟန်းတို့သည် မလ္လာမင်းသား ရဟန္တာ-အရှင်ဒဗ္ဗကို မလို မုန်းထား ဝန်တို ရန်ငြိုး ပြု၍ ဝဇ္ဇီလိစ္ဆဝီ မင်းနှင့် ပေါင်း၍ အရှင်ဒဗ္ဗ၏ ပျက်စီးခြင်းကို လိုလားသဖြင့် မယားနှင့်စွပ်စွဲစေကာ ဘုရားထံလာ၍ လိစ္ဆဝီမင်းက လျှောက် လေသည်၊ အားကိုးရာမှ ဘေးကြီးတွေ့ရပြီဆို၍ အရှင်ဒဗ္ဗသည် ကျွန်ုပ်မယားကို ဖျက်ဆီးပါ၏ အရှင်ဘုရား၊ဤအမှုသည် တရား မှန်ကန်စွာ စီရင်တော်မူပါဟု လျှောက်၏၊ ရဟန်း သံဃာများ စည်းဝေးစေ၍ ရှင်ဒဗ္ဗကိုဟုတ်-မဟုတ်မေးတော်မူသောကာလ-

ယတော အယံ ဘန္တေ ဇာတော နာတိ ဇာနာမိ၊ သုပိနန္တေနပိ၊မေထုနံ ဓမ္မံ ပဋိသေဝိတာ၊ပဂေ့ဝဇာဂရော။ ဟု လျှောက်လေ၏။

အရှင်ဘုရား၊ အကျွန်ုပ်သည် အကြင် မွေးဘွားသည်ကစ၍ ယခုအခါ ကျအောင် အိပ်မက်ဖြင့်လည်း မေထုံမှီဝဲရသည်ဟု မက်ဘူးသည်ကို မမှတ်မိ၊ သတိ မရပါ။ နိုးကြား၍ နေသော အခါမှာ လျှောက်ထားဘွယ်ရာ မရှိပါဟု လျှောက်ထားသော အခါ၊ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍ ရဟန်းတို့ လိစ္ဆဝီအား သံဃာသည် သပိတ်မှောက်ကံ ပြုလော။ မပေါင်း ဖေါ်နှင့်မိန့်တော်မူပြီး—

အဋ္ဌဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတဿ၊ ဥပါသကဿ၊ ပတ္တော နိ ကုဇ္ဇိတဗ္ဗော၊ ဘိက္ခူနံ-အလာဘာယ-ပရိသက္ကတိ၊(လ)သံဃဿ၊ အဝဏ္ဏံ ဘာသတိ၊ အနဇ္ဈာနာမိ၊ ဘိက္ခဝေ၊ ဣမေဟိ—အဋ္ဌဟင်္ဂေဟိ- သမန္နာဂတဿ ဥပါသကဿ ပတ္တံ နိကုဇ္ဇိတုံ။ ၊ဟူ၍ ရှဋ္ဌဝါ့ ပါဠိတော်၌ မိန့်အပ်သည်။

အနက် ရှည်မည်စိုး၍ မဆည့်ပြီ။ အဓိပ္ပါယ်မှာ၊ ရှစ်ပါး သောအင်္ဂါရှိလျှင် သပိတ်မှောက်ထိုက်၏၊ ရဟန်း သံဃာတို့အား လာဘ်မရအောင်လုပ်ခြင်း၊ သူတပါးလှူတာလည်း မကြိုက်၊ သူ တပါးလှူမည်ကိုလည်း သွယ်ဝိုက်၍ရင်း၊ ဝတ္ထုသက်သေပြ၍ရင်း ပြောဆိုသောသူ၊ ရဟန်းသံဃာတို့အား အကြည်ညိုပျက်,စေတနာမရှိ, မလှူချင်အောင်,အကျိုးယုတ်အောင်, အရှက်ကွဲအောင် ပြောဆိုသောသူ၊ ရဟန်း သံဃာတို့အား ဤကျောင်းမှာ မနေနိုင်-မထိုင်နိုင်စေခြင်းငှါ ထွက်ပြေးသွားစေခြင်းအကျိုးငှါ ပြောလေ့ရှိသူ။ ရဟန်းသံဃာတို့အား ဘာရဟန်း-ညာရဟန်း၊ ဘာပြုတယ်-ညာပြုတယ်နှင့် မလိုမုန်းထား ဒေါသပွား၍ ဆဲရေးသောသူ။ ရဟန်းချင်း မသင့် - မတင့်အောင် ဂုန်းတိုက် စိတ်၊

ဝမ်းကွဲအောင်ပြုလုပ်သောသူ။ ရဟန်းသံဃာတို့အား ကျေးဇူးမဲ့ ကဲ့ရဲ့ပြောဆိုစွပ်စွဲလိုသောသူ။ တရားတော်၏ ကျေးဇူးမဲ့ကိုပြော ဆိုခြင်းသည်၊ တရားက ဘာဘဲ, သည်ဝတ္ထုက ညာဘဲ, သည် စာအုပ်က ဘယ်လိုဘဲဟု မေ့သည-အဝေဖန် ပြောဟောသောသူ တို့အား ကြီးလေးသော ကံ-ကြီးလေးသော အပြစ်ရှိ၍ ကံကြီး ထိုက်မဲ့သူအား ကံငယ်ဖြင့်မငြိမ်းနိုင်ဆိုသည့်စကားအရ၊ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို နိုင်လိုခင်းထက် လူလယ်, လူ ကျယ်, လူစွာလုပ်ကြရင်၊ ယခုရနေတဲ့ဘဝကြီးသည် စုံးစုံးမြုပ်လို့ မပေါ်လာဖြစ်မည်မှတ်။ ဒေဝဒတ်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်ပေါ်ကနေ၍ သူကိုယ်တိုင် ဘုရားကိုသေကြောင်းကြံခြင်း တရပ်။ နာဠာဂိရိဆင်ကို အရက်ကိုးမောင်းတိုက်၍ ဘုရားအား နင်းသတ်စေခြင်းက တဖုံ။ သံဃာတော်များကို သင်းခွဲခဲ့ခြင်းက တမျိုး။ စိဉ္စမာနကို လက်သပ်မွေး၍ အစွပ်စွဲ ခိုင်း, အရှက်ခွဲ ခိုင်းတာက တနည်း။ အသီးသီး -အဖုံဖုံ ညစ်ပတ်မျိုး စုံလှတဲ့ သူဟော်-သူမြင့်ဘုရားကိုပင် လုပ်ကြံခဲ့သော မျိုးယုတ်ညစ်တေ လူဗလပွေအား ဤမြေကြီးက အရှင်လတ်လတ် လူဇာတ်ဖြစ်သော ရှင်ဒေဝဒတ်နှင့် စိဉ္စမာနတို့အားမြေမျိုခြင်းနေရာကို ဦးကုဏ္ဍလ တို့တွေ့ခဲ့ရသောနေရာပင်ဖြစ်ပေသတည်း။

ယခုလည်း သာသနာနောက်ပိုင်းကျလာ၍ တစ-တစပျက်စီး လာကာ ဒေဝဒတ်အမျိုးအနွယ် စိဉ္စမာနတို့၏ ဆွေမျိုးများသည် ဘုန်းကြီးရဟန်းသံဃာတော်များကိုပင် မရိုမသေ- မလေးစား- မခံ့ညားဘဲ ထင်ရာလုပ် ထင်ရာပြော၊ ငါသဘော ငါ့ဘာလဲ၍ ဘယ်သူမှမကောင်းဘူးဆိုတဲ့ ဂိုဏ်းများ လုပ်နေလို့ရှိကြကုန်သော လူမိုက်ဗာလ လူအန္ဓ တလမ်းသွား၊ တခါရောက်က တခေါက် မပြန်တဲ့ လူ များလေသည်။ တရားတော်နှင့် ကြည့်လိုက်လျှင်

ဧည့်ခြံ-သနားစရာပါဘကားလို့ခေါ်၏။ ကျောက်စာဝန် (ကနိန်ဂဟမ်)၊ တရုပ်ဘုန်းကြီး(ဖါဟီယန်)၊ ဟိန္ဒီ စာတမ်းများအလိုက ယခု ဗာလမ်ပူမြို့ခေါ် သာဝတ္ထိပြည်မှာ ခရစ်ယန်သက္ကရာဇ်-(၃၀၀)အတွင်းတွင် ပျက်စီးခဲ့၍ အိမ်ခြေ(၂၀၀) လောက်သာကြွင်းကျန်ခဲ့၍ (၆၃၂) ခုနှစ်မှာ အလုံးစုံ ပျက်စီး လေသည်။ သာဝတ္ထိပြည်၌ ပသေနဒီကောသလမင်းကြီး၏နန်းတော်အတွင်းအပြင် မြို့နေရာရှိသေးသည်။ မြို့ရိုး-မြို့တံခါး များ ရှိသေးသည်။ ၎င်းမြို့၏အရှေ့ဘက်မှာ အစိရဝတီမြစ်ရှိသည်၊ ကျောင်းအမကြီးဝိသာခါဆောက်လုပ်သော ပုဗ္ဗာရုံကျောင်းတော်သည် အစိရဝတီမြစ်ရေစားလို့ ကမ်းပြိုရာသို့ ပါကုန်ပြီ။ ၎င်းမြစ်ကို ယခုအခေါ် (ရာမတီ)ဟုခေါ်ဆိုကြ၏။ ဇေတဝန်ကျောင်းတော်ကိုကျောက်စာ ဘက်က တူးဖေါ် ကြသောအခါ အနာထပိဏ်သူဌေးဆောက်တဲ့ ဇေတဝန်ကျောင် သည် အရှေ့-အနောက်ခြေလှမ်းရေ(၄၀၀)၊ တောင်-မြောက်(၇၀၀) ရှိ၏။ ဂန္ဓကုဋီတိုက် လေးခု၊ ညောင်စောင်းနေရာကခု၊ ညောင်စောင်းရေသည်အလျား ၂၇-တောင်၊ အနံ ၇-တောင် ရှိသည်၊ ဂဌမ ဝါဆိုလဆုတ် ၃-ရက်နေ့ ဦးကုလ္လာလ တွေ့မြင်ခဲ့ရသောနေရာများကိုဘုရားဟောကျမ်းဂန်အရ ကျောက်စာဝန်၊ ဖါဟီယာန်မှတ်တမ်းအရ ဦးကုလ္လာလတို့တွေ့မြင်ဖူးခဲ့ရသော ကောသလတိုင်း သာဂတ္ထိပြည်၊ယခု သူတို့အခေါ်(ဗာလမ်ဘူမြို့၏အကြောင်း ပြီး၏ )

ဦးကုလ္လာလသည် အိန္ဒိယပြည် မဇ္ဈိမဒေသ ဘုရားဖူးရာ ဗုဒ္ဓဂယာ၌ ဘုရားတိုင်းမစွန့်အပ်သော အပိဇဟိတနေရာမှန်-နေရာမြတ်တခု၊ ဗာရာဏသီပြည် ဣသိပတန၊ မိဂဒါဝုန်တော၊ ဓမ္မစကြာတရား မြွက်တော်မူရာ ဌာနသည် ဘုရားတိုင်း မစွန့်အပ်သောကြောင့် အဝိဇဟိတအောင်မြေဘူမိ မင်္ဂလာနေရာမြတ်ကြီး

တခုပေတည်း။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဘုရား ကျိန်းစက်တော်မူရာ ဂန္ဓကုဋီ ဌာနကြီးသည် ဘုရားတိုင်းတို့၏ မစွန့်မလွှတ်အပ်သော အဝိဇဟိတမြေ အထွဋ်အမြတ်ကြီး တခု ပင်တည်း။ ယခု သိသင့်-သိဘိုက်-ဘိအပ်သော အဝိဇဟိတ လေး မျိုး-လေးစား-လေးပါး အဝင် ဖြစ်သော သက်ဿနဂိရုပြည် ဘုရား ခြေတော်ရာ ချရာ အရပ် ဖြစ်ခြင်း ကြောင့် ထည့်သွင်း ရေးသားအပ်လိုက်ပါသည်။ ငါတို့ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေစဉ် တိတ္ထိတို့ကို နှိမ်နင်း ခြင်းငှါ ကဏ္ဍမ္ဗအမည်ရှိသောသရက်ဖြူပင်ရင်း၌ ရေ မီး အစုံ ဖြင့် တန်ခိုး ဗျာဒိဟာကို ပြတော်မူ၍ အကုဋေ မကာကုန်သော သတ္တဝါ တို့အား ဓမ္မာဘိသမယကို ရစေတော်မူပြီးမှ ရှေး နောင်တော် ဘုရားရှင်တို့၏ ဓမ္မတာနိယာမအတိုင်း မယ်တော်ဖြစ် ဘူးသော သန္တုသိတနတ်သားကို အကြောင်းပြု၍ အဘိဓမ္မာ တရားတော်ကိုဟောခြင်းငှါ တာဝတိံသာ နတ်ပြည်သို့ကြွသွား တော်မူလေ၏။

နတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ တရားဘော် ကို ဟောတော်မူလေရာ၊ တရားတော်၏ အဆုံး၌ ကုဋေရှစ်သန်း မျှ နတ်အပေါင်းတို့သည်၊ သစ္စာလေးပါး မှန်ကန်သောတရား တော်ကို ပိုင်းခြား၍မြင်ကြကုန်၏။ မယ်တော်မိနတ်သားလည်း သောတာပတ္တိဖိုလ်သို့ တည်လေ၏။ ထိုနောက် လူများကို အကြောင်းပြု၍ အရှင်မောဂ္ဂလာန်မထေရ်သည် လူ့ပြည်သို့ သက် ဆင်းပါမည့်အကြောင်းကို လာရောက် တောင်းပန် လေသည်။ ဘုရားသခင်လည်း သီတင်းကျွတ်လပြည့်နေ့ ရောက်လတ်သော် လူ့ပြည်သို့ဆင်းကြွမည့်အကြောင်း သိကြားမင်းအား မိန့်ကြား တော်မူလေ၏။ သိကြားမင်းသည် သုဒဿနနတ်မြို့ တောင်တံခါး

မှ လက်ဿနဂိုရ်ပြည် တောင်တံခါး တိုင်အောင် ပတ္တမြား ဆောင်းတန်းဘန်ဆင်းပြီးလျှင် ထိုဆောင်းတန်း၏အနီး၌ ရွှေဖြင့် ပြီးသောဆောင်းတန်းတခု၊ ငွေဖြင့်ပြီးသော ဆောင်းတန်းတခု ဘန်ဆင်းပေးလေသည်။ ဘုရားသခင်သည် လောကဝိဂရဏ တန်ခိုးတော်ကြောင့် လူအပေါင်းတို့ကို နတ်ပြည်ခြောက်ထပ် နှင့် ဗြဟ္မာပြည်တိုင်အောင် မြင်စေတော်မူ၏။

နတ်တို့လည်း ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် လူ့ ပြည်မှ အဝိစိငရဲတိုင်အောင် အကြွင်းမရှိမြင်ကြကုန်၏။ ဘုရား သခင်သည် နိလ, ပိတ, လောဟိတစသော ရောင်ခြည်တော် ခြောက်ပါးကို တပြိုင်နက်တည်း ဘဝဂ်ထိအောင် တောက်ပစေ လျက်၊ မြင့်မိုရ်တောင်ထိပ်မှသည် ပတ္တမြား ဆောင်းတန်းဖြင့် သက်ဆင်းကြွတော်မူလေ၏။ ဗြဟ္မာမင်းတို့သည် ရွှေထီး,ငွေထီး, သန္တာထီးတို့ဖြင့် မိုးကာလျက် ပရိသတ်နှင့်တကွ လက်ျာဆောင်း တန်းဖြင့် ဆင်းကြကုန်၏။ လူတို့မြင်လျှင် အထူးကြည်ညိုပူဇော် ကြကုန်၍ သုံးဆယ့်ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်တို့ တွင် တစုံတယောက်မျှမကျန် ဘုရားဆုကို တောင်းကြ ကုန်၏။ ဘုရားသခင်လည်း နတ်ဗြဟ္မာခြံရံလျက် ကြွလာတော်မူ ၍ သက်ဿနဂိုရ်ပြည် တောင်တံခါးဝ၌ ရပ်တော်မူလေလျှင်၊ ရှင်သာရိပုတ္တရာသည် ဘုရားဂုဏ်တော်ကိုချီးကျူးပြော၍ ပူဇော် ပသ ကန်တော့ကြကြလေသည်။

ယေ ဈာနပ္ပသုတာ ဓိရာ၊ နိက္ခမ္မူပသမေ ရတာ၊
ဒေဝါပိ တေပိ ဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတိမတံ။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ ယေဓိရာ၊ အကြင်ဘုရား အစရှိကုန်သော သူတော်ကောင်းတို့သည်။ ဈာနပ္ပသုတာ၊ အာ ရမ္မဏူပနိဇ္ဈာနဈာန် လက္ခဏူပနိဇ္ဈာနဈာန် ငါးတန်သော ဝသီ

တော်တို့ဖြင့် ပျော်ရွှင် လေ့လာခြင်း ရှိကုန်၏။ နိက္ခမှုပသမေး ကိလေသာတို့၏ငြိမ်းရာ နိဗ္ဗာန်ချမ်းသာ၌။ ရတာ၊ မွေ့လျော် ကုန်၏။ တေသံ၊ ယိုဗျာန်သမာပတ်ကျေးဇူးဂုဏ်နှင့် ပြည့်စုံကုန် သော။ သတိမတံ၊ သတိတရားရှိကုန်သော။ ဗုဒ္ဓါနံ၊ ဘုရား သခင်တို့အား။ ဒေဝါပိ၊ နတ်ဗြဟ္မာတို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏၊ ဟူသော ထိုဂါထာတော်ကို ဟောတော်မူ၏။ ဂါထာ၏အဆုံး၌ လူ,နတ်,ဗြဟ္မာ,သတ္တဝါ တကုဋေတို့သည် ကျွတ်တန်းဝင်ကြကုန်သည်။ ဤကား ဘုရားတကာတို့ မစွန့်အပ် သော အဝိဇဟိတ ဌာနကြီးတချပ်ဖြစ်သည်။ (သက်ဿနဂိုရ်ပြည် အကြောင်းပြီး၏။)

ဦးကုလ္လာလတို့သည် ပဌမဝါဆိုလဆုတ် ၄-ရက်နေ့ သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းမှ ထွက်ခွါလာခဲ့ရာ၊ ဗာလမ်ဘူ ဘူတာ ရုံမှ ည ၉-နာရီ မီးရထားနှင့် လာကြရာ၊ ၁၁-နာရီအချိန်မှာ ဝန်တာဘူတာရုံကို ခေတ္တဆင်း၍ လက္ခနောင်းသွားသော မီးရ ထားစီးရသည်။ လခနမြို့ခေါ် လက္ခနောင်းမြို့သို့ နံနက် ၇-နာရီခွဲ အချိန် ရောက်၏။ လူတယောက်လျှင် ရထားခ သာဝတ္ထိမှ လက္ခနောင်းသို့ ၇-ကျပ် ၉-ပဲပေးရ၏။ ဦးကုလ္လာလတို့သည် လက္ခ နောင်းဘူတာရုံမှာဆင်း၍ ဝန်စည်စလယ်များပါ မြို့တွင်းလှည့် လည် ကြည့်ရှုရန် မီးရထားဘူတာရုံမှတဆင့် မြင်းရထားငှါး၍ တိရစ္ဆာန်ရုံ၊မှုဆလင်နန်းတော်၊မြူနီစရန်၊အောအင်ဒီးယား ရေဒီ ယိုပြတိုက်ကြီးများနှင့် မြို့ကြီးကိုလှည့်ပတ်ပြီး ကြည့်ရှုကြပါသည်။ လခနမြို့ခေါ် ယခုအခေါ် လက္ခနောင်း မြို့အကြောင်းမှာ၊ သက္ကရာဇ် ၁၇၇၄-ခုနှစ်မှာ အာဖဆာခုဒေါက်လာ အမည်ရှိ သော ပသီရှင်ဘုရင်အုပ်ချုပ်သောအခါ၊ အဝဓပြည်၌ တော်မွတ် ခေါင်းပါးခြင်းဘေးကြီး ဆိုက်ရောက်လေသည်။ ထိုအခါဝယ်

ဂုဏ်းမင်းသည် ဆင်းရဲသားတို့ အတွက် ကြီးကျယ် စွာသော အဆောက်အဦကြီးတခု ပြုလုပ်လေ၏။ ထိုအဆောက်အဦကြီးကို အမှီပြု၍ အသိန်းမကကုန်သော ဆင်းရဲသား အလုပ်သမားတို့ သည် အသက်မွေးကြကုန်၏။ ထိုအဆောက်အဦကြီးမှာ တနှစ် တခါ မီးထွန်းပွဲကြီးပြုလုပ်ကြလေ၏။ အိန္ဒိယပြည်သည် လက္ခ နောင်းဟူသောအမည်ဖြင့် ထင်ရှားသော မြို့ကြီး တခုဖြစ်သည်၊ ဘယ်နေရာကမဆို သွားလာနိုင်သည်၊ ကုလားခေါ် လခနဦး မြို့။ ယခုခေါ် (လက္ခနောင်းမြို့အကြောင်းပြီး၏။)

---

ဦးကုဏ္ဍာတို့သည် ဝါဆိုလဆုတ် ၄-ရက်နေ့ နေ့ခင်း ၁-ချက် တီးအချိန်မှ ပန်ဂျပ်မေခေါ် မီးရထားကို လူတယောက်လျှင် လက္ခနောင်းမှ ကလကတ္တားသို့ ၂-ကျပ် ဂ-ပဲနှင့် အင်ဘာကလပ် ဖြင့်စီး၍ ပြန်လာခဲ့ကြပါသည်။ ဝါဆိုလဆုတ် ၅-ရက်နေ့ နံနက် ၁၀-နာရီခွဲ အချိန် တွင် ကလကတ္တား မြို့ရှိ မြန်မာ ဘုန်းကြီး ကျောင်း၊ အီဒင်ဆေးရုံသမ်း၊ နံပါတ် ၁၀-(အေ) ကျောင်းသို့ ကျန်းမာစွာနှင့် ဘုရားပွင့်ရာ ဘုရားနေရာဌာနများသို့ ၁၀-ရက် ကြာမျှ လှည့်လည်ဘုရားဖူးခဲ့ရပါသတည်း။ အတူးမှာ၊ အိန္ဒိယ ပြည် ဘုရားပွင့်ရာ မဇ္ဈိမဒေသ ဘုရားဖူးရန် ခုနစ်ဌာနရှိသည်၊ ဗုဒ္ဓဂယာ(မဟာဗောဓိ)ရာဇဂြိုဟ်ပြည်၊ မိဂဒါဝုန်တော၊ ကုသိနာ ရုံ သာဝတ္ထိပြည်၊ လုမ္ဗိနီအင်ကြင်းတော၊ သင်္ကဿနဂိုရ်ပြည်ဟူ ၍ ၇-ဌာနကိုသွားသင့်-သွားအပ်-သွားထိုက်လှသော မမေ့အပ် တဲ့ ဗုဒ္ဓအမွေ မင်္ဂလာနေရာကြီးများပင် ဖြစ်လေသည်၊ (လက္ခ နောင်းအကြောင်းပြီး၏။)

အနောက်နိုင်ငံ အိန္ဒိယပြည်၊ ကလကတ္တားမြို့၊ မဒရပ်မြို့၊ သီဟိုဠ်ကျွန်း မဇ္ဈိမဒေသ ဘုရားဖူးသွားလိုသူ ရှင်, လူ, ရဟန်း

သည့် သီတင်းကျွတ်,တန်ဆောင်မုန်းလမှ တပို့တွဲလအထိ သွား လာ၍ အလွန်ကောင်းပါသည်။ ရေခရီး သင်္ဘောနှင့် သွားလျှင် စရိတ်သက်သာ၍ အကုန်အကျနည်းပါသည်။ ဘုရားပွင့်တဲ့မဇ္ဈိမ ဒေသ၊ ဗုဒ္ဓဂယာ၊ သီဟိုဠ်ကျွန်း၊ မဟာဗောဓိပင်၊ စွယ်တော်များ ဖူးလိုကြပါလျှင် ယခုလမ်းစဉ်အတိုင်းသွားက လူတယောက် လျှင် ၇၅၀-မျှနှင့် ရောက်နိုင်ကြပါ၏။ ၎င်းဒေသသို့ သွားလျှင် ဆောင်ယူရန် အကောင်းဆုံးပစ္စည်းများမှာ၊ ငါးပိကို ကြော်ယူ သွား၊ ငါးခြောက်ကို ထောင်း၍ယူသွား၊ မြန်မာဆေးပြင်းလိပ်, ဆေးပေါ့လိပ်ကို ဆောင်ယူသွားပါလေ။ ယွန်းထည် မရှိပါ၊ ကွမ်းအစ်၊ ရေခွက် သီဟိုဠ်ကျွန်းက အလွန်နှစ်သက် ပါသည်။ ခရီးသွားလျှင် မီးရထားတွဲမှာ အဘိုးလည်းသက်သာ အနေ အထိုင်လည်း ကျယ်ဝန်းကောင်းမွန်လှပါသည်။ (အင်တာက လပ်)ကို လက်မှတ် ခံ၍ စီး ပါ၊ (ရာဇတ်) လုပ် လျှင် လည်း ကောင်းပါ၏။ နိုင်ငံခြားမုန့် စားဘွယ်-သောက်ဘွယ် ဝယ်ယူ လျှင် သူတို့ပစ္စည်းကို မကိုင်ရ,မထိရ၊ သတိထားပါ။ လက်ဖြင့် ထိလျှင် အကုန်လျော်ပေးရသည်။ ငွေများကိုလည်း သတိထား၊ ခါးပိုက်နှိုက်ခံရတတ်သည်။ ကား, မီးရထားပေါ် ဆေးလိပ် မသောက်ရ။ လမ်းမှာ တံတွေးမထွေးရ။ ဤဒေသဌာနများကို သွားလျှင် အိန္ဒိယပြည်အတွင်းမှာ၊ ကုလားစကား - အင်္ဂလိပ် စကားနှင့် သွားလာနိုင်သည်၊ သီဟိုဠ်ကျွန်းမှာ ပါဠိစကား၊ အင်္ဂလိပ် ဆင်ဟာလီခေါ် သီဟိုဠ်တိုင်းရင်းစကားနှင့် သွားလာ နိုင်ပါသည်။ ဤကား-သီဟိုဠ်၊ အိန္ဒိယသွားလိုသူများ အတွက် သိမှတ်ဘွယ်ရာ အဖြာဖြာတည်း။

မြန်မာပြည် ပဌမဆုံးနိုင်ငံရေး လွတ်လပ်မှုအတွက် ဘိလပ်သို့ ကိုယ်စားလည်တော်သုံးဦးမှာ ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့

ဖြစ်ကြသည်။ ၁၉၁၉-ခုနှစ်က အင်္ဂလိပ်လက်အောက် ကျွန်သဘောက်ခံနေရခြင်းကို မခံမရပ်နိုင်ဖြစ်ခါ မြန်မာပြည်လူထုကြီးတရပ်လုံး အုံကြွသွေးဆူ တက်ခါ ငွေဖြင့် ထောက်ပံ့၍ ကိုယ်စားလှယ်တော်များ ရွေးချယ် စေလွှတ်ပြီးလျှင် အင်္ဂလန်နိုင်ငံမှ ကိုယ်စားလှယ်သုံးဦး ပြန်အရောက်မှာ မြန်မာပြည်လူထုကြီးတရပ်လုံးက ဆီးကြို နှုတ်ဆက် ကြိုဆိုကြပုံကို ပညာဝန်ဦးဘိုးကြားက အိုင်ချင်းတပုဒ်ဖြင့် ရေးသား ချီးကျူးခဲ့သည်။ လိုရင်းပုဒ်မှာ (ကြိုလဲ-ကြိုရတယ်....တွေ့လဲ-တွေ့တယ်)တို့-ဘိုးအေနှင့် ဘွားအေငယ်မှ၊ ရှေ့သွားလူကြီးများကို အားပေါ်တရပြချင်စမ်းလှတယ်။ မြန်မာတွေ တိုးတက်ပုံ အလုံးစုံကို အကုန်ကြည့်လှည့်ကြပါလား။ အကျွန်ုပ်ရှက သွားတဲ့လူကြီးများလေ။ ဤနည်းအတူ သာသနာရေး-ဘာသာရေးအတွက် အလွန်မွန်မြတ်လှစွာသော အဆပေါင်းထောင်သောင်းမက သာလွန်သည့်အလုပ်ကိစ္စအတွက်သက်စွန့်ကြိုးပမ်းခါဖြင့်ကမ္ဘာ့ရာဇဝင်မှာတွင်ရစ်မည့်သီဟိုဠ်ကျွန်း ကိုလံဘိုမြို့တော်သို့ ၂၉-နိုင်ငံ ကမ္ဘာ့လူမျိုးပေါင်းစုံတို့နှင့် ကကမ္ဘာလုံး ဗုဒ္ဓဝါဒပြန့်ပွားရေး၊ တကမ္ဘာလုံး ဗုဒ္ဓဘာသာဖြစ်ခမြောက်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းသာယာရေး၊ ယခုတောက်လောင်နေတဲ့ စစ်မီး-စစ်ငွေ့များ ငြိမ်းချမ်းစေရန်တို့ကို လုပ်ငန်းစဉ်များနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာကွန်ဖရင့်ကြီး တည်ထောင်ကြဲစေရန် မြန်မာပြည်မှသံဃာ့ကိုယ်စားလှယ်တော်အဖြစ် ရွေးချယ်စေလွှတ်ခြင်းခံရသည့် ဆရာတော် ဦးရေဝတ၊ ဦးဓမ္မသာရ၊ နေရင်း-ဦးကောဝိဒ၊ ရတနာပုံ ဦးဇာဂရ၊ ဦးကုဏ္ဍလတို့ပင်ဖြစ်ကြပါသည်။

ထိုငါးပါး ကိုယ်စားလှယ်တော်များ၊ ဆရာတော်ဦးကုဏ္ဍလသည် ၁၃၁၂-ခု၊ ဝါဆိုလဆုတ် ၁၂-ရက်နေ့ အနောက်နိုင်ငံ

အိန္ဒိယပြည် ကလကတ္တားမြို့မှ နံနက် ၇-နာရီအချိန် အိုင်-အင်-အေ-လေယာဉ်ပျံနှင့် ပင်လယ် သမုဒ္ဒရာ ဖြတ်ကျော် ပျံသန်း၍ မြန်မာပြည် ရန်ကုန်မြို့တော် မင်္ဂလာဒုံလေဆိပ်သို့ ကျန်းမာ ကောင်းမွန်စွာနှင့် ရောက်ရှိလေသည်၊

ရန်ကုန်မြို့တော် ဂိုဏ်းပေါင်းစုံ မဟာသံဃာ့အဖွဲ့ချုပ်ကြီးမှာ လုပ်ငန်းတာဝန်များပြီးစီးမှ ဒုတိယ ဝါဆိုလဆန်း ၈-ရက်နေ့ သီဟိုဠ်ကျွန်းမှ ပင့်ယူဆောင်ကြဉ်းလာခဲ့သော မဟာဗောဓိပင် သုံးပင်၊ အင်ကြင်းပင်၊ သီဟိုဠ်ကျွန်းမှာ တဆူတည်း ရှိပါသော ဓာတ်မှန်ရောင်တော်ပြန်ဘုရား။ ဗောဓိသား၊ သက်နက်သား ထို ပြင် ဘုရား ဓာတ်အဆွေအနွယ်များပါ ဆောင်ယူလာ၍ မြောင်းမြ မြို့သို့ ရွှေကျိုးဖြူလေယာဉ်ပျံနှင့် လာခဲ့လေသည်။ ဗောဓိပင်၊ အင် ကြင်းပင်၊ ဓာတ်မှန်ဘုရားများကို မြောင်းမြမြို့ ဒဠှမိတ္တ အတိ ပိယဖြစ်သော ဆရာတော် ဦးဝိသုဒ္ဓနေထိုင်သော ခါးတော်မှီ ကျောင်းတိုက်မှာ အကြည်ညိုခံဖူးမျှော်ကြပြီးလျှင် မြောင်းမြမြို့ မှ ဒုတိယဝါဆိုလဆန်း ၁၂-ရက်နေ့ ဇေယျသိဒ္ဓိအမည်ရှိသော မော်တော်ယာဉ်ဖြင့် စည်တော် အတီးအမှုတ်များနှင့် ခံ့ညား ကြီးကျယ်စွာ ကဝက်ရွာ တကာ-တကာမ ကြီးငယ်အပေါင်းတို့ က သောင်းသောင်းဖျဖျ ကြိုဆိုကြလေသည်။ ဦးကုဏ္ဍလနေရာ ကဝက်ဂါမ ကျောင်းဝိဟာရသို့ ၁၃၁၂-ခု၊ ဒုတိယ ဝါဆို လဆန်း ၁၂-ရက်နေ့ ညနေ ၃-နာရီအချိန် ပြန်လည်ရောက်ရှိ လေသည်။ ဦးကုဏ္ဍလသည် သီဟိုဠ် အိန္ဒိယပြည် မဇ္ဈိမဒေသသို့ လေးလမျှ လှည့်လည်ဘုရားဖူးခဲ့ခြင်း၊ ဒေသန္တရ ဗဟုသုတများ ကို ဆည်းပူးလေ့လာရှာမှီး၍ မြောင်းမြမြို့ ကဝက်ရွာမှ ကဆုန် လဆန်းက ထွက်ခွါသွားခဲ့ရာ၊ ဒုတိယဝါဆိုလဆုတ် ၁၂-ရက် နေ့ ပြည်လည်ရောက်ရှိလေသည်။ (ပြီး၏။)

# ကျမ်း၏ နိဂုံး

မကွေးမြို့ အရှေ့ဘက် ၇-မိုင်အတွင်း ကန်မျှားရွာကြီးတွင် ထာဝစဉ်မှီး၊ ပျော်မွေ့ပြီးနေထိုင်ပါသော၊ ဘိုးဘွားဘီဆက်၊ ဘ,လက်ထက်က၊ သမားဟူရား တတ်ပညာကို တဘက်ကမ်း ရောက်၊ စွယ်စုံပေါက်လျက်၊ တတ်မြောက်လေပြား၊ တိကိစ္ဆာ တက ဗေဒပါရဂူ၊ အင်းမူ-ဂါထာ စုံလင်စွာဖြင့်၊ ဓာတ်ဗိန္ဒော နှင့် သဘောအနက်၊ အဓိပ္ပါယ်ခက်ကို သွက်လက်စွာသိ၊ ပညာ ရှိတဲ့ ပိတာဘခင်၊ သမား (၆)ဆက် ရှေးအထက်က၊ မပျက်စဉ် သုံး၊ မျိုးရိုးထုံး၏၊ လက်ရုံးဖြစ်သော ဆေးဓာတ်၊ နက္ခတ်ပညာ သမားတော်ပေါင်း၊ ခေါ် ဝေါ် ညှောင်း သည့်၊ ဆရာကြီး **ဦးကောင်း**ဟူ၍ငင်း။ မာတာမိခင်၊ မျိုးရိုးစဉ်ကား ဘုရားစကား မိန့်ခွန်းသွားကို မမှားကောင်းစွာ လယ်ယာထွန်တဲ့ တောင်သူ ရိုးရာ၊ မည်နာမကား၊ **ဒေါ်အုန်း**-ဟူ၍ ခေါ်တွင် လေသည်။ မာတာ·ပီတာ ထိုနှစ်ဖြာက ဘွားလာစင်စစ် လူလာဖြစ်သည်။ သက္ကရာဇ်ကောဇာ နှစ်မှာကား၊ ဒွေသတ္တာဒွိဧကနှင့်၊ နယုန်မာသ ဇုဏှပက္ခော ဒွေဝါယောဟု ကျားဟောမျှသာ နေ့သည်မှာ၊ ဘွားလာစင်စစ် လူလာဖြစ်၏။ သက္ကရာဇ် ၁၂၇၂-ခု၊ နယုန် လဆန်း ၂-ရက်၊ တနင်းလာနေ့တွင် ဘွားမြင်လေသည်။ မကွေး မြို့ဒိုဇတြိတ် ကန်မျှားရွာဇာတိ ပဝတ္တိမြောင်းမြို့နယ် ကဝက် ကျောင်း၌ သီတင်းသုံးနေထိုင်ပါသော သီဟိုဠ်ပြန် ဒေလီကိတ် အရှင်ဦးကုဏ္ဍလဆရာတော်၏ (နိမိတ်ပြ ဇာတာဖွဲ့ တေးထပ်)

မိဿဘုံဂဠုန်နတ်၊ ကြိုစမှတ်နာဂါ၊ စန်းဗုဒ္ဓဟိုင်းအခြေငယ်၊ တိုင်းမြတ်ဗွေပြိုဿ၊ ကေသရ မေထုံဝယ်၊ သရေစုံ မြူးရှင်လိုကြွ၊

ဒွါဒသင်ရာသီကန်မှာ၊ မုသိကံပျော်ပ၊ ထုတိသံလာဘနှင့်၊ ခနေ့ရာခ လင်္ဂမှီ၊ ပူးငယ်မှာသိဟ်ဒြဗ်ကယ်နှင့်၊ မိန်အရပ်ထူးမြတ်ရာသီ၊ ဘုရ္ဘာလမြတ်မထေရ်ကို၊ နဘ်ခြောက်ပြည်ချိမ့်သဲလို့၊ ထူးတကဲ အံ့အဖုံဖုံ၊ လူဇာတိလှူ၊ အာနန္ဒာထုံးပုံနယ်၊ အလုံးစုံထင်ရှားရှဲလေး။)

## နိမိတ်ပြဇာတာဖွဲ့တေးထပ်

ရာသီခွင် ဆယ့်နှစ်ထပ်၊ မိဿရပ်ဌာနေ၊ ဂဠုန်နတ် နာဂေရယ်၊ တူမသွေ ပျော်ပါး၊ စန်းဗုဒ္ဓ ဟိုင်းမကွာတယ်၊ ပြိဿမှာ ရှိရက်လေငြား၊ သစ်ဆင်လ ရာသီမှန်မှာ၊ မုသိကံပျော်ကြ၊ ထုတိသံ လာဘနှင့်၊ ခနေ့ရာခ လင်္ဂမှီ၊ ပူးသောကြာ သိန်ဒြဗ်ကယ်နှင့်၊ မိန်အရပ် ထူးမြတ်ရာသီ၊ အရှင်ကုရ္ဘာလ မြတ်မထေရ်ကို၊ ထက်နတ်ပြည် ထင်ရှားလို့၊ အံ့တပါး ဇာတာရှင် လူရိပ်ခိုဝင်၊ အာနန္ဒ ပုံသွင်လို ၊လူ့ပြေတွင် ကျော်ကြားဘိုလေး။ ၊စွယ်စုံဆင်တမျှ၊ တကယ်စုံလင်လှ၊ ဇာနည်မှန်တယ်၊ ကီ-ကုတ်နှစ်တန်-အိုပြည့်ပါပွေလေး။

---

ရှင်ဇာတာရှင် ဆရာတော် ဦးကုရ္ဘာလ၏ စွန့်စားကြိုးပမ်းဆောင်ရွက်မှုဖြင့် ပြီးစီးအောင်မြင်လာခဲ့သော အလုပ်တာဝန်ကြီးများ-

(၁) ၁၃၀၁-ခုနှစ်၊ဝါဆိုလတွင် မြောင်းမြမြို့နယ် ကဝက်ရွာတွင် ဗုဒ္ဓဝေယျာဝစ္စခေါ်-မာဃအသင်းသားပေါင်း (၄၉) ယောက်နှင့် ဘုရား,တန်ဆောင်း, ဂူ,ကျောင်း,ပြာသာဒ်, ဇရပ်, လမ်းပန်း,ရေတွင်း,ရေကန်များပါမကျန် အကိတ်နေ့တိုင်း သုတ်သင်ရှင်းလင်းစေရန် တည်ထောင်ခဲ့ကြောင်း။

(၂) ၎င်းနှစ်မှာပင် ဝါခေါင်လမှာ ကဝင်ရွာ အမျိုးသမီး ပေါင်း(၃၀)ယောက်နှင့် သီတင်းနေ့တိုင်း ဘုရားဝတ်တက်ခြင်း၊ အရဟံဂုဏ်တော် ပုတီးစိတ်ခြင်း၊ ဓမ္မစကြာသုတ်ကို ရွတ်ဘတ်၍ ဓမ္မစကြာအသင်း ဖွဲ့စည်းတည်ထောင်လာခဲ့လေသည်။

(၃) ၁၃၁၂-ခုနှစ်မှာ လောကီ-လောကုတ္တရာ ဘက် ဆိုင်ရာ ဘိုးဘိုးအောင်ကျင့်စဉ်ခေါ် မနောမယသိဒ္ဓိဝိဇ္ဇာ ဂိုဏ်းကျမ်းကို စာအုပ်ရေတထောင်ဖြင့် မြန်မာနိုင်ငံအနှံ့ ထုတ်ဝေဖြန့်ချိလာခဲ့လေသည်။

(၄) ၁၃၀၃-ခုနှစ်၊ တပေါင်းလမှာ မြစ်ဝကျွန်းပေါ် မြောင်းမြခရိုင်တခုလုံးကို တာဝန်ခံ၍ နိပ္ပန် စစ်ဗိုလ်ချုပ်ကြီးများနှင့် ရာဇဝတ်မှုငြိမ်းချမ်းရေး၊ ကရင်-ဗမာ ချစ်ကြည်ရေး တရားများကို နယ်သို့ လှည့်လည်ဟောပြောလာခဲ့ခြင်း။

(၅) ၁၃၀၅-ခုနှစ်၊ ပြာသိုလမှာ ဂိုဏ်းပေါင်းစုံ မဟာ သံဃာ့အဖွဲ့ချုပ်ကြီးမှ မြောင်းမြခရိုင် ဓမ္မကထိက ဗုဒ္ဓဝါဒဖြန့်ချိရေးတာဝန်ခံ၍ လုပ်ကိုင်လာခဲ့ပါကြောင်း။

(၆) ၁၃၀၀-ပြည့်နှစ်၊ တပေါင်းလမှာ ပခုက္ကူ(မဟာဝိသုတာရာမတိုက်)မှာစာသင်နေစဉ်၊ ယောပြည်ခေါ် ဆေးသားထိုးလင်း၊ ဂန္ဓဂေါ၊ ဆေး-လောင်းရှည်၊ လောင်းဗိုလ်ကြီး၊ ကခလးမင်းရွာ၊ ကန်မက်လက်၊ ရွာသား၊ အကြည်ဘန်း၊ အလည်ဘန်း၊ အညာ ဘန်းတို့ကို လေးလကျော်မျှ ဒေသန္တရ ပညာ ဗဟုသုတတို့ကို ရှာမှီးလာခဲ့ခြင်း။

(၇) ၁၃၁၂-ခုနှစ်၊ နယုန်လမှာ သီဟိုဠ်ကျွန်း ကမ္ဘာ့ ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးသို့ မြန်မာနိုင်ငံမဟာသံဃာ့အဖွဲ့ချုပ်ကြီး၏

ကိုယ်စားလှယ်တော် ငါးဦးရွေးချယ်စေလွှတ်သည့်အနက် မြန်မာနိုင်ငံ နယ်ကိုယ်စားလှယ်တော်အဖြစ် တက်ရောက် လာခဲ့ရခြင်း။

(၈) ၁၃၁၂-ခုနှစ်၊ တော်သလင်းလမှာ မြန်မာနိုင်ငံတော်တွင် ကမ္ဘာ့ရာဇဝင်မှာ မကြုံဘူးအောင် ထူးကဲသော နိုင်ငံတော်တရားဌာနချုပ်ကြီး ဦးချန်ထွန်း၊ စကားစော်ဘွားကြီးတို့ ဖွဲ့စည်းအပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီ၊မြန်မာနိုင်ငံအဖွဲ့ချုပ်ကြီး၏ စည်းရုံးရေးမှူး တာဝန်ခံ နယ်လှည့် အထူးဓမ္မကထိက အဖြစ် လုပ်ဆောင်လာခဲ့ရခြင်း။

(၉) ၁၃၁၂-ခုနှစ်၊ ဝါခေါင်လကစ၍ ဆိုင်ရာ စာအုပ်စာတမ်းများကို ဖွေရှာစုဆောင်းရင်း သီဘင်းနေ့တိုင်း သီဟိုဠ်တကျွန်းလုံး အိန္ဒိယပြည် မဇ္ဈိမဒေသ ဘုရားပွင့်ရာ ဌာနများ၏ အကြောင်းအတ္ထုပ္ပတ္တိများကို ဟောရင်း ရေးသားပြုပြင် စီရင်လာခဲ့ရာ၊ ပြာသိုလပြည့်ကျော် ၃-ရက် ကြာသပတေးနေ့တွင် ဤလက်ာဒီပနှင့် မဇ္ဈိမနတ်လမ်းညွှန်ကျမ်းကို ရေးသား၍ပြီးဆုံးအောင်မြင် ပါသဖြင့် ၎င်းနှစ် တန်ကူးလတွင် စာအုပ်ရေ တစ်ထောင် ရိုက်နှိပ်ထုတ်ဝေပြီးစီး လာခဲ့လေသည်။ အထူးမှာ- ဤစာအုပ်ရေးသားရာတွင် လိုအပ်တဲ့စာအုပ် စာတမ်း များကို ရှာမှီးစုဆောင်းပေးပါသော ကျုံတိုင်ကုန်းကျောင်းဆရာတော် ဦးတေဇဝန္တအား များစွာကျေးဇူးတင်ရှိပါသည်၊

(၁၀) ၁၃၁၈-ခု၊ ကဆုန်လကစ၍ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာအပါအဝင် ဆဋ္ဌသံဂါယနာတင်ပွဲကြီးမှာ ဦးကုဏ္ဍလသည် မြောင်းမြမြို့နယ် ပဋိသမ္ဘိဒါမဂ်ပါဠိဝိသောဓကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက် လုပ်ကိုင်ရလေသည်။

(၁၁) ၁၃၁၁-ခုနှစ်၊ မြောင်းမြခရိုင် ဝိနိစ္ဆယဌာန (ခရိုင်-ခုံ ဝိနည်းဓိုရ်)ဆရာတော်အဖြစ် သာသနာ့ညွှန်ကြားရေးဝန်ကြီး က လက်မှတ်ဆက်ကပ်လှူဒါန်းခဲ့လေသည်။

(၁၂) ၎င်းအပြင် မြောင်းမြမြို့ ဝိနိစ္ဆယဌာန (မြို့နယ်ဝိနည်းဓိုရ်) ဆရာတော်အဖြစ် ယခု ဆောင်ရွက်လုပ်ကိုင်လျက်ရှိ၏၊

သီဟိုဠ်ပြန်ဒေလီကိတ်-ဦးကုဏ္ဍလ၏ ကြိုးပမ်းမှု စွန့်စား လာခဲ့ရသော လုပ်ငန်းတာဝန်နှင့် ကျမ်း၏နိဂုံးပြီး၏။

**လင်္ကာဒီပ-မဏ္ဍိုင်နုတ်လမ်းညွှန်ကျမ်း**

**အားလုံးပြီး၏။**

သီဟိုဠ်ပြန်-ဒေလီကိတ်—ဦးကုဏ္ဍလ။
ကဝက်ကျောင်း။

# သက်ဒီပ-မဇ္ဈိမ နတ်သမ်းညွှန်ကျမ်း

## ဒုတိယအကြိမ် (၁၀၀၀) ထပ်ရိုက်ခြင်း

## အရေးတကြီး-သတိပြုဘွယ်

ပညာဗဟုသုတ အလွန်လိုလားတောင့်တနေကြသော ပညာရှင် လူလုကြီးများအတွက် ဒေလီကိတ်-ဦးကုဏ္ဍလ ရေးသားထုတ်ဝေအပ်သော ဓာတ်တော် အမျိုးမျိုး ဘုရားရှိခိုး ကျမ်း၊ လက်ဒီပ-မဇ္ဈိမနတ်လမ်းညွှန်ကျမ်း၊ ပဌမံဘိုးဘိုးအောင် ကျင့်စဉ်ခေါ် မနောမယသိဒ္ဓိဝိဇ္ဇာမိုရ်ကျမ်း ဤသုံးကျမ်းကို လူတိုင်း လက်ဝယ် အမြဲဆောင်ထားကြရန် မမေ့အပ်သော ဗဟုသုတ ဘင်းလေးအိုးကြီး ပညာပေးစာအုပ်များပင်ဖြစ်ပါသည်။

မြောင်းမြခရိုင်-ဝိနိစ္ဆယဌာန
ခရိုင်နံ့-ဝိနည်းမိုရ်ဆရာတော်
**ဒေလီကိတ်-ဦးကုဏ္ဍလ**
ကာဝက်ကျောင်းတိုက်။

# သီဟိုဠ်ပြန်-ဒေလီကိတ်ဦးကုဏ္ဍလ

သည်

ယောပြည်လေးရပ်-နှံ့စပ်ဖွေရှာ

လေးလတိုင်တိုင် ဆည်းပူး လေ့လာခဲ့သော

ရွှေပုံတောင်၊ ရွှေပုံညာ၊ ဆေးမဟာနှင့်

တောင်ဆင်း ဆေးနီ၊ လယ်ကမ်း ဆေးနက်၊

ဂမုံး ၁၂-ဂိုဏ်း၊ ညွှေတေ ၉-ဂိုဏ်း၊

**ပျောက်စေဂိုဏ်းတို့ကို**

ထီးလင်း၊ ဂန့်ဂေါ၊ ဆော်-လောင်းရှည်၊

ကလေး၊ ယောမြို့တို့မှ လက်တွေ့

သင်ယူ လာခဲ့သော အင်း-အိုင်-လက်ဖွဲ့-

ခလှဲ- မန္တာန်-ဂါထာပြန်-ဓာတ်ဆေး နည်းမျိုးစုံ ပညာကုန်ကို

ထုတ်-နှုတ်၍ စီစဉ် ရေးသားထားအပ်သော

# ဖေဒေါက်တီရှ ယောပညာ ကျမ်း

**ကြီးကို-များမကြာမှီ ထွက်ပေါ်တော့မည်။**

## စောင့်၍ မျှော်ပါ။

**ရင်းစာအုပ်ကို တကယ်တန်း ပညာလိုလားသူတိုင်း လက်မလွှတ်စေနှင့်။**

ကျန်းမာရေးအတွက်၊ ဆေးတခွက် မပူရတော့ပါ။
မိမိအိမ်အတွင်း သောက်လိုသော ဆေးကိုဖေါ်စပ်၍
ခဏခြင်းသောက်လိုက်ရုံမျှနှင့်
ရောဂါဟူသမျှ အမြန်ဆုံးပျောက်ကင်းသွားနိုင်ပါသော
**ဆေးနည်းပေါင်း (တထောင်) စာအုပ်ကို**
လက်ဝယ်အမြဲဆောင်ထားကြပါလေ။

**ဆဋ္ဌသံဂါယနာတင်-ပါဠိဝိသောဓကအဖွဲ့**
အကျိုးတော်ဆောင်
**သီဟိုဠ်ပြန် ဓေလိကိတ်-ဦးကုဏ္ဍလဆရာတော်**
**စီရင်-ရေးသားအပ်သော**

# နည်းပေါင်းတထောင်ဆေးကျမ်းကြီး

# ။ ။ ဓာတ် ကျမ်းကြီး

# ။ ။ အင်း ကျမ်းကြီး

# ။ ။ ဂါထာ ကျမ်းကြီး

၎င်းကျမ်းစာအုပ်များထွက်ပေါ်လာမည့်နေ့ရက်ကိုစောင့်၍ မျှော်ပါလေ။

**ဓေလိကိတ်-ဦးကုဏ္ဍလ**
ကဝက်ကျောင်းတိုက်
မြောင်းမြမြို့။

# မနော ပုဗ္ဗင်္ဂမ

## မေ တ္တာ အာ သီ သ

❀

အို-စာဘတ်သူအပေါင်း သူတော်ကောင်းတို့၊ ဦးကုဏ္ဍသသည် သင်တို့အား ဤစာအုပ်ဖြင့် ဗဟုသုဘရ၍ လိမ္မာစေခြင်းအကျိုးကိုသာ ရစေလို၏၊ အကုသိုလ်တည်းဟူသော အပြစ်ကိုကား မရစေလို။ ထို့ကြောင့် စာဘတ်သူ သင်တို့သည် ဤစာအုပ် အတွက် သင်တို့မှာ ရနိုင်သမျှသော အကျိုးထူး ဗဟုသုတများကို အရယူကြပြီးလျှင် အပြစ် ဟူသမျှတို့ကို ရှောင်ရှား ပယ် ဖျောက်၍ လွတ်မြောက်နိုင်ကြပါစေသောဝ်။

ပြန်ကြားရေးဌာန
2 3 NOV 1964
အမှတ်

ထုတ်ဝေသူ-ဦးတင်အောင်(ယာယီမှတ်ပုံတင်အမှတ်-၀၇၃၆)
တင်အောင်-စာပေဖြန့်ချီရေး၊
အမှတ်-၆၊ တကောင်းလမ်း၊ ကြည့်မြင်တိုင်။
ပုံနှိပ်သူ- ဦးကြီးမောင် (မှတ်ပုံတင်အမှတ်-၀၂၄၀)
ခေတ်-စာပုံနှိပ်လုပ်ငန်း၊
အမှတ်-၉၀၊ ကွမ်းမွဲဘန်း၊ ကြည့်မြင်တိုင်။